ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 5 April 2017 (၈၈၈၇)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ချက်သမ္မတနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ယနေ့မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ချက်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဆွေးနွေး**

အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား လက်ခံတွေ့ဆုံစဉ်။

**တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ**

စာမျက်နှာ - ၃

# မောင်တောဒေသ၌ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ လွတ်လပ်စွာသတင်းရယူခဲ့



ပြည်တွင်းပြည်ပသတင်းမီဒီယာများ မောင်တောဒေသ၌ လွတ်လပ်စွာသတင်းရယူကြစဉ်။

ဘီဘီစီ၊ ဗွီအိုအေ၊ အီးပီအေ၊ တီဗွီအဆာဟိ၊ နိပ္ပွန်တီဗွီ၊ ဖူဂျီတီဗွီ၊ ဆင်ထရယ်နယူးဗျူရို၊ ဖရန်တီးယားမြန်မာ၊ ဧရာဝတီ၊ မြဝတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာအင်တာနေရှင်တီဗွီ၊ မြန်မာ့သတင်းစဉ်၊ မြန်မာ့အလင်းနှင့် ကြေးမုံတို့မှ သတင်းမီဒီယာသမား ၁၈ ဦးသည် ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ သတင်းရယူခဲ့ကြသည်။

အဆိုပါ ပြည်တွင်းပြည်ပ မီဒီယာများ၏ သတင်းရယူနိုင်မှုအခြေအနေ၊ အောက်တိုဘာ ၉ ရက် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု ဖြစ်စဉ်ဖြစ်ပွားပြီးနောက် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် အကြံပြုချက်များပါဝင်သော တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့



# ကြေးမုံ

## "အပ္ပမာဒ"တရားပွားများအားထုတ်

ပညာရှိတို့သည် "အပ္ပမာဒ"တရားကို ချီးမွမ်းကြ၏။ "ပမာဒ"တရားကိုမူ ကဲ့ရဲ့ကြ၏ဟု မြတ်စွာဘုရားက ဟောတော်မူ၏။ "အပ္ပမာဒ"တရားဟူသည် ကောင်းမှုပြုလုပ်ရန် မမေ့မလျော့ခြင်းဖြစ်သည်။ တရားကိုယ်တွင် စေတသိက်ဟူသောစိတ်၌ သတိစေတသိက်ဖြစ်သည်နှင့်တစ်ပြိုက်နက် ကုသိုလ်ကောင်းမှုပြုရေးအတွက် အမြဲတမ်းအမှတ်ရစေသည်။ ထိုသို့အမှတ်ရစေပါမှလည်း မမေ့မလျော့ခြင်း"အပ္ပမာဒ"အစစ်ဖြစ်၏။

မေ့လျော့ခြင်းမှာ "ပမာဒ"ဖြစ်၏။ ကုသိုလ်ကောင်းမှုပြုရေး၌ မေ့လျော့လျှင် အကုသိုလ်သာဖြစ်၏။ အကျိုးပေးမှာ မကောင်းသောအကျိုးသာရ၏။ လူတို့သည် မိမိတို့အသက်ရှင်နေထိုင်ရပ်တည်ရာ၌ ကာယကံအလုပ်ကိုလည်း လုပ်ကြသည်။ ဝစီကံအလုပ်ကိုလည်း လုပ်ကြသည်။ မနောကံအလုပ်လည်း လုပ်ကြသည်။ ထိုသို့ လုပ်တိုင်းလုပ်တိုင်း ကုသိုလ်ကံဖြစ်ဖို့လိုသည်။ ကုသိုလ်ကံမဖြစ်လျှင် အကုသိုလ်ကံဖြစ်မည်မှာ ဧကန်မုချပင်တည်း။

ယခုအခါ လူတို့သည် အပ္ပမာဒတရားပွားများရန် မေ့လျော့လာကြသည်။ ပမာဒတရားသာ ပွားများကြသည်။ အထူးသဖြင့် ပမာဒလေခ မေ့လျော့ခြင်းတွင် စီးမျောနေကြသည်။ မေ့လျော့ခြင်းဖြင့် ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှုပြုကြသည်။ ထိုအခါ အကုသိုလ်များမှာ အလုံးအရင်းနှင့်ဝင်ရောက်လာကြသည်။ အကုသိုလ်၏ အကျိုးဆက်အားဖြင့် ပြုသူတွင်သာမက ပတ်ဝန်းကျင်ကိုပါ ထိခိုက်လာရသည်။

'ဘယ်သူမပြု မိမိမှု'ဟု အဆိုရှိကြရာ၌ ကိုယ်ပြုသည့်ကံအကျိုးတရားကို ၎င်းကိုယ်၌သာ ခံရသည်သာမဟုတ်၊ ၎င်းဝန်းကျင်ရှိ ဆက်နွယ်ရာလူတို့ပါ ခံကြရသည်။ ဤသည်မှာလည်း မိမိတို့လည်း ရှေးရှေးအကုသိုလ်ကံအကျိုးပေးနှင့် မကင်းသောကြောင့်ဟု သဘောပိုက်ရမည်။ မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် လောကခံတရားကို လက်ကိုင်ထား၍ ပမာဒလေမခဘဲ အပ္ပမာဒတရားကိုသာ ဆက်တိုက်ပွားကြဖို့သာဖြစ်သည်။ နောက်ဆုံးအမြတ်နိဗ္ဗာန်သို့တက်လှမ်းနိုင်အောင် အားထုတ်မှသာ ဒုက္ခဆင်းရဲအပေါင်းမှ အပြီးတိုင်ချုပ်ငြိမ်းပြီး ထာဝရငြိမ်းအေးချမ်းသာသောဘဝကို ရောက်မည်ဖြစ်သည်။

ဤလောကတွင် မကောင်းမှု၊ အကုသိုလ်၊ ဒုစရိုက်များ များများလာသည်ကိုတွေ့ရသည်။ လူတို့တရားမစောင့်သဖြင့် အကျင့်သီလများပျက်ပြားလာကြသည်။ မကောင်းမှုကာယကံအမှုတို့ကို ပြုလုပ်ရုံသာမက ဝစီကံ၊ မနောကံအမှုတို့ကို ပြုမှုကျူးလွန်လာကြသည်။ မကောင်းမှုမပြုပါဟူသောဆိုသူသည်ပင် တစ်နေ့တာအတွက် ဝစီကံ၊ မနောကံအမှု တစ်ခုခုကို ပမာဒ မေ့မေ့လျော့လျော့နှင့် ကျူးလွန်မိတတ်ကြသည်။

မကောင်းမှုအကုသိုလ်ကံအမှု၊ မကောင်းမှုဒုစရိုက်မှုတို့ နေ့စဉ်အမျှ မမြင်ချင်လျှင်မဆုံးအောင် သတင်းစာမျက်နှာများတွင် မြင်တွေ့နေရသည်။ မကောင်းမှုမပါသောသတင်းစာမျက်နှာ၊ မကောင်းမှု မပါသောနေ့ဟူ၍ပင် မရှိသလောက်ပင်။ မကောင်းမှုဖြစ်ကြရပုံများ၊ မကောင်းမှုကျူးလွန်ပုံများမှာ ကြောက်ခမန်းလိလိပင်ဖြစ်သည်။ ကျော်မကောင်းကြားမကောင်း၊ လောကတရားများကို ကျွမ်းထိုးမှောက်ခုံ ဇာတ်လမ်းစုံအောင်မြင်တွေ့ကြားသိနေရသည်။

လူကောင်းသူကောင်းများမှာ တရားသံဝေဂရနေကြသည်။ စိုးရိမ်ထိတ်လန့် ကြောက်ရွံ့နေကြသည်။ အပ္ပမာဒသတိတရားဖြင့် နေကြသည်။ 'ယောနိသော မနသိကာရ' နှလုံးသွင်းကောင်းအောင်ပင် လုပ်နိုင်အောင် ခက်ခဲလှသည်။ 'အယောနိသော မနသိကာရ' နှလုံးသွင်းမကောင်းမှုများနှင့် ကြုံတွေ့နေရသည်။ မည်သို့ပင်ဖြစ်စေ နှလုံးသွင်းကောင်းစေရန် "အပ္ပမာဒ" တရားများကို မဖြစ်မနေ အချိန်ပြည့်ပွားများအားထုတ်နေကြဖို့သာဖြစ်သည်။

လူသားများကို ကယ်တင်စောင့်ရှောက်ကြရန်အလို့ငှာ တရားဓမ္မများအား မျှဝေအသိပေးနိုင်ရန် လိုအပ်သလို အကုသိုလ်ဒုစရိုက်မှုများကို ကျူးလွန်မိအောင် တွန်းအားပေးသော၊ အားဖြည့်ပေးသော ပတ်ဝန်းကျင်နှင့် ပံ့ပိုးပစ္စည်းများကိုလည်း ယခုထက်ပိုမို ထိန်းချုပ်တားဆီးရန်လိုအပ်သည်။ တစ်ဖက်က ဓမ္မစက်ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြသလို တစ်ဖက်ကလည်း အာဏာစက်ဖြင့် ဝိုင်းဝန်းတားဆီးနိုင်ကြခြင်းဖြင့် ငြိမ်းချမ်းသာယာလှပသော လူ့ဘောင်လောကဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်သင့်သည်ဟု ရှုမြင်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



**နေပြည်တော် မေ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI အစည်းအဝေးခန်းမ၌ မေ ၂ ရက်က မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ညီနောင်အသင်းများ ဖြစ်ကြသော မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ တာဝန်ရှိသူများအားတွေ့ဆုံပြီး စိုက်ပျိုးရေးအာမခံစနစ် ထူထောင်ဆောင်ရွက်ရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် GAP ကျင့်စဉ်များအပါအဝင် စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ သီးနှံများတွင် ဓာတုဓာတ်ကြွင်းပါဝင်မှု လျှော့ချရေးနှင့် ဓာတ်ခွဲခန်းများ အရည်အသွေးမြှင့်တင်ပေးနိုင်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းမီ ဓာတ်ခွဲခန်း ထောက်ခံချက်လက်မှတ်များ အချိန်နှင့်တစ်ပြေးညီထုတ်ပေးနိုင်ရေး၊ အရည်အသွေးမြင့် သီးနှံစိုက်ပျိုးရေးဇုန်များသတ်မှတ်စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် စနစ်ကျသော လက်ကားဈေးကွက်ကြီးများ ခိုင်ခိုင်မာမာပေါ်ပေါက်လာရေးနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ၏ ကုန်သွယ်မှု ကွင်းဆက်တစ်ခုလုံး ဈေးနှုန်းထိန်းချုပ်သည့် စနစ် ဖော်ဆောင်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မကြာမီ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်ဖက်စနစ်တွင် မိမိတို့တောင်သူများ စိုက်ပျိုးထုတ်လုပ်လိုက်သည့် လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုရှိစေရေး၊ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးတို့အတွက် လိုအပ်သော စံချိန်စံညွှန်းများနှင့် ညီညွတ်စေရေး၊ စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်လွန်ကာလအထိ လိုအပ်သောနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေပေးနိုင်ရေး၊ မျိုးစေ့အရည်အသွေးနှင့် သီးနှံအရည်အသွေးပြည့်ဝရေး၊ ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေးတို့ကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ တောင်သူများနှင့် သက်ဆိုင်သူများအားလုံးက ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

သီးနှံများတွင် ဓာတုဓာတ်ကြွင်းပါဝင်မှုလျှော့ချရေးနှင့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအရည်အသွေး စိစစ်ကြပ်မတ် ထိန်းကျောင်းနိုင်ရန်တို့အတွက် ပြဋ္ဌာန်းထားသောဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် မျှတသောအကျိုးခံစားခွင့်ဖော်ဆောင်နိုင်ရေး နည်းဗျူဟာများ ချမှတ်ရေးဆွဲသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မေ ၄**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန်ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၏ နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၈ ရက် နံနက်ပိုင်းက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၁၇)ကြိမ်မြောက် နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲကို မေ ၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်များ ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစု အသီးသီးတို့တွင် လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ မေ ၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၄**

ရန်ကုန်(ရွှေဈေး) ၈၉၈၅၀၀ - ၈၉၈၅၀၀၊ မန္တလေး(ရွှေဈေး) ၈၉၈၅၀၀ - ၈၉၈၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၆၀ ကျပ်၊ | ၈၄၅/၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၅၅/၇၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၃၅/၇၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**၂၇-၃-၂၀၁၇ ရက်နေ့မှ ၃၁-၃-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၄၁ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၃၈ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၁. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၄၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၅၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၁၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၂၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၈. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၆၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၃. ၉၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## အပြန်အလှန်အမှီသဟဲပြု

ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ အပြန်အလှန်ချိတ်ဆက် အမှီသဟဲပြုနေပါတယ်။ ငြိမ်းချမ်းရေးမရရှိဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ မဖြစ်နိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေး မတည်မြဲနိုင်ပါ။ ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင်နိုင်ရေးဟာ ဒီနေ့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုအများအပြားကို ဖြေရှင်းနိုင်မယ့်နည်းလမ်းများအနက် တစ်ခုဖြစ်ပါတယ်။

**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင်ကျရောက်သည့် (၇၁)ကြိမ်မြောက်ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

## ပန်းတိုင်ကို ချီတက်

ငြိမ်းချမ်းရေးလမ်းသွားတဲ့အခါမှာ အခြားလမ်းတွေသွားသလိုပဲ ရှေ့ကိုတက်ရတာတွေလည်းရှိတယ်။ တစ်ခါတလေ ရပ်နေရတာတွေလည်း ရှိတယ်။ တစ်ခါတလေလည်း နည်းနည်းပြန်ပြီးတော့ နောက်ဆုတ်ရတာတွေလည်း ရှိတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ ပန်းတိုင်က ဘာလဲဆိုတာ ကျွန်မတို့က ရှင်းရှင်းလင်းလင်း သိပါတယ်။ ပန်းတိုင်က ဘာလဲလို့ ရှင်းရှင်းလင်းလင်းသိလို့ ကျွန်မတို့ ဆက်ပြီးတော့ ဒီပန်းတိုင်ကို ချီတက်သွားမှာ ဖြစ်ပါတယ်။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mrs.Luan Thuy Duong အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံခြားဘာသာစကားနှင့် စစ်ဘက်ဆိုင်ရာ သင်တန်းသားများစေလွှတ်ရေး၊ ချစ်ကြည်ရေးအားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာနိုင်ငံ၏ စတုတ္ထအော်ပရေတာအဖြစ် Mytel GSM Network လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာများဖလှယ်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## ပါဠိပထမပြန်စာမေးပွဲနောက်ဆုံးနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ ဖြေဆိုကြရာ(ပထမကြီး) နောက်ဆုံးနေ့ကို စာရင်းသွင်းသံဃာ၊ သီလရှင် စုစုပေါင်း ၁၃၉၀၃ ပါးအနက် ၁၁၃၃၃ ပါး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၅၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ စာရင်းလက်ခံရက် ထပ်မံတိုးမြှင့်သတ်မှတ်

**ရန်ကုန် မေ ၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပမည့် မြို့တော်ပြည်သူ့နီတိပြိုင်ပွဲကို မေ ၂၇ နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ရေးဖြေနှင့် နှုတ်ဖြေပြိုင်ပွဲ၌ ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ပြီး ပါဝင်ဖြေဆိုသူအားလုံးကို အမှတ်တရလက်ဆောင်ပေးအပ်ရန် စီစဉ်ထားရှိရာ ဖြေဆိုသူများ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာစေရေး ရည်ရွယ်၍ ယခင် ကြေညာထားသော အမည်စာရင်း နောက်ဆုံးပေးပို့ရက် မတ် ၃၁ ရက်အစား မေ ၁၁ ရက်အထိ ထပ်မံ၍ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကျင်းပရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူစုဆောင်းခြင်းလုပ်ငန်းစဉ်ဆိုင်ရာသင်တန်း ကျင်းပ

**နေပြည်တော် မေ ၄**

လူစုဆောင်းခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် International Labour Organization အဖွဲ့တို့ ပူးပေါင်း၍ မေ ၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ယခုကျင်းပဖွင့်လှစ်သည့် လူစုဆောင်းခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းကို ဥပဒေပြုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်တွင်းနှင့် ပြည်ပရွှေ့ပြောင်းသွားလာခြင်းကို ပိုမိုလုံခြုံမှုဖြစ်စေမည့် မူဘောင်များနှင့်ရွှေ့ပြောင်းအလုပ်သမားများ၊ ယင်းတို့၏ မိသားစုဝင်များနှင့် လူမှုအသိုက်အဝန်းတို့ကို ပိုမိုအကျိုးဖြစ်ထွန်းစေမည့် မူဘောင်များကို အထောက်အကူပြုစေရန်၊ ရွှေ့ပြောင်းသွားလာခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူဖြစ်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနနှင့် ILO အဖွဲ့တို့ ပူးပေါင်းပြီး ၂၀၁၆ ခုနှစ်တွင် အလုပ်သမားရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ငါးရက်တာသင်တန်းများကို ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် အသီးသီးပြုလုပ်ခဲ့ပြီး ယင်းသင်တန်းများ၏ နောက်ဆက်တွဲများအနေဖြင့် လူစုဆောင်းခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းများကို အဆိုပါဒေသများတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ၂၀၁၆ ခုနှစ်တွင် ILO နှင့် ပူးပေါင်းပြီး Complaints Briefing Paper စာအုပ်ကိုလည်း အများပြည်သူသိရှိစေရန် ထုတ်ဝေနိုင်ခဲ့ကြောင်း၊ အလုပ်သမားစုဆောင်းခြင်းလုပ်ငန်းစဉ်တွင် ရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်ပြီး လျှော့ချပေးနိုင်ရန်၊ ကြုံတွေ့ရသည့် အခက်အခဲများ၊ အမှုကိစ္စများလျော့နည်းစေရန် အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်သမားစုဆောင်းသည့် အေဂျင်စီများ၊ UN, INGO, NGO အဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွှေ့ပြောင်းသွားလာမည့် အလုပ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းဖြစ်မြောက်ရေးအတွက် Livelihoods and Food Security Trust Fund (LIFT)၏ ကူညီပံ့ပိုးမှုဖြင့် နည်းပညာဆိုင်ရာ အကူအညီပေးသော Development of Internal and International Labour Migration Governance (DIILM) Project မှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။




အဆိုပါသင်တန်းကို မေ ၃ ရက်မှ ၅ ရက်အထိ သုံးရက်တာသင်တန်းပို့ချပေးမည်ဖြစ်ပြီး အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ILO မှ Chief Technical Officer Ms. Jacqueline Pollock နှင့် တာဝန်ရှိသူများ၊ ပြည်ပအလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီမှ သင်တန်းသားများ တက်ရောက်ခဲ့သည်။

**(နိုင်လင်းကြည်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆန်းစစ်သုံးသပ်ပွဲ ချောင်းဆုံမြို့နယ်၌ ကျင်းပ

**ချောင်းဆုံ မေ ၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျေးရွာနှင့် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆန်းစစ်သုံးသပ်ပွဲကို မတ် ၃၀ ရက်က ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်မြစိမ်းရောင်အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဝင်များ၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာကိုးရွာမှ ကော်မတီဝင်များ တက်ရောက်ကြပြီး ကျေးရွာများမှ တင်ပြလာသော စီမံကိန်းနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ အခက်အခဲ စိန်ခေါ်မှုများအပေါ် မြို့နယ်မြစိမ်းရောင်ကော်မတီအဖွဲ့က အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်သိန်း(ကျေးလက်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ထိုင်းဘုရင်မင်းမြတ် လက်မှတ်ရေးထိုးမည်



**ဗန်ကောက် မေ ၄**

ထိုင်းဘုရင်မင်းမြတ် ဝိဇယလောင်ကွန်းသည် အထွေထွေရွေးကောက်ပွဲကျင်းပရေးကို ဦးတည်သည့် အရေးကြီးသော ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် စစ်ဘက်က အာဏာသိမ်းခဲ့ပြီးနောက် ဒီမိုကရေစီအုပ်စိုးမှုကို ပြန်လည်ထူထောင်နိုင်ရန် တပ်မတော်အစိုးရအဖွဲ့က အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထိုင်းဘုရင်မင်းမြတ်က မေ ၆ ရက်တွင် အခမ်းအနားဖြင့် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ မေ ၆ ရက်သည် ထိုင်းနိုင်ငံ၌ လက်ရှိအုပ်စိုးလျက်ရှိသော ချတ်ကရီမင်းဆက် ထူထောင်မှု (၂၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့အဖြစ် အများပြည်သူ အားလပ်ရက်အဖြစ် သတ်မှတ်ထားသောနေ့တစ်နေ့ဖြစ်ကြောင်း နန်းတော်သတင်းရပ်ကွက်က ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ၁၉၃၂ ခုနှစ်တွင် သက်ဦးဆံပိုင် ဘုရင်စနစ်ကို အဆုံးသတ်စေခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး ယခုတစ်ကြိမ်ထုတ်ပြန်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အကြိမ်(၂၀)မြောက် ထုတ်ပြန်သော ဥပဒေဖြစ်သည်ဆို၏။

မြို့တော်ဗန်ကောက်ရှိ အနန္တဆမ်မာကွမ်နန်းတော်ခန်းမဆောင်၌ ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့၊ ပါလီမန်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ အကြီးအကဲများ တက်ရောက်ကြမည်ဖြစ်ကြောင်း နန်းတော်သတင်းရပ်ကွက်က ပြောကြားသည်။

**ရိုက်တာ။**

## ဆီးရီးယားတွင် အဆိပ်ငွေ့ဖြင့် တိုက်ခိုက်ခံရဖွယ်ရှိမှုကြောင့် ၅၈ ဦးသေဆုံး

**ဒမတ်စကတ် မေ ၄**

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်များမှုကြောင့် အနည်းဆုံး ၅၈ ဦး သေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ယင်းတိုက်ခိုက်မှုအတွင်း ဓာတုအဆိပ်ဓာတ်ငွေ့များ အသုံးပြုခဲ့ဖွယ်ရှိသည်ဟု သံသယရှိနေသည်။

အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသည့် သူပုန်များထိန်းချုပ်ထားသော အိုက်ဒလစ်ဘ်ပြည်နယ်၌ မေ ၄ ရက် နံနက်ပိုင်းတွင် ဗုံးကြဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က သေဆုံးသူများတွင် ကလေးငယ်များပါဝင်နေသည်ဟု အင်န်အိတ်ချ်ကေ သတင်းဌာနသို့ ပြောကြားသည်။ ဒေသခံအချို့ကလည်း ၎င်းတို့အနေဖြင့် အသက်ရှူကျပ်ခြင်းနှင့် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရသည့် ရောဂါလက္ခဏာဖြစ်ပွားကြသည်ဟု ပြောကြားသည်။

ဆီးရီးယားပြည်တွင်းစစ်ပွဲတွင် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ဦးဆောင်သော အစိုးရတပ်များက အသာစီးရသည့်အနေအထားရှိသော်လည်း အိုက်ဒလစ်ဘ်ပြည်နယ်တွင်မူ သူပုန်အုပ်စုများက နယ်မြေအတော်များများကို ထိန်းချုပ်ထားနိုင်သည်။ ရုရှားတပ်များနှင့်အတူ ဆီးရီးယားအစိုးရတပ်များသည် ယင်းဒေသကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က အဆိုပါလေကြောင်းတိုက်ခိုက်မှုများကို ဆီးရီးယားအစိုးရတပ်များက တိုက်ခိုက်ခြင်းဖြစ်ဖွယ်ရှိသည်ဟု ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**

## အကြမ်းဖက်မှုပူးပေါင်းတိုက်ဖျက်ရန် ထရန့်နှင့် စီစီ သဘောတူ

**ဝါရှင်တန် မေ ၄**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် အီဂျစ်သမ္မတ အက်ဒယ်လ် ဖာတာ အယ်လ်စီစီတို့က အစ္စလာမ္မစ်အကြမ်းဖက်စစ်သွေးကြွများကို ပူးပေါင်းတိုက်ခိုက်သွားရန် သဘောတူညီခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် မေ ၃ ရက်က အိမ်ဖြူတော်တွင် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထရန့်က စီစီသည် ခက်ခဲသော အခြေအနေမှ အကောင်းဆုံး စွမ်းဆောင်နိုင်သူ တစ်ဦးဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းလုပ်ဆောင်ရန် အီဂျစ်ခေါင်းဆောင်များကို ထောက်ပံ့မှုများပေးရန်လည်း ကမ်းလှမ်းခဲ့သည်။

ယခု တွေ့ဆုံဆွေးနွေးမှုသည် ယခင်သမ္မတ ဘာရက်အိုဘားမား၏ အီဂျစ်သမ္မတ အယ်လ်စီစီအပေါ် ထားရှိသည့် ခံယူချက်သဘောထားနှင့် အတော်ကွဲလွဲမှုရှိနေသည်။ အိုဘားမားက အယ်လ်စီစီသည် ၂၀၁၃ ခုနှစ်တွင် စစ်အာဏာသိမ်းမှုဖြင့် အာဏာရယူခဲ့သူဖြစ်သည်ဟု သဘောထားသည်။ ထို့ကြောင့် အိုဘားမားအစိုးရက အီဂျစ်နိုင်ငံကို စစ်ရေးထောက်ပံ့မှုပေးရန် အေးတိအေးစက် ဖြစ်နေခဲ့သည်။



ထရန့်နှင့် အယ်လ်စီစီတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေးကို ပြန်လည်မြှင့်တင်သွားနိုင်မည် ဖြစ်ကြောင်း အမေရိကန်အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထရန့်သည် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံရန် စီစဉ်ထားသကဲ့သို့ ပါလက်စတိုင်းသမ္မတ မာမွတ်အဘက်စ်နှင့်လည်း မကြာမီတွေ့ဆုံရန် စီစဉ်ထားသည်။ ထရန့်သည် အချိန်ကြာနေသည့် အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကြားဝင်ညှိနှိုင်းပေးရန် ကြိုးပမ်းသည့်အနေဖြင့် အာရပ်နိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

## စိန့်ပီတာစဘတ်မြို့ မြေအောက်ရထားပေါက်ကွဲမှု၌ သံသယရှိသူမှာ အာရှအလယ်ပိုင်းဒေသ၌ မွေးဖွားသူဖြစ်ဖွယ်ရှိဟုဆို

**ဘစ္စဘက်ရှ်၊ စိန့်ပီတာစဘတ် မေ ၄**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ မြေအောက်ရထားတစ်စင်းပေါ်တွင် ဧပြီ ၃ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးသေဆုံးပြီး ၄၅ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ကာဂျစ္စတန်နိုင်ငံတွင် မွေးဖွားသည့် ရုရှားနိုင်ငံသားတစ်ဦးက ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း အာရှအလယ်ပိုင်းဒေသမှ မွတ်စလင်အများစုနေထိုင်သော ကာဂျစ္စတန်နိုင်ငံမှ တာဝန်ရှိသူများက မေ ၄ ရက်တွင် ပြောကြားသည်။


အသေခံဗုံးဖောက်ခွဲသူ တစ်ဦးက ဘာသာရေးအစွန်းရောက်သမားများနှင့်ပူးပေါင်းကာ ဗုံးဖောက်ခွဲမှု ကျူးလွန်ခဲ့သည်ဟု သံသယရှိကြောင်း ရုရှားတရားဥပဒေစိုးမိုးရေးဆိုင်ရာ သတင်းရပ်ကွက်မှ ပြောကြားချက်ကို ကိုးကား၍ ရုရှားအင်တာဖက်စ် သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။



ကာဂျစ္စတန်နိုင်ငံ လုံခြုံရေးအဖွဲ့ (ဂျီကေအန်ဘီ)က ဗုံးဖောက်ခွဲသူဟု သံသယရှိရသူမှာ အက်ဘာဇွန် ဂျာလီလော့ဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် အော့ရှ်မြို့၌ မွေးဖွားသူဖြစ်ကြောင်း အတည်ပြု ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်း မရှိပေ။

အကယ်၍ အဆိုပါဗုံးဖောက်ခွဲသူသည် အစွန်းရောက်အဖွဲ့အစည်းများနှင့် ဆက်နွှယ်မှုရှိသည်ဟု အတည်ပြုနိုင်မည်ဆိုပါက ဆီးရီးယားပြည်တွင်းစစ်တွင် ရုရှားပါဝင်ပတ်သက်မှုကို တုံ့ပြန်သည့်အနေဖြင့် အရပ်သားပစ်မှတ်များအပေါ် တိုက်ခိုက်မှုများ ပြုလုပ်ရန် အစွန်းရောက်များက ကြံစည်နေမှုအဖြစ် ရှုမြင်သူများ ရှိလာနိုင်သည်။

စိန့်ပီတာစဘတ်မြို့၌ မြေအောက်ရထားပေါ် ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ လက်တလောတွင် မည်သည့် အဖွဲ့အစည်းကမျှ တာဝန်ယူလုပ်ဆောင်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ **ဆင်ဟွာ။**



## တောင်ကိုရီးယား၏ ဟွန်ဒေးနှင့် ကီယာကုမ္ပဏီများ တရုတ်နိုင်ငံအတွင်း မော်တော်ယာဉ် ထုတ်လုပ်မှုလျှော့ချပြီ

**ဆိုးလ် မေ ၄**

ကိုရီးယားဆန့်ကျင်ရေး စိတ်ဓာတ်နိုးကြားလာခြင်းနှင့် တရုတ်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုမြင့်တက်လာခြင်းတို့ကြောင့် တောင်ကိုရီးယားနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီနှစ်ခုဖြစ်သော ဟွန်ဒေးနှင့် ကီယာကုမ္ပဏီတို့က တရုတ်နိုင်ငံ၌ မော်တော်ယာဉ်ထုတ်လုပ်မှုကို သိသိသာသာ လျှော့ချလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအတွင်း ဟွန်ဒေးနှင့် ကီယာကုမ္ပဏီတို့၏ စုစုပေါင်းမော်တော်ကားရောင်းချရမှု အရေအတွက်သည် ယခုနှစ် မတ်လတွင် ယခင်နှစ်အလားတူ ကာလနှင့်နှိုင်းယှဉ်ပါက ၅၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဈေးကွက်သတင်းရပ်ကွက်က ပြောသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးမော်တော်ယာဉ်ဈေးကွက်တည်ရာ နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း တောင်ကိုရီးယား မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးနှစ်ခုတို့က တရုတ်ဈေးကွက်တွင် ရောင်းချသည့် ကားအရေအတွက်၏ လေးပုံတစ်ပုံကျော်ကို ဖြန့်ချိခဲ့သည်။

သို့ရာတွင် တောင်ကိုရီးယားနိုင်ငံ၌ အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ရန် စီစဉ်ခြင်းကို တရုတ်နိုင်ငံတွင် အပြင်းအထန်ကန့်ကွက်ခဲ့ပြီး ကိုရီးယားဆန့်ကျင်ရေး စိတ်ဓာတ်နိုးထလာလျက်ရှိကြောင်း၊ တောင်ကိုရီးယားရှိ နာမည်ကျော် လော်တီအုပ်စုအပါအဝင် ကုမ္ပဏီများ၏ ကုန်ပစ္စည်းများကို သပိတ်မှောက်ရန် တရုတ်နိုင်ငံအတွင်း လှုံ့ဆော်မှုများရှိလာကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# အမှုများမှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ပြီးစီးစေရန် ရွှေ့ပြေးတရားရုံးများ သတ်မှတ်ဆောင်ရွက်ခဲ့

# တရားသူကြီးများ လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာတရားရုံးများ၌ အမှုဖွင့်တိုင်ကြားနိုင်

## အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများ သတင်းစာရှင်းလင်း




နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**နေပြည်တော် မေ ၄**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းစာရှင်းလင်းပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်၊ အစိုးရသက်တမ်း တစ်နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အနေဖြင့် မဏ္ဍိုင်ကြီးများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ တစ်နှစ်တာဆောင်ရွက်ချက်များကို ရေးသားရိုက်ကူးပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းစာများတွင်ဖော်ပြခဲ့မှုများ၊ တစ်နှစ်တာအတွင်း ဖော်ဆောင်နိုင်ခဲ့သည့် အပြောင်းအလဲများကို အများပြည်သူသိရှိအောင် တင်ပြခဲ့မှုများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ကျွန်တော်တို့ တင်ပြရုံဖြင့်မပြည့်စုံပါဘူး။ ကျွန်တော်တို့ကို မေးမြန်းချင်တာတွေရှိရင်လည်း ပြန်လည်ဖြေကြားပေးဖို့ လိုပါတယ်။ ထောက်ပြဖို့၊ ဝေဖန်တာတွေကို နားထောင်ဖို့လိုတဲ့အတွက် ဒီနေ့မှာ သတင်းမီဒီယာများနှင့် တွေ့ဆုံခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောဆိုခဲ့တဲ့အထဲမှာ အားနည်းချက်၊ ချို့ယွင်းချက်တွေရှိမယ်လို့ ထင်တာတွေ၊ လစ်လပ်ကျန်တယ်လို့ ထင်တာတွေကို ထောက်ပြမေးမြန်းနိုင်ပါတယ်။ အဲဒီအခါမှာ ပိုပြီးပြည့်စုံမှု ဖြစ်လာပါလိမ့်မယ်။

"ကျွန်တော်တို့အနေနဲ့ ပွင့်လင်းမြင်သာမှုရှိကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြောင်း ပြသတဲ့အနေနဲ့ တွေ့ဆုံပွဲများကို ကျင်းပရခြင်းဖြစ်ပါတယ်။ သတင်းမီဒီယာသမားများအား သတင်းရယူပိုင်ခွင့် တိုးတက်မှုရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းလည်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ရေးဆွဲခဲ့ပါကြောင်း၊ ယင်းစီမံကိန်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းစဉ်၊ မူဝါဒနှင့် ရည်မှန်းချက်များတွင် ဆောင်ရွက်နိုင်ရေးဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဝက်ဘ်ဆိုက်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်အသီးသီး၏ အမှုခေါ်စာရင်းများ၊ ရာဇဝတ်အမှုခေါ် စာရင်းများ၊ တရားမ အမှုခေါ်စာရင်းများနှင့် စာချွန်လွှာအမှုခေါ်စာရင်းများကို ဖော်ပြပေးနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ဖော်ပြပေးနိုင်ခဲ့သည့်အတွက် ပြည်သူများအနေဖြင့် ဘယ်အမှုကို ဘယ်နေ့မှာ တရားစီရင်မည်၊ ဘယ်အမှုကို ဘယ်နေ့မှာ ကြားနာမည်ဆိုသည်ကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ အမှုများဘယ်နေ့တွင် အမိန့်ချမှတ်မည်ကို ဖော်ပြပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ပြည်သူ့ဆက်ဆံရေးဌာနခွဲ၏ Facebook စာမျက်နှာမှ တရားရုံးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်အသီးသီးတွင်လည်း Facebook စာမျက်နှာတွင်ဖွင့်လှစ်၍ တရားရုံးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

ပြည်သူများတရားရုံးဆိုင်ရာ အသိပညာများတိုးပွားစေရေးအတွက် လက်ကမ်းစာစောင်လေးမျိုးရှိပါကြောင်း၊ ယင်းတို့မှာ ရာဇဝတ်ကြောင်းဆိုင်ရာ သိကောင်းစရာ၊ တရားမကြောင်းဆိုင်ရာ သိကောင်းစရာ၊ စာချွန်တော်အကြောင်း သိကောင်းစရာနှင့် သင့်အတွက် တရားရုံးဆိုတဲ့ လက်ကမ်းစာစောင်များကို တရားရုံးအသီးသီးမှတစ်ဆင့် ဖြန့်ဝေပေးခဲ့ပါကြောင်း၊ လက်ရှိလည်း ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာပေးစာယူကောင်တာ၊ အမှုလက်ခံကောင်တာ၊ စုံစမ်းရေးကောင်တာ၊ ဘိလစ်ကောင်တာနှင့်၊ ရှေ့နေရှေ့ရပ်ကောင်တာတို့ကို တစုတစည်းတည်းထားရှိခဲ့ပါကြောင်း၊ တရားရုံးကို လာရောက်သူများ တစ်နေရာတည်းတွင် စုစုစည်းစည်း ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၆ ခုနှစ်နောက်ပိုင်း တည်ဆောက်သည့် တရားရုံးများကို စုံစမ်းရေးကောင်တာ၊ အမှုလက်ခံကောင်တာ၊ သက်သေနားနေခန်းများ၊ ရှေ့နေရှေ့ရပ်နားနေခန်းများ၊ ဥပဒေအရာရှိနားနေခန်းများနှင့် သတင်းမီဒီယာခန်းများ ဖွဲ့စည်းတည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ခေတ်နှင့်လျော်ညီသည့် တရားသူကြီးကျင့်ဝတ် ထုတ်ပြန်နိုင်တော့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးကြည်သက်က တရားစီရင်ရေးဆိုင်ရာ အမှုသွား အမှုလာ စီမံခန့်ခွဲမှုအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် တရားရုံးများရှိ အမှုများ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ပြီးစီးစေရန် အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရွှေ့ပြေးတရားရုံးများ သတ်မှတ်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ လှိုင်သာယာမြို့နယ်တရားရုံး၊ တောင်ငူခရိုင်တရားရုံးနှင့် ဘားအံမြို့နယ်တရားရုံးတို့ကို ၂၀၁၅ ခုနှစ်တွင် ရွှေ့ပြေးတရားရုံးများအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အမှုသွားအမှုလာ စီမံခန့်ခွဲမှု မစတင်မီ တရားရုံးအသုံးပြုသူများစစ်တမ်းကို ကောက်ယူပါကြောင်း၊ တရားရုံးအကဲဖြတ်လေ့လာခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပိတ်သိမ်းပြီးအမှုများကို အမျိုးအစားခွဲခြား၍ စစ်တမ်းကောက်ယူပါကြောင်း။

အဆိုပါစစ်တမ်းများကောက်ယူပြီး ရွှေ့ပြေးတရားရုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများကို သင်တန်းများဖွင့်လှစ်ပေးအပ်ပါကြောင်း၊ ထို့နောက် အမှုသွားအမှုလာစီမံခန့်ခွဲမှု မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် မုံရွာခရိုင်တရားရုံး၊ မော်လမြိုင်ခရိုင် တရားရုံး၊ ပုသိမ်မြို့နယ်တရားရုံး၊ ချမ်းအေးသာစံမြို့နယ်တရားရုံးနှင့် မကွေးမြို့နယ် တရားရုံးတို့ကို တိုးချဲ့ရွှေ့ပြေးရုံးများအဖြစ် သတ်မှတ်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

အစိုးရသစ်သက်တမ်း တစ်နှစ်တာကာလအတွင်း အဂတိလိုက်စားမှု၊ လာဘ်ပေး လာဘ်ယူမှုများနှင့် ပတ်သက်၍ တရားသူကြီးများနှင့် ဝန်ထမ်းများကို အရေးယူခဲ့ရခြင်း ရှိ၊ မရှိ သိလိုကြောင်း၊ အရေးယူခဲ့ခြင်းများရှိပါက မည်သို့ အရေးယူဆောင်ရွက်သည်ကို သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ တိုင်ကြား၍ အရေးယူခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြား၍ အရေးယူခြင်းဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုင်ကြားပါက ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုဆောင်ရွက်ပြီး ပေါ်ပေါက်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့သောတိုင်စာများကို အဆိုပါကော်မရှင်က သီးခြားဆောင်ရွက်ပါကြောင်း၊ လက်ရှိအစိုးရလက်ထက် တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ဆောင်ရွက်ချက်များကို ဖော်ပြသည့်အစီအစဉ်တွင် အရေးယူဆောင်ရွက်ခဲ့သည့် ကိန်းဂဏန်းများကို တင်ပြထားပါကြောင်း ဖြေကြားသည်။

မဟာဗျူဟာစီမံကိန်းအရ အကဲဖြတ်သည့်အထဲမှ အမှုရွှေ့ဆိုင်းခြင်းမဟုတ်ဘဲ သေချာအောင်လုပ်သည်ဆိုသည့် ညွှန်းကိန်းနှင့်ပတ်သက်သည့် မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ၂၀၁၅-၂၀၁၇ ခုနှစ် မဟာဗျူဟာသုံးနှစ်စီမံကိန်းကို ရေးဆွဲချမှတ်ထားပါကြောင်း၊ အဆိုပါစီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ အမှုရွှေ့ဆိုင်းခြင်းကိုသေချာအောင် လက်ရှိတွင် ရွှေ့ပြေးတရားရုံးများ၌ ပထမဦးစွာ ရွှေ့ပြောင်းကြပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အခြေခံမျဉ်းထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်အတွက် စာရင်းဇယားများ ကောက်ယူလျက်ရှိပါကြောင်း၊ ထိုသို့ ကောက်ယူခဲ့သည့် စာရင်းနှင့်အစီရင်ခံစာများကို ၂၀၁၇ ခုနှစ် ဇွန်လတွင် ထုတ်ပြန်သွားရန်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် ဆောင်ရွက်မှုများကို ၂၀၁၇ ခုနှစ် မဟာဗျူဟာစီမံကိန်း ပထမနှစ် အကောင်အထည်ဖော်မှုအစီရင်ခံစာတွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ဖြေကြားသည်။

တစ်နှစ်တာအတွင်း ထင်ရှားသည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်သည့် မေးခွန်းကို ဒေါ်တင်နွယ်စိုးက ဖြေကြားရာတွင် တစ်နှစ်တာကာလတွင် ပြောင်းလဲဆောင်ရွက်ခဲ့မှုများအနေဖြင့် စံချိန်စံညွှန်းနှင့်ညီသည့် တရားရုံးများကို ဆောက်လုပ်ခဲ့ပါကြောင်း၊ တရားရုံးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များရယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တရားရုံးများတွင် သတင်းမီဒီယာများ သတင်းရယူနိုင်ရန် နေရာများ သတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ တရားရေးဆိုင်ရာ အချက်အလက်များကို ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်တို့တွင် တင်ထားသဖြင့် မိုဘိုင်းဖုန်းများနှင့် အလွယ်တကူ ရယူကြည့်ရှုနိုင်ခြင်း၊ အမှုလက်ကျန်များကျဆင်းခြင်းနှင့် ရုံးချိန်းအရေအတွက်လျှော့ချနိုင်ခြင်းတို့သည် ထင်ရှားသည့် ပြောင်းလဲမှုတစ်ရပ်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တရားစီရင်ရေးကဏ္ဍတွင် တရားရုံးများ၌ လာဘ်ပေးလာဘ်ယူမှုများရှိနေသည်ကို ကြားသိခြင်းများ ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာ၌ လက်ရှိတွင် တိုင်ကြားစာများရှိနေပါကြောင်း၊ သမ္မတရုံး၊ နိုင်ငံတော်၏ အတိုင်ပင်ခံရုံးနှင့် လွှတ်တော်ရေးရာကော်မတီများမှ တစ်ဆင့်ပေးပို့သည့် တိုင်ကြားစာများရှိပါကြောင်း၊ အဆိုပါ တိုင်ကြားစာများကို ကနဦးစစ်ဆေးပါကြောင်း၊ ထို့နောက် တရားရုံးသို့ အမှန်တကယ်တိုင်ကြားသည့် တိုင်ကြားစာများကို စုံစမ်းစစ်ဆေးပါကြောင်း၊ အယူခံခွင့်ဆက်လက်ဆောင်ရွက်ရမည့်အမှုကိစ္စများဆိုပါက အရေးယူ၍ မရပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများနှင့်ပတ်သက်သည့် တိုင်ကြားမှုများရှိပါက သိလျှင်ဖြစ်စေ၊ သတင်းကျော်စောလျှင်ဖြစ်စေ စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ပြီး ပေါ်ပေါက်လာသည့်အတိုင်း စီမံခန့်ခွဲမှုအပိုင်းမှ ဆက်လက်ဆောင်ရွက်ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားသူကြီးများလိုက်နာရမည့် ကျင့်ဝတ်များကို ထုတ်ပြန်ကြေညာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က တရားရုံးကိစ္စရပ်များသည် နှစ်ဖက်ပြိုင်ဆိုင်သည့်ကိစ္စရပ်များဖြစ်၍ တိုင်ကြားခြင်းများရှိပါကြောင်း၊ တိုင်စာများကို ဖျောက်ဖျက်၍ မရပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အရေးယူသည့်စာရင်းများတွင် တရားသူကြီးများပါဝင်ပါကြောင်း ဖြေကြားသည်။

တရားရေးမဏ္ဍိုင် ပြုပြင်ပြောင်းလဲမှုတွင် အားနည်းနေသည်ဟူသည့် ပြောဆိုဝေဖန်ချက်များအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဌာန၏ မူလပင်ကိုသဘောသဘာဝအရ တိုင်ကြားစာများပြားခြင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါပြုပြင်ပြောင်းလဲမှုများကို ရှင်းလင်းခဲ့ပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

တရားစီရင်ရေးဆိုင်ရာများအပေါ် ဝေဖန်မှုများရှိနေခြင်းနှင့်စပ်လျဉ်း၍ ဝေဖန်ရာတွင် တစ်ဦးနှင့်တစ်ဦး အမြင်မတူနိုင်ပါကြောင်း၊ သုံးသပ်ရာတွင်လည်း မတူနိုင်ပါကြောင်း၊ ပွင့်လင်းမြင်သာသည့် ခေတ်ကာလတွင် ဝေဖန်မှုများနှင့်ပတ်သက်၍ လွတ်လပ်စွာ ဝေဖန်သုံးသပ်နိုင်ပါကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က ဖြေကြားသည်။

တရားသူကြီးများ လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်သည့် အရေးယူမှုများတွင် အမြင့်ဆုံးပြစ်ဒဏ်ပေးနိုင်မည့် အတိုင်းအတာကို သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြား၍ အရေးယူမှုများရှိပါကြောင်း၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုအရ အရေးယူသည်လည်းရှိပါကြောင်း၊ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုအရ အရေးယူရာတွင် ထုတ်ပယ်၍သာရပါကြောင်း၊ ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်စေလိုပါက သက်ဆိုင်ရာ တရားရုံးများတွင် အမှုဖွင့်လှစ်၍ရပါကြောင်း ဖြေကြားသည်။

**သတင်း-မင်းမင်းဇော်နှင့်အဖွဲ့**

# ဓာတ်ငွေ့နှင့် သယံဇာတထွက်ကုန်များတင်ပို့မှု လျော့ကျသော်လည်း ယခင်နှစ်ထက် ကုန်သွယ်မှုနှင့် ပို့ကုန်တိုးတက်

## ရှင်မင်းအံ့ (တန့်ဆည်)

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်သွယ်မှုတိုးတက်ရန် လိုအပ်သကဲ့သို့ ပို့ကုန်ကဏ္ဍ တိုးမြှင့်နိုင်မှသာ နိုင်ငံတော်ရဲ့စီးပွားရေးလည်း တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ ယခုဘဏ္ဍာနှစ်ကုန်ခါနီးကာလရဲ့ ပို့ကုန်တင်ပို့မှုအပိုင်းကို သုံးသပ်ကြည့်မည်ဆိုပါက သဘာဝဓာတ်ငွေ့တင်ပို့မှုကဏ္ဍမှာ လျော့ကျသွားပေမယ့် ကျန်တဲ့ကဏ္ဍများမှ တိုးတက်လာတဲ့အတွက် ပြည်ပပို့ကုန်ကဏ္ဍ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ကုန်သွယ်ရေးဦးစီးဌာနရဲ့ နှိုင်းယှဉ်ချက်စာရင်းများအရ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော် လျော့နည်းတင်ပို့ခဲ့ပေမယ့် အခြားသော ပြည်ပပို့ကုန်များမှ ပို့ကုန်ရငွေမှာ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်ခန့် ပိုမိုရရှိလာခဲ့တယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏအနေဖြင့် ယခုဘဏ္ဍာနှစ် မတ်လ ပထမပတ်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော်နှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံကျော် ဆောင်ရွက်နိုင်ပြီးဖြစ်ပါတယ်။

ပြည်ပသို့ ပို့ကုန်တင်ပို့နိုင်မှုအခြေအနေကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်တဲ့အခါ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၄၀၀ နဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၇ သန်းကျော် ပိုမိုတင်သွင်းခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ကုန်သွယ်မှုပမာဏအနေနဲ့ ပို့ကုန်ပိုင်းမှာရော သွင်းကုန်ပိုင်းမှာပါ အမေရိကန်ဒေါ်လာ ၅၄၇ သန်း ပိုမိုဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။

ယခုဘဏ္ဍာနှစ် မတ်လ ပထမပတ်အထိ ပို့ကုန်ကဏ္ဍကိုကြည့်ရင် ပင်လယ်ရေကြောင်းကဏ္ဍမှ အမေရိကန်ဒေါ်လာသန်း ၆၄၀၀ ကျော်၊ နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာသန်း ၄၂၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ပို့ကုန်တင်ပို့မှုကို ကုန်ပစ္စည်းအမယ်အလိုက် သုံးသပ်ကြည့်မယ်ဆိုရင် စက်မှုကုန်ချောပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သန်း ၄၉၅၀ တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်အများဆုံးတင်ပို့နိုင်ခဲ့တဲ့ ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကအားထားရတဲ့ လယ်ယာကဏ္ဍမှ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သန်း ၂၆၅၀ သာရှိတဲ့အတွက် ပို့ကုန်အုပ်စုအလိုက်တင်ပို့မှုမှာ ဒုတိယနေရာမှာသာ ရပ်တည်နေခဲ့တာကို တွေ့ရပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်းကဏ္ဍရဲ့ ပို့ကုန်တင်ပို့မှုအပိုင်းကို သုံးသပ်ကြည့်ပါက ယခုဘဏ္ဍာနှစ် မတ်လပထမပတ်အထိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၅၇ သန်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ရရှိခဲ့တာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ပြီးခဲ့တဲ့ကာလတူက တန်ချိန် ၁ ဒသမ ၄၅ သန်းခန့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀၆ သန်းကျော်ရရှိခဲ့တဲ့အတွက် ယခုဘဏ္ဍာနှစ်မှာ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ တန်ချိန် တစ်သိန်းနှစ်သောင်းခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ထို့ပြင် မတ်ပဲ တင်ပို့မှုမှာလည်း ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၄၅ သန်း တန်ဖိုးရှိ မတ်ပဲတန်ချိန် ၅ ဒသမ ၃ သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ သန်း ၄၅၀ ကျော်တန်ဖိုးရှိ တန်ချိန် ၄ ဒသမ ၄ သိန်း တင်ပို့နိုင်ခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာ ၁၉၅ သန်းကျော် (တန်ချိန်အားဖြင့် ရှစ်သောင်းကျော်) ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြေပဲဆန်တင်ပို့မှုတွင် ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၆ သန်း (တန်ချိန်အားဖြင့် ကိုးသောင်းကျော်)တင်ပို့နိုင်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၄၈ သန်းဖိုး (တန်ချိန်အားဖြင့် လေးသောင်းနီးပါး) တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်နှစ်ထက် တန်ချိန် ငါးသောင်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နှမ်းတင်ပို့မှုကို ကြည့်ရင်လည်း ယခုဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၁၄၀ (တန်ချိန် တစ်သိန်းကျော်) တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က ကိုးသောင်းကျော်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်နှစ်ထက် တန်ချိန် တစ်သောင်းကျော်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

သစ်သီးဝလံတင်ပို့မှုကဏ္ဍမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့လာနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က အဓိကသစ်သီးဝလံတွေဖြစ်တဲ့ ဖရဲသီး၊ သရက်သီး၊ သခွားမွှေးသီး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၀ (တန်ချိန်အားဖြင့် ငါးသိန်းကျော်)ရရှိခဲ့ပေမယ့် ယခုဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၇၇ သန်း (တန်ချိန်အားဖြင့် ခြောက်သိန်းကျော်)တင်ပို့ခဲ့တဲ့အတွက် အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်ဖိုး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ရော်ဘာတင်ပို့မှုမှာလည်း ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၉၅ သန်းနီးပါး (တန်ချိန်အားဖြင့် ရှစ်သောင်းကျော်)တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၁၇၅ သန်းကျော် (တန်ချိန်အားဖြင့် တစ်သိန်းသုံးသောင်းကျော်)တင်ပို့နိုင်ခဲ့တာကြောင့် အမေရိကန်ဒေါ်လာသန်း ၈၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ ရော်ဘာဈေးနှုန်း ပြန်လည်မြင့်တက်လာတဲ့အတွက် ပိုမိုရခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

ပဲတီစိမ်းတင်ပို့မှုမှာတော့ ယခုဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၃၂၀ နီးပါး (တန်ချိန်အားဖြင့် ၃ ဒသမ ၆ သိန်းကျော်)တင်ပို့နိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က တင်ပို့ခဲ့တဲ့ အမေရိကန်ဒေါ်လာသန်း ၂၈၅ ကျော်နဲ့ နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၃၅ သန်းနီးပါး (တန်ချိန်အားဖြင့် ခုနစ်သောင်းကျော်) ပိုမိုတင်ပို့ခဲ့တာကို တွေ့ရပါတယ်။



ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်က သဘာဝဓာတ်ငွေ့တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၄၀၀၀ ကျော်ရရှိခဲ့ပေမယ့် ယခုဘဏ္ဍာနှစ်မှာတော့ အမေရိကန်ဒေါ်လာသန်း ၂၇၀၀ နီးပါးသာ ရရှိခဲ့တဲ့အတွက် သဘာဝဓာတ်ငွေ့တင်ပို့မှုဟာ ဒေါ်လာသန်း ၁၃၀၀ လျော့နည်းတင်ပို့နိုင်ခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့တင်ပို့မှုလျော့နည်းရခြင်းမှာ ကမ္ဘာ့သဘာဝဓာတ်ငွေ့ဈေးနှုန်း ကျဆင်းနေခြင်း၊ ထွက်ရှိမှုလျော့နည်းလာခြင်းတို့ကြောင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ပို့ကုန်ဝင်ငွေလျော့နည်းရရှိနေတာဖြစ်တယ်ဆိုတာကို လေ့လာသိရှိရပါတယ်။

မိမိနိုင်ငံအနေနဲ့ အဓိကပို့ကုန်ဖြစ်သော သဘာဝဓာတ်ငွေ့၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စတဲ့ သယံဇာတထွက်ကုန်များကို အဓိကအားထား ဆောင်ရွက်ခဲ့ပါတယ်။ ယခင်ကာလများအတွင်း နှစ်အလိုက် သယံဇာတထွက်ကုန်တင်ပို့မှုကို လေ့လာရာတွင် သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၁၅၀၀ အထိ အများဆုံးတင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၅ နောက်ပိုင်းသတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုလျော့ကျခဲ့တဲ့အတွက် ယခုဘဏ္ဍာနှစ်တွင် ကျောက်စိမ်းကျောက်မျက်အပါအဝင် သတ္တုတွင်းထွက်ပစ္စည်းတန်ဖိုး ဒေါ်လာသန်း ၈၇၀ သာ တင်ပို့နိုင်ခဲ့ပါတယ်။

သစ်တောထွက်ပစ္စည်းတင်ပို့မှုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ဖိုးဒေါ်လာသန်း ၉၅၀ နီးပါးအထိ ရောက်ရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် သစ်တောထွက်ပစ္စည်းတန်ဖိုး ဒေါ်လာသန်း ၂၂၀ သာ တင်ပို့နိုင်ခဲ့ပါတယ်။ ထို့အတူ သဘာဝဓာတ်ငွေ့တင်ပို့မှုအနေနဲ့လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၅၂၀၀ အမြင့်ဆုံးတင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်တွင် သဘာဝဓာတ်ငွေ့ ဒေါ်လာသန်း ၂၇၀၀ တင်ပို့နိုင်ခြင်းဟာ နိုင်ငံတကာဈေးကွက်မှာ သဘာဝဓာတ်ငွေ့ဈေး လျော့ကျလာတာဖြစ်သလို သဘာဝဓာတ်ငွေ့တွင်းများရဲ့ ထွက်ရှိမှုလျော့နည်းလာတာကြောင့် ပို့ကုန်ပမာဏနဲ့ တန်ချိန်တန်ဖိုးများ လျော့နည်းခဲ့ပါတယ်။

ဒါကြောင့် သဘာဝသယံဇာတပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ရန်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးလိုအပ်ချက်၊ သယံဇာတများကို သားစဉ်မြေးဆက် အသုံးပြုနိုင်ရန်လိုအပ်ချက်၊ ကမ္ဘာမှာဖြစ်ပေါ်နေတဲ့ ဈေးကွက်နှင့် ဈေးနှုန်းတို့ရဲ့ ပြောင်းလဲမှုတို့အရ ပို့ကုန်တိုးမြှင့်ရေးအတွက် အဓိကအမယ်အဖြစ် မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။

အလားတူ လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ရာသီဥတုသဘာဝဘေးအန္တရာယ်၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်၊ အရည်အသွေးမြင့်(Value Added) ဆောင်ရွက်နိုင်မှု၊ နိုင်ငံတကာ ဈေးကွက်နှင့် ဝယ်လိုအားတို့အပေါ်မှာ မှီခိုရတဲ့အတွက် စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေးမှာ အဓိကစိန်ခေါ်မှုများဖြစ်ပါတယ်။

တစ်ဆက်တည်းမှာ မိမိတို့နိုင်ငံအနေနဲ့ ပို့ကုန်ပစ္စည်းတွေနဲ့ထုတ်လုပ်မှုကွင်းဆက်ရဲ့ Supply Chain တစ်လျှောက်လုံးမှာ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနဲ့ မယှဉ်နိုင်ဘဲ အဓိကအခက်အခဲကတော့ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်မြင့်မားနေခြင်းပဲဖြစ်ပါတယ်။ ဥပမာ ရန်ကုန်က ဆန် တန် ၂၀ ရဲ့ တရုတ်နယ်စပ် မူဆယ်အရောက် သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်ဟာ ကျပ် ၁၄ သိန်း (အမေရိကန်ဒေါ်လာ ၁၀၀၀)ခန့်ဖြစ်ပြီး အလားတူတန် ၂၀ ပါ ကွန်တိန်နာတစ်လုံး ရန်ကုန်ကနေ စင်ကာပူတင်ပို့ရတဲ့ ကုန်ကျစရိတ်ဟာ ဒေါ်လာ ၉၀ နှင့် ၁၀၀ ကြားမှာရှိတဲ့အတွက် ပြည်တွင်းသယ်ယူပို့ဆောင်ခစရိတ်ဟာ မယှဉ်နိုင်အောင် မြင့်မားနေတာကို တွေ့ရပါတယ်။ ဒီအချက်တွေဟာ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုတွေဖြစ်ပါတယ်။

ဒါကြောင့် သယံဇာတပို့ကုန် စိုက်ပျိုးရေးထွက်ကုန်တွေကိုသာ အဓိကအားထား၍မရတော့ဘဲ ရေထွက်ပစ္စည်းကဏ္ဍ CMP ချုပ်ပြီး အထည်တင်ပို့မှုတို့အပြင် နိုင်ငံတကာမှာ ဆောင်ရွက်နေတဲ့ Re-export စနစ်နဲ့ ကုန်ပစ္စည်းတင်သွင်းတင်ပို့နိုင်ရေးဟာ ကုန်သွယ်မှုပမာဏ တိုးမြှင့်နိုင်ရေးမှာ လုပ်ဆောင်ရမည့် အဓိကလုပ်ငန်းများ ဖြစ်လာပါတယ်။

ဟောင်ကောင်ရဲ့ Re-export စနစ်သည် ဟောင်ကောင်သို့ တင်သွင်းလာသော ကုန်ပစ္စည်းများအား ယင်းတို့၏ ပုံသဏ္ဌာန် (Shape)၊ သဘာဝ(Nature)၊ ပုံစံ(Form) (သို့မဟုတ်)အသုံးဝင်မှု (Utility)များ ပြောင်းလဲသွားအောင် ပြုပြင်ထုတ်လုပ်ထားပြီး ဟောင်ကောင်၌ မသုံးစွဲဘဲ ပြန်လည်တင်ပို့ခြင်းနှင့် ပြုပြင်ထုတ်လုပ်မှုမရှိဘဲ ပြန်လည်တင်ပို့ခြင်းဟူ၍ Re-export နည်းနှစ်မျိုးရှိကြောင်း သိရှိရပါတယ်။

ဟောင်ကောင်ရဲ့ ၂၀၁၄ ခုနှစ် ပို့ကုန်စုစုပေါင်းတန်ဖိုး ဒေါ်လာ ၄၇၃ ဘီလီယံဖြစ်ပြီး Re-export ဖြင့် တင်ပို့မှုမှာ ဒေါ်လာ ၄၆၆ ဘီလီယံဖြစ်၍ ပို့ကုန်တန်ဖိုးအပေါ်၌ Re-export တင်ပို့မှုပါဝင်မှုမှာ ၉၈ ရာခိုင်နှုန်းခန့် ရှိကြောင်းတွေ့ရှိရပါတယ်။ ဟောင်ကောင်၌ တင်ပို့တင်သွင်းမှုများအတွက် အခွန်ကောက်ခံခြင်းမရှိကြောင်း သိရှိရပါတယ်။ ဟောင်ကောင်၏ အားသာချက်မှာ ပြည်ပမှ ကုန်ပစ္စည်းများကို တင်သွင်း၍ မိမိနိုင်ငံအတွင်း ပြုပြင်ထုတ်လုပ်တင်ပို့သည့်အတွက် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများရရှိစေပြီး ကုန်သွယ်မှုပမာဏတွင် ပို့ကုန်ပမာဏ မြင့်တက်စေနိုင်ကြောင်း တွေ့ရှိရပါတယ်။

စင်ကာပူနိုင်ငံရဲ့ Re-export စနစ်ဖြင့် ၂၀၁၄ ခုနှစ်တွင် ပို့ကုန်တင်ပို့မှုတန်ဖိုးတွင် ဒေါ်လာ ၄၀၉ ဘီလီယံ ဖြစ်ပြီး Re-export ဖြင့် တင်ပို့သည့် တန်ဖိုးမှာ ဒေါ်လာ ၁၉၄ ဘီလီယံဖြစ်၍ Re-export တင်ပို့မှု ပါဝင်မှုမှာ ၅၀ ရာခိုင်နှုန်းခန့် တင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း ကုန်သွယ်မှုကဏ္ဍပိုမိုတိုးတက်ရေးအတွက် Re-export စနစ်နဲ့ ကုန်သွယ်ရာမှာ ပို့ကုန်အမယ်များကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရာမှာ သကြား၊ ကွမ်းသီး၊ စက်သုံးဆီတို့အပြင် အခြားသော ပို့ကုန်အမယ်များဖြစ်တဲ့ အဝတ်အထည်၊ ကြက်သွန်ဖြူ၊ နှမ်း(ဖြူ/နက်)၊ ငရုတ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီးအစုံ၊ လျှပ်စစ်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများ၊ စားသုံးဆီ၊ ကားတာယာတို့ကိုလည်း Re-export စနစ်ဖြင့် တင်ပို့ခွင့်ပြုခဲ့ပါတယ်။ ဒ့ါအပြင် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနအသီးသီးနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိတဲ့အပြင် အေးခဲအသားကိုလည်း Re-export စနစ်နဲ့ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံမှာ Re-export စနစ်ဖြင့် စတင်ခွင့်ပြုသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လ ပထမပတ်အထိ သကြားတန်ချိန် ၂၃ သိန်းကျော် (တန်ဖိုးဒေါ်လာ ၁၂၉၀ သန်း)၊ ဒီဇယ် တန်ချိန် ၁ ဒသမ ၇ သိန်းနီးပါး (တန်ဖိုး ဒေါ်လာ ၈၁ သန်းကျော်) နဲ့ ဓာတ်ဆီ၊ ကွမ်းသီး၊ တာယာ၊ ဆန်၊ မြေပဲဆန်တို့ ဈေးကွက်ရှိတဲ့နိုင်ငံများသို့ တင်ပို့နိုင်ခဲ့တဲ့အတွက်ကြောင့် ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်လာမှုနဲ့အတူ နိုင်ငံတော်အတွက် သတ်မှတ်အခွန်အခများတိုးတက်ရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အလားတူ Re-export လိုက်ပါ ဆောင်ရွက်တဲ့ ကုန်သွယ်မှုနယ်ပယ်မှာ ပါဝင်တဲ့ ကုန်သည်လုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပါဝင်သူများ၊ အလုပ်သမားများအပါအဝင် နယ်ပယ်အသီးသီးဟာ အကျိုးဖြစ်ထွန်းကြောင်းလည်း တွေ့ရှိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့မှာ ဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်များကြောင့် စိုက်ပျိုးထုတ်လုပ်မှုများလျော့ကျခဲ့လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပို့ကုန်ဈေးကွက်များ ရှာဖွေခြင်း၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခြင်း၊ ပို့ကုန်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းတို့ကို လုပ်ဆောင်ပေးခဲ့သဖြင့် ကုန်သွယ်မှုကဏ္ဍတွင် မူလထက်ပိုမိုမြင့်တက်အောင် ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ စီးပွားရေးရည်မှန်းချက်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ပို့ကုန်သုံးဆမြင့်တက်ရေး မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးမယ့် အလားအလာကောင်းများအဖြစ် မကြာမီကာလမှာ ရောက်ရှိလာတော့မှာဖြစ်ပါတယ်။

ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်တဲ့အခါမှာ အဓိကတွေ့ကြုံရတဲ့ အခက်အခဲတွေကတော့ သွင်းအားစု ကုန်ကျစရိတ်မြင့်မားခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိဖို့ လိုအပ်ခြင်း၊ အထွက်နှုန်းမြင့်မားဖို့ လိုအပ်တာတွေ၊ ခေတ်မီစိုက်ပျိုးမှုစနစ်တွေ၊ ခေတ်မီရိတ်သိမ်းခြွေစက် အသုံးပြုရန်လိုအပ်ကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်ရန်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ် (Cost of Production) ကြီးမြင့်ခြင်းသည် အဓိကစိန်ခေါ်မှုများဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်ဖို့အတွက် ထုတ်လုပ်မှုတိုးမြှင့်ရန်လိုအပ်သလို(Cost of Production ) လျှော့ချရန်လိုအပ်ကြောင်းတွေ့ရှိရပါတယ်။

၎င်းအပြင် သယ်ယူပို့ဆောင်မှုကုန်ကျစရိတ် လျှော့ချရန်လိုအပ်ကြောင်း သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး လွယ်ကူမှုရှိစေရန်လိုအပ်ကြောင်း၊ သို့မှသာ ပို့ကုန် သုံးဆ တိုးမြှင့်ရေးကို အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်နိုင်ရာမှာ ဈေးကွက်ဝင်အရည်အသွေးမီ ကုန်ပစ္စည်းထုတ်လုပ်နိုင်ရေးအတွက် အဓိကအချက်အနေဖြင့် ပို့ကုန်အထောက်အကူပြုပစ္စည်းထုတ်လုပ်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုများလိုအပ်ကြောင်း၊ ဒါမှသာ လယ်ယာထွက်ကုန်နှင့် သယံဇာတပို့ကုန်ပစ္စည်းများကို မှီခိုတင်ပို့နေခြင်းအစား စက်မှုကုန်ချောပစ္စည်းများ တင်ပို့နိုင်ပြီး ရေရှည်ခိုင်မာသည့်ဈေးကွက်ကို ရရှိနိုင်မည်ဖြစ်ကြောင်းတွေ့ရှိရပါတယ်။

စာမျက်နှာ ၇ သို့ ❖

# မကွေးမြို့ ရွှေမြတ်မင်းသမီးကာရာအိုကေဆိုင် မီးလောင်မှု အမှုမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးလျက်ရှိ

**မကွေး မေ ၄**

မကွေးမြို့ မြင်သာရပ် သစ္စာလမ်းနှင့် (၂၉)လမ်းထောင့်ရှိ ဦးရဲညွန့်(ခ) ရွှာသား(၅၀)နှစ် ငှားရမ်းလုပ်ကိုင်သော ရွှေမြတ်မင်းသမီး ကာရာအိုကေ စားသောက်ဆိုင်တွင် မေ ၂ ရက် ညပိုင်းက မီးလောင်မှုကြောင့် လူ ၁၅ ဦး သေဆုံးခဲ့ရာ သေဆုံးသူများမှာ မင်းသက်နိုင်(၂၆)နှစ်(ကျပန်း) သိင်္ဂါရပ် မကွေးမြို့၊ ကျော်မင်းဦး(၃၈)နှစ်(ကျပန်း) (၁၉)လမ်း မကွေးမြို့၊ စည်သူ(၂၁)နှစ် အထက(၃)ဥယျာဉ်မှူး သိင်္ဂါရပ် နှင်းဆီလမ်း မကွေးမြို့၊ သိန်းသန်းထိုက်(၂၃)နှစ် အငယ်တန်းစာရေး တိုင်းပညာရေးမှူးရုံး သိင်္ဂါရပ် သုခလမ်း မကွေးမြို့၊ အောင်ကိုသက် (၃၇)နှစ် (ကျပန်း) သိင်္ဂါရပ် မကွေးမြို့၊ မင်းအောင်ဇော်(ခ)ဗေလုဝေ (၃၁)နှစ် မုန့်လုပ်ငန်း သီတာ(၈)လမ်း မကွေးမြို့၊ အောင်ကြီး(၂၆)နှစ်(ကျပန်း) မြနန္ဒာလမ်း သိင်္ဂါရပ်ကွက် မကွေးမြို့၊ နေထက်အာကာထွန်း(၂၄)နှစ် ကမ္ဘောဇဘဏ် မြနန္ဒာလမ်း သိင်္ဂါရပ်ကွက် မကွေးမြို့၊ ဒုအရာခံဗိုလ်ဇင်ကိုဦး (၄၆)နှစ် ဆေးအရာခံဗိုလ် ခမရ(၃၀၁)မကွေးမြို့၊ တပ်ကြပ်ဇော်လင်းဦး (၄၁)နှစ် ခမရ(၃၀၁) မကွေးမြို့၊ စိုးမိုးနောင်(၂၈)နှစ်(ကျပန်း) နံကပ်ကျွန်းကျေးရွာ မကွေးမြို့၊ မြသီတာ(ခ)မုန်း (၂၆)နှစ် (KTV)အလုပ်သမ အမှတ်(၃) ရပ်ကွက် မြဝတီမြို့၊ ဝင်းသူဇာ(ခ) ဆောင်းသဇင် (၂၇)နှစ် (KTV)အလုပ်သမ အမှတ်(၈)ရပ်ကွက် မင်းလှမြို့၊ ပန်းရောင် (ခ) မခေါန်ထန့် (၂၀)နှစ် နန်းကွေးရပ် မြစ်ကြီးနားမြို့၊ အိဇာဇာမော်(၂၁)နှစ် (နေရပ်လိပ်စာစုံစမ်းဆဲ)တို့ သေဆုံးခဲ့ကြပြီး မဆောင်းနှင်းဖြူမှာ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသလျက်ရှိသည်။

အဆိုပါမီးလောင်မှု စစ်ဆေးသူ မကွေးမြို့မရဲစခန်းမှူး ဒုရဲမှူးစိန်အောင်က သေဆုံးသူများအား သက်ဆိုင်ရာပိုင်ရှင်များထံသို့ရောက်အောင် စိစစ်ရှာဖွေပေးလျက်ရှိကြောင်း၊ အိမ်သုံးမီတာတစ်လုံးအား (Air Con 1 HP) ငါးလုံး၊ ရေခဲသေတ္တာနှစ်လုံး အသုံးပြုသည့်အတွက် Over Heat ဖြစ်သွား၍ မီးလောင်ရခြင်းဖြစ်ကြောင်း၊ လျှပ်စစ်မီးနှင့်ပတ်သက်၍ မိမိသဘောအလျောက် သုံးစွဲခြင်းမျိုးမပြုလုပ်သင့်ဘဲ နားလည်တတ်ကျွမ်းသော လျှပ်စစ်မှတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။

မီးလောင်မှုကြောင့် သေဆုံးခဲ့သူများ၏မိသားစုဝင်များအား သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးနှင့် လူမှုရေးအဖွဲ့များက အလှူငွေများလည်းပေးအပ်လျက်ရှိပြီး မီးလောင်မှုဖြစ်ပွားခဲ့သော ရွှေမြတ်မင်းသမီးကာရာအိုကေ ဆိုင်ငှားရမ်းလုပ်ကိုင်သူ ဦးရဲညွန့်နှင့် ဖက်စပ်လုပ်ကိုင်သူ ဦးကိုကိုနိုင်တို့အား မီးပေါ့ဆစွာသုံးစွဲမှုကြောင့် မီးလောင်မှုနှင့် မဆင်မခြင်ပေါ့ဆစွာပြုလုပ်မှုကြောင့် လူသေမှုပုဒ်မ(၂၈၅/၃၀၄-က)တို့ဖြင့် အမှုဖွင့် တရားစွဲဆိုထားကာ ထွက်ပြေးတိမ်းရှောင်နေသူ ဦးကိုကိုနိုင်အား ဆက်လက်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အမှုမှန်ပေါ်ပေါက်ရေးအတွက် စီအိုင်ဒီမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# မိုင်းအသိပညာပေးနှင့် အထောက်အပံ့ပေးရေး နိုင်ငံတကာနေ့ အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၄**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံလူသားချင်းစာနာမှု အခြေခံ၍ မိုင်းဆိုင်ရာလှုပ်ရှားမှုများရှေ့ဆောင်အဖွဲ့တို့ပူးပေါင်း၍ မိုင်းအသိညာပေးနှင့် မိုင်းဆိုင်ရာလှုပ်ရှားမှုဆောင်ရွက်မှုများ အထောက်အပံ့ပေးရေး နိုင်ငံတကာနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားခြင်း၊ မြန်မာနိုင်ငံမိုင်းဆိုင်ရာလှုပ်ရှားမှုများ၊ စိန်ခေါ်မှုများနှင့် ပတ်သက်၍ ဌာနေကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုခြင်း၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြုလုပ်ခဲ့သော ကုလသမဂ္ဂအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံပေါင်းစုံအစိုးရအဖွဲ့များမှ ညွှန်ကြားရေးမှူးများက တွေ့ဆုံပွဲ၏ အတွေ့အကြုံများကို ရှင်းလင်းမျှဝေခြင်း၊ လူသားချင်းစာနာထောက်ထားမှုဖြင့် ဆောင်ရွက်သော မိုင်းရှင်းလင်းရေးလုပ်ငန်းသရုပ်ပြခြင်းနှင့် နည်းပညာအသုံးပြုပစ္စည်းများ ပြသခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

"မိုင်းနဲ့ပတ်သက်တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုပြီး အလေးအနက်ထား ဆောင်ရွက်လာဖို့အတွက် ဒီလိုအခမ်းအနားတွေ လုပ်ပြီးတော့မှ တိုက်တွန်းနှိုးဆော်တာပါ။ ငြိမ်းချမ်းရေးတွေလုပ်နေကြတဲ့အခါမှာ ငြိမ်းချမ်းရေးထဲမှာ မိုင်းရှင်းလင်းရေးမပါဘူးဆိုလို့ရှိရင် ဒီငြိမ်းချမ်းရေးဟာ မပြည့်စုံဘူး။ နေရာတစ်ခု၊ ဒေသတစ်ခုမှာ မိုင်းတစ်လုံးကျန်နေသေးတယ်ဆိုရင် အဲဒီဒေသကို ငြိမ်းချမ်းတယ်လို့ ပြောလို့မရဘူး။ ကမ္ဘာကလည်း လက်ခံမှာမဟုတ်ဘူး။ အဲဒီတော့ မိုင်းရှင်းလင်းရေးကို ဦးစားပေးပြီးတော့ လုပ်ဖို့လိုအပ်ပါတယ်"ဟု မြန်မာနိုင်ငံလူသားချင်းစာနာမှုအခြေခံ၍ မိုင်းဆိုင်ရာလှုပ်ရှားမှုများ ရှေ့ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်က ပြောသည်။

ထို့အပြင် ကချင်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကယား၊ ကရင်၊ မွန်၊ တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းတို့ရှိ ကျေးလက်နေ လူဦးရေ ငါးသန်းခန့်မှ မိုင်းခြိမ်းခြောက်မှုအန္တရာယ်ကို ခံစားနေရကြောင်း ဥက္ကဋ္ဌ ဦးသန့်ဇင်က ပြောသည်။

ယနေ့ကျင်းပသော အခမ်းအနားသို့ နိုင်ငံတကာအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလူသားချင်းစာနာမှုအခြေခံ၍ မိုင်းဆိုင်ရာလှုပ်ရှားမှုများ ရှေ့ဆောင်အဖွဲ့ (Humanitarian Mine Action Initiative Myanmar)မှ တာဝန်ရှိသူများ၊ မြေမြှုပ်မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများ တက်ရောက်ကြသည်။

**သတင်း-ဇာနည်မောင်၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

❐

# အမြန်ချောပို့လုပ်ငန်းများကို သင်္ကြန်ကာလ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်ပေးမည်

**နေပြည်တော် မေ ၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ဧပြီ ၁၅ ရက်(စနေနေ့)တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပြည်တွင်းအမြန်ချောပို့ လုပ်ငန်းကိုလည်း နှစ်သစ်ကူး မဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်း မပြုကြရန် မြန်မာ့စာတိုက်လုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❖ စာမျက်နှာ ၆ မှ

ပို့ကုန်တိုးမြှင့်ရေးအတွက် မိမိနိုင်ငံအနေနဲ့ အဓိက ပို့ကုန်ဖြစ်တဲ့ လယ်ယာထွက်ကုန်၊ သယံဇာတပို့ကုန်၊ရေထွက်ကုန်များကို ရေရှည်တိုးမြှင့်ဆောင်ရွက်ရေး၊ ကန့်သတ်ချက်တွေရှိတဲ့အတွက် စက်မှုထုတ်ကုန်၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ တိုးမြှင့်တင်ပို့နိုင်ရေး၊ ပြည်ပပို့ကုန် အထောက်အကူပြုပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ တိုးမြှင့်ဆောင်ရွက်ရေးဟာ အရေးတကြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်ရာမှာ အခြားနိုင်ငံတွေကဲ့သို့ ပို့ကုန်ပေါ်တွင် အခွန်ပြန်အမ်းတဲ့စနစ် (Refund)၊ ပို့ကုန်တင်ပို့မှုအတွက် အထူးအခွင့်အရေးတွေ ပေးတဲ့စနစ်တို့ကို ကျင့်သုံးဆောင်ရွက်သင့်ကြောင်း ဖော်ထုတ်တွေ့ရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပို့ကုန်ကဏ္ဍမှာ ကဏ္ဍစုံမှ မြင့်တက်လာစေရေးအတွက် ကုန်သွယ်မှုဖြေလျှော့ပေးမှုတွေကို တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကုန်သွယ်မှုကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနဲ့ တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်စေရေးတို့အတွက်ကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် ပို့ကုန်သုံးဆတိုးမြှင့်တင်ပို့နိုင်ရေးအတွက် အခက်အခဲ၊ အကျပ်အတည်းအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးကြားမှ နည်းလမ်းပေါင်းစုံဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကုန်သည်လုပ်ငန်းရှင်တွေ ပူးပေါင်းညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် ယခုကဲ့သို့ပို့ကုန်တွေ ပိုမိုတင်ပို့လာနိုင်ခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

❐

# ဥရောပသမဂ္ဂက ဦးကိုနီ၊ ဒေါ်ဂျာနန်လထောနှင့် ဦးအောင်မျိုးမင်းတို့ကို Schuman Award ပေးအပ်ချီးမြှင့်

**ရန်ကုန် မေ ၄**

ဥရောပသမဂ္ဂက ကွယ်လွန်ပြီးဖြစ်သော ဦးကိုနီ၊ ဒေါ်ဂျာနန်လထောနှင့် ဦးအောင်မျိုးမင်းတို့ကို ပထမဆုံးအကြိမ်အနေဖြင့် "Schuman Award" ဆုကို ပေးအပ်ချီးမြှင့်သည်။

"Schuman Award" သည် လူသားဖြစ်တည်မှု၏ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုများနှင့် ဥရောပသမဂ္ဂ၏ စံတန်ဖိုးများကို မြှင့်တင်ရာတွင် ထူးခြားထင်ရှားသော စွမ်းဆောင်ရည်ရှိသူများကို ရွေးချယ်အသိအမှတ်ပြုခြင်းဖြစ်သည်။ ဦးကိုနီ၊ ဒေါ်ဂျာနန်လထောနှင့် ဦးအောင်မျိုးမင်းတို့သည် သူတို့၏ဘဝများကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ဖြစ်ထွန်းစေရန် မြှုပ်နှံဆောင်ရွက်ခဲ့ကြသည်။

ဥရောပသမဂ္ဂသံအမတ်ကြီး ရိုလန်ကိုဘီယာက "ယခုဆုတံဆိပ်နှင့်အတူ ဥရောပသမဂ္ဂသည် ကျွန်ုပ်တို့၏ ပထမဆုံးသော Schuman ဆုတံဆိပ်ရှင်များ၏ အရေးပါသော လုပ်ဆောင်မှုများကို ဂုဏ်ပြုပါတယ်"ဟု ပြောကြားသည်။

ဇန်နဝါရီ ၂၉ ရက်တွင် ရန်ကုန်လေဆိပ်၌ လုပ်ကြံခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှေ့နေကြီးဦးကိုနီသည် မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွင် ထက်သန်စွာပါဝင်ဆောင်ရွက်ခြင်းနှင့် အပြောင်းအလဲကာလအတွင်း နိုင်ငံသားအခွင့်အရေးများနှင့် တရားဥပဒေစိုးမိုးရေးမြှင့်တင်ရာတွင် ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့သူဖြစ်သည်။ မြန်မာမူဆလင်လူ့အဖွဲ့အစည်းဝင်တစ်ဦးအနေဖြင့်လည်း ဦးကိုနီသည် ခွဲခြားမှုဆန့်ကျင်ရေး၊ ဘာသာပေါင်းစုံ ဆွေးနွေးမှုများတွင် တက်ကြွစွာပါဝင်ခဲ့သည်။

ဒေါ်ဂျာနန်လထောသည် မြန်မာနိုင်ငံသားအားလုံးအတွက် ငြိမ်းချမ်းမျှတသော လူ့အဖွဲ့အစည်း တည်ထောင်ရန် ရည်ရွယ်သော Shalom Foundation ၏ ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်သည်။ ဒေါ်ဂျာနန်လထောသည် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးမှု ဖြစ်စဉ်များတွင် တက်ကြွစွာပါဝင်လျက်ရှိပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှုမြှင့်တင်ရန် ကျား၊ မ သာတူညီမျှမှုကွန်ရက်များ၊ ဒေသခံအမျိုးသမီးများနှင့် ချိတ်ဆက်လုပ်ကိုင်နေသူလည်း ဖြစ်သည်။ Schuman Award သည် ဒေါ်ဂျာနန်၏ မြန်မာနိုင်ငံတွင် ကျား၊ မ သာတူညီမျှမှု၊ ငြိမ်းချမ်းရေးမြှင့်တင်မှုတို့တွင် ထူးခြားသောလုပ်ဆောင်မှုများကို အသိအမှတ် ပြုခြင်းဖြစ်သည်။

ဦးအောင်မျိုးမင်းသည် Equality Myanmar ၏ အမှုဆောင်ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပြီး ၁၉၈၈ ကျောင်းသားအုံကြွမှုများအတွင်း ပါဝင်ခဲ့သည်။ သူသည် ၂၄ နှစ်ကြာ ပြည်နှင်ဒဏ်ခံခဲ့ရပြီး ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံပြန်လည်ရောက်ရှိချိန်မှစ၍ လူ့အခွင့်အရေးနှင့် သာတူညီမှုများအတွက် တက်ကြွပွင့်လင်းစွာ ပြောဆိုသူ ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ Schuman Award သည် ဦးအောင်မျိုးမင်း၏ မြန်မာနိုင်ငံတွင် သာတူညီမျှမှုနှင့် လူ့အခွင့်အရေးများအတွက် မဆုတ်မနစ်ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် ဥရောပသမဂ္ဂ တည်ထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သူ ရောဘတ်ရှူမန်း (Robert Schuman)၏ အမည်ကို အစွဲပြုမှည့်ခေါ်ထားသော The Schuman Award ကို ဥရောပသမဂ္ဂက တန်ဖိုးထားသည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အား ခုခံကာကွယ်နေသူ မြန်မာပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုရန် ၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ဆုရရှိသူများကို ရွေးချယ်ရာတွင် တက်ကြွလှုပ်ရှားသူများ၊ သုတေသီများ၊ နိုင်ငံရေးသမားများ၊ လူမှုလုပ်သားများ၊ ဂျာနယ်လစ်များ၊ ရှေ့နေများ၊ ရပ်ရွာခေါင်းဆောင်များအနက်မှ ထင်ရှားသူများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ပူးတွဲရွေးချယ်ခဲ့ခြင်းဖြစ်သည်။ **(ကြေးမုံ)**

❂ အာရှ ယူ-၁၉မှ

အသင်းသည် ထိုင်းအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ၁၅-၂၅ မှတ်၊ ၁၈-၂၅ မှတ်၊ ၁၇-၂၅ မှတ်ဖြင့် သုံးပွဲပြတ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို ဒုတိယအဆင့်အုပ်စုတွင် တွေ့ဆုံစဉ်က ရှုံးနိမ့်ခဲ့ပြီး ယခုပြိုင်ပွဲတွင် နှစ်ကြိမ်ဆက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အဆင့်(၅)နေရာလုပွဲအဖြစ် တရုတ်(တိုင်ပေ)နှင့် ထိုင်း၊ အဆင့်(၇)နေရာလုပွဲအဖြစ် မြန်မာနှင့် သြစတြေးလျအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာအသင်းသည် ပထမအဆင့်အုပ်စုတွင် သြစတြေးလျအသင်းနှင့် တွေ့ဆုံစဉ်က သုံးပွဲပြတ်ဖြင့် အနိုင်ရရှိထားသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဂျပန်အသင်းက တရုတ်အသင်းကို ၂၅-၁၆ မှတ်၊ ၂၉-၂၇ မှတ်၊ ၂၅-၂၂ မှတ်ဖြင့် အနိုင်ရခဲ့ပြီး တောင်ကိုရီးယားနှင့် အီရန်အသင်းတို့ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး တောင်ကိုရီးယားအသင်းမှာ ရှေ့ပွဲငယ်နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့သော်လည်း ပွဲငယ်နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့သောကြောင့် ပွဲငယ်ငါးပွဲအထိ ကစားခဲ့ရသည်။ တောင်ကိုရီးယားအသင်းသည် ၂၅-၁၉ မှတ်၊ ၂၅-၂၂ မှတ်၊ ၂၃-၂၅ မှတ်၊ ၁၆-၂၅ မှတ်၊ ၁၅-၉ မှတ် သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် အဆင့်(၇)နေရာလုပွဲအဖြစ် မြန်မာနှင့် သြစတြေးလျ၊ မွန်းလွဲ ၁၂ နာရီခွဲတွင် အဆင့်(၅)နေရာလုပွဲအဖြစ် တရုတ် (တိုင်ပေ)နှင့် ထိုင်း၊ ညနေ ၃ နာရီတွင် တတိယနေရာလုပွဲအဖြစ် တရုတ်နှင့် အီရန်၊ ညနေ ၅ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် ဂျပန်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(ရဲရင့်ရှိုင်း)**


ဦးရဲနိုင်


ဦးစည်သူအောင်မြင့်


ဒေါ်အိအိတင်


ဦးဟန်ထွေးအောင်


ဦးညဏ်လှိုင်လင်း


ဦးအောင်သူရ

**❐ မောင်တောဒေသမှ**

**ဦးရဲနိုင်(အထွေထွေမန်နေဂျာ)**
**ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

ရခိုင်ပြည်နယ် မောင်တောဒေသရဲ့ နယ်မြေလုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနဲ့ နယ်မြေဒေသတည်ငြိမ်အေးချမ်းလာမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအခြေအနေတွေကို သတင်းမှန်ရယူနိုင်ဖို့အတွက် ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့တွေကို မြေပြင်ကွင်းဆင်းပြီး လွတ်လပ်စွာ သတင်းရယူနိုင်ဖို့ ကျွန်တော်ဦးဆောင်ပြီး သွားရောက်ခဲ့ပါတယ်။ ပြည်တွင်း ပြည်ပမီဒီယာ ၁၈ ဦးကို မတ် ၂၈ ကနေ မေ ၁ ရက်အထိ မြေပြင်မှာ လတ်တလောသတင်းဖြစ်ပေါ်နေတဲ့ နေရာတွေကို လျာထားရွေးချယ်ပြီး သွား ရောက် သတင်းယူကြတာဖြစ်သော်လည်း ခရီးစဉ်အတွင်းမှာပဲ ထပ်တိုးပြီး သတင်းထပ်မံရယူလိုတဲ့ နေရာတွေကို ထပ်ဆင့်ညှိနှိုင်းပြီး သတင်းရယူနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရတဲ့ အခြေအနေတွေအပြင် နယ်မြေတည်ငြိမ် အေးချမ်းရေးဆောင်ရွက်နေမှုနဲ့ နောက်ဆုံးအခြေအနေတွေကို ပြည်တွင်းပြည်ပ မီဒီယာများမှတစ်ဆင့် အများပြည်သူတို့ သိရှိခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် မီဒီယာတစ်ခုတည်းကပဲ သတင်းတွေ ပုံဖော်တင်ဆက်နေတာမျိုး မဟုတ်ဘဲ သတင်းဌာနစုံရဲ့ ရှုထောင့်စုံ မြင်ကွင်းစုံကနေ သတင်းမှန်တွေ ပျံ့နှံ့ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မောင်တောဒေသရဲ့ သတင်းမှန်တွေကို ပြည်တွင်းသာမကဘဲ ပြည်ပကပါသိရှိနိုင်မှာ ဖြစ်ပါတယ်။

**ဦးစည်သူအောင်မြင့် (အယ်ဒီတာချုပ်)**
**စင်ထရယ်နယူးဗျူရို**

ဒီခရီးစဉ် မစခင်ကတည်းက ဘယ်ကိုသွားမယ်။ ဘယ်နေရာတွေမှာ သတင်းယူမယ်။ ဘယ်လိုပုံစံနဲ့ယူမယ်ဆိုတာကို သက်ဆိုင်ရာ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ သတင်းသွားယူမယ့် သတင်းသမားအချို့ ကြိုတင်ညှိနှိုင်းတာရှိပါတယ်။ ညှိနှိုင်းတဲ့အတိုင်းပဲ သူတို့စီစဉ်ပေးတာ ကျွန်တော်တို့ တွေ့ရတယ်။ သူတို့ပြချင်တဲ့နေရာကိုပဲ လိုက်ပြတာမဟုတ်ပါဘူး။ ခရီးစဉ်မှာ အချိန်ကြောင့် အချို့ကို ဖြုတ်ပြီး ကျွန်တော်တို့ အသစ်ပြန်တိုးချင်တာတွေကိုလည်း လုပ်ပေးခဲ့တယ်။ ဒါကြောင့် လွတ်လပ်စွာ သတင်းရယူခွင့်ရှိတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ပထမတစ်ကြိမ်လာတုန်းက ကျွန်တော်တို့ စိုးရိမ်တယ်။ မီးလောင်တဲ့နေရာတွေတွေ့တယ်။ အဲဒီမှာ လူတွေ ပြန်မလာနိုင်ဘူး။ ခြောက်ခြောက်သွေ့သွေ့ အနေအထားကို တွေ့တယ်။ မောင်တောလိုနေရာမျိုးမှာကအစ လူတွေ အသွားအလာနည်းတယ်။ အရောင်းအဝယ်တွေ ရပ်ဆိုင်းနေတယ်။ အခုတစ်ခေါက် ပြန်လာတဲ့အခါမှာတော့ အစိုးရရဲ့ အကောင်အထည်ဖော်မှုရောကိုင်တွယ်ပုံအရပါ ရွာတွေတော်တော်များများမှာ ပြန်ရောက်တဲ့သူက အတော်လေးကို များလာပြီ။ ပြန်မရောက်တဲ့သူတွေ ရှိတာတော့တွေ့တယ်။ ကျွန်တော်တို့ ထင်ခဲ့သလို အများကြီး ပြန်မလာတော့တဲ့ ပုံစံမဟုတ်ဘူး။ နောက်ကျွန်တော်တို့ စိုးရိမ်တာတစ်ခုက ပထမတစ်ခေါက် ခရီးစဉ်အပြီးမှာ သက်ဆိုင်ရာ အစိုးရနဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကို ကျွန်တော်တို့မေးခဲ့တယ်။ မီးလောင်သွားတဲ့နေရာမှာ သက်ဆိုင်ရာမိသားစုဝင်တွေကို နေရာပြန်ချပေးမှာလားဆိုပြီးတော့ပါ။ အခုတစ်ခေါက်ရောက်တဲ့အချိန်မှာတော့ အချို့ရွာငယ်လေးတွေ သူ့ဘာသာ နေရာပြန်ယူလာတာတွေ့ရတယ်။ အချို့ရွာကြီးတွေ ကျွန်တော်တို့တွေ့ခဲ့တဲ့ တစ်နေရာမှာဆိုရင် ဘူဒိုဇာတွေနဲ့ မြေညှိနေပြီး စနစ်တကျ နေရာပြန်ချထားပေးမယ် သိရတယ်။ ဒါတွေဟာ ကောင်းတဲ့ လက္ခဏာတွေပါ။

အခုခရီးစဉ်က ကျွန်တော်တို့ကို လွတ်လွတ်လပ်လပ် သတင်းယူခွင့်ပြုတယ်။ သက်ဆိုင်ရာတာဝန်အရှိဆုံးသူတွေနဲ့ တွေ့ဆုံမေးမြန်းခွင့်တွေ ပေးတဲ့အတွက်ကြောင့် အခြေအနေတော်တော်များများကို သိခွင့်ရတယ်။ အဆင်မပြေတာတစ်ခုက ဘာကိုတွေ့ခွင့်ရသလဲဆိုတော့ ကိုဖီအာနန် အကြံပြုချက်ထဲမှာလည်းပါတယ်။ အတိုင်ပင်ခံရုံးကရော၊ နိုင်ငံတော်အစိုးရကရော လုပ်မယ်လို့ရည်ရွယ်ထားတဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အဲဒီကနေတစ်ဆင့် ပဋိပက္ခတွေ လျှော့ချမယ်ဆိုတဲ့ အစီအစဉ်တစ်ခုပါတယ်။ ဒါပေမဲ့ အဲဒီအစီအစဉ်လုပ်ဖို့အတွက် အခုဘာတွေ ဖြစ်နေသလဲဆိုတော့ နိုင်ငံသားစိစစ်မှု ခံယူမယ့်ကတ်ပြား NVC ကတ် ထုတ်ပေးတဲ့ကိစ္စမှာ အခက်အခဲတွေအများကြီးတွေ့နေတာ တွေ့ရတယ်။ အဲဒါက ဒီဒေသမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေက ကတ်ပြား မလုပ်ချင်ကြဘူး။ တစ်ဖက်က အစိုးရအနေနဲ့ကလည်း အုပ်ချုပ်ရေးအရရော နယ်မြေစိုးမိုးရေးအရပါ ဒီကတ်ပြားရှိတဲ့သူတွေသာ ခရီးသွားလာခွင့်၊ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ကုန်သွယ်ခွင့်၊ နောက်လှေလုပ်ငန်းတွေမှာ လုပ်ကိုင်ခွင့်ပေါ့။ အဲဒီလို စည်းကမ်းတွေ သတ်မှတ်ထားတော့ သူတို့တွေက လာမလုပ်ဘူး။ တစ်ဖက်ကလည်း ဒါတွေလုပ်မှသာ စီးပွားရေးကိစ္စတွေ လုပ်နိုင်မယ်ဆိုတော့ အဲဒီအခက်အခဲအကျပ်အတည်းကြီး တစ်ခုတော့ တွေ့ရတယ်။ အဲဒီအခက်အခဲကို ကောင်းကောင်းမဖြေရှင်းနိုင်ရင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ အဲဒီကတစ်ဆင့် ပဋိပက္ခလျှော့ချရေးကို လုပ်ကိုင်ရ ခက်ခဲမယ်လို့ ထင်တယ်။ ကျွန်တော့်အကြံပြုချက်က ဒီကိစ္စကို စဉ်းစားပြီးတော့မှ လက်တွေ့ကျကျ အဖြေရှာပါလို့ပဲ မေတ္တာရပ်ခံချင်တယ်။

**ဒေါ်အိအိတင် (နိုင်ငံခြားသတင်းထောက်)**
**ဖူဂျီတီဗွီ**

လွတ်လွတ်လပ်လပ် သတင်းယူနိုင်ပါတယ်။ လုံခြုံရေးလည်း အပြည့်ရှိပါတယ်။ အဲဒီဒေသမှာရှိတဲ့ နှစ်ဖက်အသိုင်းအဝိုင်းရဲ့ သတင်းတွေ အကုန်ရယူနိုင်ပါတယ်။ အောက်တိုဘာ ၉ ရက် ဖြစ်စဉ်မှာ မရောက်တော့ မသိဘူး။ အခုအခြေအနေမှာတော့ အစိုးရ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ နောက် NGO တွေ သူတို့တွေ ကူညီထားတာတွေ ထောက်ပံ့ထားတာတွေ တွေ့ခဲ့သိခဲ့ရပါတယ်။

အခုအချိန်အထိ ရခိုင်ပြည်က ကမ်းရိုးတန်းအရှည်ကြီးနဲ့ သာယာပါတယ်။ မောင်တောတစ်ဝိုက်မှာတော့ ရခိုင်တိုင်းရင်းသားရွာ အနည်းငယ်သာတွေ့ရပြီး ကျန်တာတွေကတော့ အစ္စလာမ်ဘာသာဝင်တွေ နေထိုင်တဲ့ ကျေးရွာတွေ အများကြီးတွေ့ရတယ်။ ဒါကြောင့် တိုင်းရင်းသားကျေးရွာတွေ များများတွေ့ချင်ပါတယ်။ ရေသယံဇာတ၊ မြေသယံဇာတတွေရှိတဲ့ ရခိုင်ပြည်ကို ဒီထက်အများကြီး တိုးတက်အောင် လုပ်လို့ရပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေ သိပ်မရှိဘူး။ သူတို့အတွက် အလုပ်အကိုင်တွေ ဖန်တီးပေးရမယ်။ ကျွန်မတို့ ဖြတ်လာတဲ့ ရွာတစ်ရွာရဲ့ လှေဆိပ်မှာဆို လှေတွေအများကြီး ရပ်ထားတာ တွေ့တယ်။ အလုပ်လုပ်လို့မရဘူး။ လုပ်ငန်းရှင်တွေအပြင် လုပ်ငန်းရှင်နဲ့ ပတ်သက်တဲ့ ပတ်ဝန်းကျင်တစ်ခုလုံးလည်း ထိခိုက်မှုတွေရှိတယ်။ ဘာသွားတွေ့လည်းဆိုတော့ သူတို့ရဲ့စိတ်ထဲမှာ ကွဲပြားခြားနားတဲ့ အတွေးတွေ ဝင်နေတာ တွေ့တယ်။ NVC ကတ်လုပ်ဖို့ပြောတော့လည်း သူတို့တွေသည် ဧည့်နိုင်ငံသားဖြစ်သွားမယ်။ ဒါကြောင့် မလုပ်ချင်ဘူး။ နောက်တစ်ခါ ကျွန်မတို့ ပြန်ကြားတာက NVC ကတ်လုပ်မယ်ဆိုရင် ခြိမ်းခြောက်မှုတွေ ရှိတယ်။ ဒီကတ်လုပ်ရင် အသက်အန္တရာယ်ရှိတယ်။ မလုပ်နိုင်ဘူး။ မလုပ်နိုင်တော့ လှေထိုးသားတွေ အလုပ်သမားတွေ လာမလုပ်နိုင်ဘူး။ ဒါကြောင့် အစိုးရအနေနဲ့ အချိန်ယူပြီးတော့ ဒီပြဿနာကို ဖြေရှင်းရမယ်ထင်တယ်။ ရခိုင်ပြည်နယ်အရေးက ဆတ်ဆတ်ထိမခံပါဘူး။ နိုင်ငံတကာအနေနဲ့ကလည်း စိတ်ဝင်စားတယ်။

**ဦးဟန်ထွေးအောင် (ဂျပန်သတင်းဌာန)**
**တီဗွီအဆာဟိ**

ရခိုင်ခရီးနဲ့ပတ်သက်ပြီး ဒီဇင်ဘာလတုန်းကလည်း ကျွန်တော်တစ်ခေါက်သွားခဲ့ရပါတယ်။ အခုတစ်ခေါက် ထပ်ရောက်လာတဲ့အခါမှာ သတင်းယူရတာပိုပြီး လွတ်လပ်လာပါတယ်။ ခရီးစဉ်တစ်လျှောက် ကိုယ်စိတ်ဝင်စားတဲ့ နေရာမှာ မော်တော်ယာဉ်ကို ရပ်ခိုင်းပြီး သတင်းယူလို့ရတယ်။ ဒီတစ်ခေါက်ပြည့်ပြည့်စုံစုံနဲ့ တော်တော်လေးကို စီစဉ်ပေးပါတယ်။ စိတ်ကြိုက် အင်တာဗျူးလုပ်ခွင့်ရတယ်။ ပြောင်းလဲမှုအနေနဲ့ ပထမတစ်ခေါက်မှာ မီးလောင်ပြင်အတိုင်းပဲရှိသေးတယ်။ အခုတစ်ခေါက်မှာတော့ ပိုမိုတိုးတက်လာတာက နိုင်ငံတော်က ပြန်လည်နေရာချထားပေးဖို့ စက်ယန္တရားတွေနဲ့ မြေကေအကျယ်ကြီးပေါ်မှာ ရှင်းလင်းနေတာ တွေ့ပါတယ်။ ရွာသားတွေရဲ့ အမူအယာကလည်း လျော့ပါးလာပါတယ်။ သတင်းမီဒီယာတွေကို အားကိုးတကြီး ပြောစရာရှိတာတွေ ပိုမိုပြောလာပါတယ်။

ဘာအကြံပြုရမလဲဆိုရင် ဒီဒေသက လွန်စွာသိမ်မွေ့နက်နဲပြီး ကိုင်တွယ်ရမယ့်ကိစ္စဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ အချုပ်အခြာအာဏာကို ထိပါးလာတာကို ဖြေရှင်းရတာကတစ်ကြောင်း၊ နောက်တစ်ခုက နိုင်ငံတကာရဲ့ လူ့အခွင့်အရေး စံနှုန်းတွေနဲ့ တိုင်းပြီးတော့ အားနည်းတဲ့ လူမျိုးတစ်မျိုးအပေါ် အနိုင်ယူတယ်ဆိုတဲ့ စွဲချက်တွေနဲ့ အစိုးရမှာ တော်တော်လေးသိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းနေရပါတယ်။ မီဒီယာတွေအနေနဲ့ အခုလိုလွတ်လွတ်လပ်လပ်သတင်းယူခွင့်ရပေမယ့် ကျွန်တော်နိုင်ငံခြားပြည်ပ မီဒီယာတစ်ခုအနေနဲ့ ပြောရရင် နိုင်ငံခြားသားတွေကလည်း သူတို့မျက်မြင်ကိုယ်တိုင် သတင်းရယူချင်တဲ့စိတ်တွေ ရှိနေပါတယ်။ ကျွန်တော် အကြံပြုချင်တာက လုံခြုံရေးရော အခြားအရာတွေပါ အခြေအနေကောင်းလာတဲ့ မကြာခင်အချိန်မှာ နိုင်ငံခြားသား သတင်းသမားတွေခေါ်ယူပြီး ပြသနိုင်ရင်တော့ နိုင်ငံတကာရဲ့ စွပ်စွဲချက်တွေက ပိုပြီးတော့ ပြေလည်သွားမယ် ထင်ပါတယ်။ ကျွန်တော်တို့ အခုရရှိတဲ့ သတင်းအချက်အလက်တွေကိုလည်း ကျွန်တော်တို့ရဲ့ နိုင်ငံခြားသတင်းဌာနကို အမှန်အတိုင်း တင်ပြမှာပါ။

**ဦးညဏ်လှိုင်လင်း (နေပြည်တော်တာဝန်ခံ)**
**ဖရန့်တီးယားမြန်မာ**

အစိုးရစီစဉ်ပေးတဲ့ ရခိုင်ခရီးစဉ်မှာက ခရီးစဉ်အနေအထားရယ်၊ အချိန်ရရှိမှုရယ်၊ ခရီးအကွာအဝေးရယ် ဒါတွေအားလုံး အဆင်ပြေပါတယ်။ သတင်းရယူခွင့်အနေနဲ့ ကျွန်တော်တို့ ဖြတ်သန်းသွားလာလို့ရတဲ့ နေရာမှန်သမျှမှာ လွတ်လွတ်လပ်လပ် သတင်းရယူခွင့် ရှိခဲ့တယ်။ ပထမတစ်ရက်မှာ သတင်းပြန်လည် မေးမြန်းမှုကြောင့် အခက်အခဲကြုံခဲ့ပေမယ့် နောက်ရက်တွေအားလုံး အဆင်ပြေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအများကြီးမရှိပေမယ့် နှစ်ဖက်လူ့အဖွဲ့အစည်း အရင်လိုထိပ်တိုက်တွေ့မှုတွေ မရှိတော့ဘူး။ နှစ်ဖက်အကြားယုံကြည်မှုတည်ဆောက်ဖို့နဲ့ အဖြေရှာနိုင်တဲ့ အနေအထားတော့ မတွေ့သေးဘူး။ ပဋိပက္ခမကြီးထွားအောင် ရပ်တန့်နိုင်တာ တိုးတက်မှုလို့ ပြောရင်တော့ရတယ်။ တကယ်ဖြစ်သင့်တဲ့ အခြေအနေတွေနဲ့ ဖြေရှင်းရမယ့် ကိစ္စတွေတော့ အများကြီး ကျန်နေသေးတယ်။

အကြံပြုချင်တာက လွတ်လပ်စွာ သတင်းရယူခွင့်အပိုင်းပါ။ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် သွားလို့ရတယ်။ သတင်းရယူခွင့်တွေရတယ်။ မှန်တယ်။ ဒါပေမဲ့ သတင်းရင်းမြစ်တွေအပိုင်းမှာတော့ သူတို့ကို အာဏာပိုင်အဖွဲ့အစည်းက အရေးယူမှာစိုးရိမ်နေသလို သူတို့တွေရဲ့ အဖွဲ့အစည်းထဲမှာလည်း ခြိမ်းခြောက်ခံရတဲ့ အခြေအနေတွေ ရှိနေတယ်။ စိတ်မကောင်းစွာပဲ တင်းမေကျေးရွာတာဝန်ခံ အသတ်ခံရတယ်ကြားတယ်။ ဒါမျိုးတွေက မြေပြင်အခြေအနေမှာ သတင်းမှန် ဖော်ထုတ်ရယူဖို့အတွက် သတင်းမီဒီယာတွေမှာ အခက်အခဲရှိလာသလို အားလုံးသိသင့်သိထိုက်တဲ့ သတင်းမှန်ရရှိဖို့ အဟန့်အတားဖြစ်နေတယ်။ ဒီသတင်းရင်းမြစ်တွေရဲ့ လုံခြုံရေးကို အစိုးရအနေနဲ့ ထည့်သွင်းစဉ်းစားသင့်တယ်။ နောက်တစ်ခုက အမှုတွေကို စစ်ဆေးဖော်ထုတ်တဲ့နေရာမှာ ယုံကြည်မှုပိုမိုရအောင် နိုင်ငံတကာအဖွဲ့တွေနဲ့ ပူးတွဲစစ်ဆေးရင် ပိုကောင်းနိုင်မယ်။ ဥပမာ မုဒိမ်းမှု၊ လူသတ်မှုဆိုတာတွေကို ဆေးပညာအရ ဖော်ထုတ်တဲ့နေရာမှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်တာမျိုးဆို ပိုကောင်းတယ်။ အစ္စလာမ်အသိုင်းအဝိုင်းအချင်းချင်းမှာကိုက ခြိမ်းခြောက်မှုတွေ ရှိလာနေတော့ အစိုးရအနေနဲ့ ယုံကြည်မှုရဖို့ အထူးသတိထား လုပ်ဆောင်ဖို့လိုတယ်လို့ ယူဆပါတယ်။

**ဦးအောင်သူရ(သတင်းထောက်)**
**ဘီဘီစီမြန်မာပိုင်း**

လွတ်လပ်စွာ သတင်းရယူခွင့်နဲ့ ပတ်သက်ပြီးပြောရရင် ကျွန်တော်တို့ ဘူးသီးတောင်မှာ သတင်းရယူတဲ့အခါ အစိုးရဘက်ကသူတွေ ကျွန်တော်တို့ မေးတဲ့အနားမှာ လာနေနေတော့ အဆင်မပြေဘူး။ ဒုတိယရက် မောင်တော ခရီးစဉ်ကစပြီးတော့ အဆင်ပြေတယ်။ လွတ်လွတ်လပ်လပ် သတင်းရယူခွင့်ပေးတယ်။ ကျေးရွာတွေကို သွားလို့ရတယ်။ မေးမြန်းလို့ရတယ်။ ရဲတပ်ဖွဲ့ဝင်တွေကလည်း အနားမှာမနေဘဲ ခပ်ဝေးဝေးကပဲ နေပေးတော့ တော်တော်လေးကို အဆင်ပြေပါတယ်။ ခရီးစဉ်တစ်ခုလုံးခြုံပြောရရင် သတင်းယူရတာ ကောင်းတယ်။ အဆင်ပြေတယ်။ အောက်တိုဘာလ ၉ ရက် နောက်ပိုင်းအပြီး ယေဘုယျကြည့်မယ်ဆိုရင် တည်ငြိမ်တယ်လို့ ပြောလို့ရတယ်။ တာဝန်ရှိသူတွေကလည်း ပြောပါတယ်။ လူတွေရဲ့အနေအထားကို ကြည့်ရင်တော့ စိတ်လုံခြုံမှုက မရှိသေးဘူး။ အားလုံးက အကြောက်တရားနဲ့ ကျီးလန့်စာစားနေနေရတဲ့ သဘောပေါ့။ ဖြစ်လည်း ဖြစ်လာနိုင်တယ်။ လူတွေကြားထဲမှာကို မကျေနပ်တဲ့ အသွင်သဏ္ဍာန်တွေ တွေ့နေရတယ်။

ဒီဒေသမှာဖြစ်နေတဲ့ သတင်းအခြေအနေအမှန်ကို တစ်ကမ္ဘာလုံး သိရှိဖို့လိုတယ်။ အဲဒီလို သိရှိနိုင်ဖို့အတွက် တစ်ကမ္ဘာလုံးကို ပျံ့နှံ့နိုင်တဲ့ ဘက်မလိုက်တဲ့ နိုင်ငံခြားသားပါဝင်တဲ့ မီဒီယာတွေကို ပေးဝင်ပြီး ကျွန်တော်တို့လို လွတ်လွတ်လပ်လပ် သတင်းယူခွင့်ပေးလိုက်မယ်ဆိုရင် အခြေအနေအားလုံးကို တစ်ကမ္ဘာလုံးက သိသွားမယ်။ ဒါဆိုရင် တော်တော်လေး ထိရောက်မှုရှိနိုင်ပါတယ်။ နောက်ပြဿနာကို ဖြေရှင်းကိုင်တွယ်ပုံက မှားနေတယ်ထင်တယ်။ ကိုယ့်နိုင်ငံထဲမှာ နေထိုင်တဲ့သူတွေအားလုံးဟာ ကိုယ့်နိုင်ငံရဲ့ ဥပဒေတွေကိုလေးစားလိုက်နာဖို့လိုတယ်။ နောက်လူဆိုတဲ့ ရှုထောင့်ကကြည့်ပြီး သူတို့ရဲ့ အခက်အခဲတွေကို ကူညီပေးဖို့လိုတယ်။ နောက် အဲဒီလူတွေဟာ ဒီနိုင်ငံထဲမှာနေရင် ဒီနိုင်ငံရဲ့ ဥပဒေကို လေးစားလိုက်နာဖို့လိုတယ်။ ဒါတွေကို အစိုးရအနေနဲ့ ထိထိရောက်ရောက် လုပ်ဆောင်စေချင်ပါတယ်။ ပြဿနာဆိုတာ ဖုံးကွယ်ထားလို့မရဘူး။ ဒီတော့ ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ နည်းလမ်းမျိုးကို ရှာဖွေစေချင်ပါတယ်။

**ဒေါ်ဆင့်ဆင့်အောင်(ဂျပန်သတင်းဌာန) နီပွန်တယ်လီဗေးရှင်း**

အောက်တိုဘာလ ၉ ရက် ဖြစ်စဉ်နောက်ပိုင်း ဒီမှာ ဘာတွေဆောင်ရွက်မှုရှိသလဲဆိုတာ သိချင်လို့လာတာ။ ပထမဆုံးဘူးသီးတောင်က တင်းမေရွာကိုသွားခဲ့တယ်။ နောက် မောင်တောမှာရှိတဲ့ ရွာ ၁၀ ရွာလောက်သွားခဲ့တယ်။ အကြမ်းဖက်ဖြစ်စဉ်မှာ တိုက်ခိုက်ခံရတဲ့နေရာ နှစ်ခုကိုလည်းသွားခဲ့တယ်။ သတင်းယူရတာ လွတ်လပ်တယ်။ အစီအစဉ်ထဲမှာမပါဘဲ ကိုယ်သွားချင်တဲ့ နေရာကို တောင်းဆိုတော့ ဖြစ်အောင်စီစဉ်ပေးတယ်။ ရွာတစ်ရွာမှာဆို ဘူဒိုဇာတွေနဲ့ မြေညှိနေတာ တွေ့တယ်။ မေးကြည့်တော့ မြေ ၂၄ ဧက ပေါ်မှာ အိမ်ခြေ ၃၀၀ နီးပါးလောက်ဆောက်ပြီး နေရာချထားပေးမယ်ပေါ့။ ဒါက အစ္စလာမ်ဘာသာဝင်တွေနေတဲ့ရွာပါ။ ဒါက ပြောင်းလဲနေတယ်ပေါ့။

**စာမျက်နှာ ၉ သို့ ❖**

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်
ဓာတ်ပုံ - ဖိုးထောင်


ဦးအောင်သူရ


ဒေါ်မေခ


ဦးထက်နိုင်ဇော်


ဒေါ်ကြူကြူသင်း


ဦးငြိမ်းချမ်းနိုင်

❖ စာမျက်နှာ ၈ မှ

ဘူးသီးတောင်၊ မောင်တောကို အခုပထမဆုံးရောက်တာ။ ရောက်တဲ့ နေရာမှာ မြေတွေအကျယ်ကြီး တွေ့ရတယ်။ တောတောင်တွေ၊ သစ်ပင်တွေနဲ့ဆိုတော့ အောက်တိုဘာဖြစ်စဉ်လို အကြမ်းဖက်မှုတွေ ဖြစ်လာမယ်ဆိုရင် ရှောင်တိမ်းလို့ရတယ်။ နောက် မြေလွတ်မြေရိုင်းတွေ အများကြီး တွေ့တော့ နှစ်ဖက်စလုံး စီးပွားရေး အဆင်ပြေအောင် မြေယာတွေ ဖော်ထုတ်ပေးမယ်။ ရခိုင်တိုင်းရင်းသားတွေ တင်မကဘဲ နောက် အခြားတိုင်းရင်းသားတွေပါလာနေမယ်၊ အလုပ်အကိုင် အခွင့်အလမ်းတွေရအောင် ဖန်တီးပေးမယ်ဆိုရင် လူဦးရေများလာပြီး ပိုကောင်းလာမယ် ထင်တယ်။

**ဒေါ်မေခ (သတင်းထောက်)**
**ဗွီအိုအေသတင်းဌာန (ရန်ကုန်ရုံးခွဲ)**

အခု ရခိုင်ခရီးစဉ်မှာ ကျွန်မတို့ အနေနဲ့ လွတ်လွတ်လပ်လပ် သတင်းရယူခွင့်ရှိခဲ့ပါတယ်။ အခု ဘာတွေ လုပ်နေတာတွေ့ရလဲဆိုတော့ အစိုးရဘက်က မီးလောင်သွားတဲ့နေရာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်တာတွေ မြင်ခဲ့ရတယ်။ နောက် နှစ်ဖက်အသိုင်းအဝိုင်းနဲ့ လွတ်လပ်စွာ တွေ့ဆုံခဲ့ရတော့ အစိုးရဘက်က တစ်ဦးချင်းစီအတွက် မလုပ်ပေးနိုင်ပေမယ့် စောင့်ရှောက်ပေးတာမျိုးတွေ ရှိတယ်။ ဒီမှာ ကျွန်မတို့ သတင်းရယူတဲ့အခါ နှစ်ဖက်အဖွဲ့အစည်း နှစ်ခုလုံးက ကြောက်စိတ်တွေ ရှိတယ်။ ယုံကြည်မှုအားနည်းနေသေးတယ်။ စိုးရိမ်မှုတွေရှိနေကြတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီလူတွေရဲ့ စိုးရိမ်စိတ်လျော့ပါးအောင် လုပ်ပေးဖို့ တော်တော်လေး အချိန်ယူရဦးမယ်။ အစီအစဉ်တွေ သေချာစနစ်တကျဆွဲပြီး လုပ်ပေးစေချင်တယ်။ အဓိက ထပ်အကြံပေးချင်တာက အစိုးရအနေနဲ့ လုံခြုံရေးအတွက် ကောင်းမွန်အောင် လုပ်ဆောင်ပေးနေတာ တွေ့ရပေမယ့် တစ်ဦးတစ်ယောက်ချင်းရဲ့ လုံခြုံရေးက အားနည်းမှုရှိနေတယ်။ ကျွန်မတို့ မောင်တောမှာ သတင်းယူနေတဲ့ အချိန်တောင်မှ သတင်းထောက်တွေ အနေနဲ့ လုံခြုံမှုမရှိဘူးလို့ ခံစားနေရတယ်။

အာဏာပိုင်တွေက မလုပ်ပေးတာမဟုတ်ဘူး။ လုပ်ပေးနေရက်သားနဲ့ လူအင်အား မမျှတာတွေ ဖြစ်နေတယ်။ အစိုးရအနေနဲ့ လုံခြုံရေးကို ထပ်တိုးမှုတွေ လုပ်စေချင်တယ်။ နှစ်ဖက်အဖွဲ့အစည်းက ကာလကြာရှည်စွာ အတူတူနေခဲ့ပေမယ့် အကြမ်းဖက်တွေရဲ့ လှုံ့ဆော်မှုကြောင့် အခုလိုတွေဖြစ်နေတယ်လို့ အစိုးရက ပြောတယ်။ ဒီနှစ်ခုကို ချိတ်ဆက်ပေးနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ တစ်ဖက်ကပဲ သနားစရာကောင်းပြီး အလွန်အခြေအနေ ဆိုးရွားနေတာ မဟုတ်သလို အခြားတစ်ဖက်ကပဲ အသာစီးရနေတာမျိုး ကျွန်မတို့ မတွေ့ခဲ့ရပါဘူး။ ဒါကြောင့် ဒီအခြေအနေလေးထဲမှာ ဆတူဒုက္ခရောက်နေတာဖြစ်တဲ့အတွက် အစိုးရအနေနဲ့ နှစ်ဖက်စလုံးအပေါ် ဂရုတစိုက်နဲ့ ဆောင်ရွက်ပေးစေလိုပါတယ်။

**ဦးထက်နိုင်ဇော်**
**(အကြီးတန်းသတင်းထောက်)**
**ရေဝတီသတင်းဌာန**

ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာမှာ သတင်းရယူတဲ့အချိန် တာဝန်ရှိသူတွေရဲ့ စောင့်ကြည့်မှုကြောင့် အခက်အခဲအနည်းငယ် ရှိခဲ့ပါတယ်။ မောင်တောမှာတော့ သတင်းကို လွတ်လွတ်လပ်လပ် ရယူခွင့်ရှိခဲ့ပါတယ်။ ကိုယ်မေးချင်တဲ့ မေးခွန်းတွေနဲ့ ကိုယ်တွေ့ချင်တဲ့ အဖွဲ့အစည်းတွေကို လွတ်လပ်စွာ တွေ့ခွင့်ရပါတယ်။ အဲဒီလို တွေ့ခွင့်ရအောင်လည်း ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ပေးပါတယ်။ အောက်တိုဘာ ၉ ရက် ဖြစ်စဉ်နောက်ပိုင်းမှာတော့ အကြမ်းဖက်တိုက်ခိုက်မှုတွေ မရှိတော့ဘဲ အခြေအနေက တည်ငြိမ်စပြုနေပါပြီ။ ဒါပေမယ့် လူတစ်ဦးချင်းမှာတော့ လုံခြုံမှုမရှိဘူးလို့ ခံစားနေရတာတွေ့မြင်ခဲ့ရပါတယ်။ အစ္စလာမ်ဘာသာဝင်တွေကလည်း စိုးရိမ်မှုတွေ ရှိနေသလို ရခိုင်တိုင်းရင်းသားလူနည်းစုမှာလည်း စိုးရိမ်ထိတ်လန့်မှုတွေ တွေ့မြင်နေရဆဲလို့ပြောရမှာပါ။

အစိုးရလုပ်နေတဲ့ NVC ကတ်ကို အစ္စလာမ်ဘာသာဝင်တွေနေထိုင်တဲ့ ကျေးရွာတွေမှာ ထိထိရောက်ရောက် လုပ်ပေးသွားနိုင်ဖို့ လိုပါတယ်။ သူတို့ကိုလည်း ဒီကတ်နဲ့ ပတ်သက်ပြီး ပညာပေးစည်းရုံးမှုတွေ လုပ်ပေးရပါမယ်။ ဒီကတ်ကိုင်တာနဲ့ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရမှာဖြစ်သလို လွတ်လပ်စွာ သွားလာခွင့်ရှိမယ်ဆိုတာမျိုး စည်းရုံးနိုင်ရင် ကောင်းပါမယ်။ ကျန်းမာရေး၊ သောက်သုံးရေနဲ့ အလုပ်လုပ်ခွင့်တွေ ရအောင် စီစဉ်ပေးရပါမယ်။ နောက် ရခိုင်တိုင်းရင်းသားတွေကလည်း လူနည်းစုဖြစ်နေတဲ့အတွက် စိုးရိမ်ပူပန်မှုရှိနေတော့ လုံခြုံရေးအရ အာဏာပိုင်တွေက အကာအကွယ်ပေးဖို့၊ ဘဝလုံခြုံမှုနဲ့ စားဝတ်နေရေး တိုးတက်လာအောင် ဆောင်ရွက်ပေးဖို့ လိုမယ်လို့ ထင်မြင်ပါတယ်။

**ဒေါ်ကြူကြူသင်း (သတင်းထောက်)**
**မြန်မာအင်တာနေရှင်နယ်တီဗွီ**

ရခိုင်ခရီးစဉ်မှာတော့ ဒီဒေသထဲမှာ ဖြစ်ပွားနေတဲ့ အကြောင်းအရာအစုံမဟုတ်ပေမယ့် အထူးသဖြင့် မီးလောင်ခဲ့တဲ့ဒေသတွေမှာ ပြန်လည်ဝင်ရောက်လာတဲ့သူတွေရဲ့ အခြေအနေ၊ နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီဒေသက ရွာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ပေးနေတဲ့ အခြေအနေနဲ့ NVC ကတ်ထုတ်ပေးဖို့ ညှိနှိုင်းဆွေးနွေးနေတယ်ဆိုတဲ့ အခြေအနေတွေကို သတင်းရယူနိုင်ခဲ့ပါတယ်။ သတင်းယူတဲ့အခါမှာ ၉၀ ရာခိုင်နှုန်းလောက်အထိ လွတ်လပ်ပွင့်လင်းစွာ ယူနိုင်တယ်။ သွားနိုင်တယ်။ ကျန်တဲ့ ၁၀ ရာခိုင်နှုန်းဆိုတာကတော့ ကိုယ့်ရဲ့ လုံခြုံရေးပေါ့။ ကိုယ့်အနေနဲ့က ရွာတွေအတွင်းထဲ သတ္တိရှိရှိ ဝင်ဖို့က မရဲဘူး။

အောက်တိုဘာ ၉ ရက် ဖြစ်စဉ်နောက်ပိုင်း ပြောရမယ်ဆိုရင် ဒီဒေသမှာရှိတဲ့သူတွေက ကြောက်နေကြသေးတယ်။ လုံခြုံရေးအတွက် စိုးရိမ်မှုရှိနေသေးတယ်။ ဒေသကတော့ ပြန်ပြီး ဖွံ့ဖြိုးစပြုလာပေမယ့် ၂၀၁၂ ခုနှစ် ရှေ့ပိုင်းလိုပြန်ဖြစ်ဖို့က ခက်ခဲနေသေးတယ်။ ဒီခရီးစဉ်က အချိန်တိုအတွင်းမှာ နေရာစုံသလောက် ရောက်အောင် သွားနိုင်ခဲ့တယ်။ ကိစ္စကြီးကြီးမားမားကို စုံစမ်းဖော်ထုတ်ပြီး လွတ်လပ်စွာ သတင်းရယူနိုင်ခွင့်ရရှိတယ်။ သတင်းထောက်တွေ အတွက် လုံခြုံရေးပိုင်းကိုလည်း ချထားပေးတယ်။ အချိန်ရမယ်။ ရက်နည်းနည်း ဒီထက်ပိုရမယ်ဆိုရင် ကောင်းပါတယ်။

**ဦးငြိမ်းချမ်းနိုင်**
**(ဓာတ်ပုံသတင်းထောက်ချုပ်)**
**European Press-Photo Agency (EPA)**

သတင်းရယူရတာ လွတ်လပ်ပါတယ်။ အရင်တစ်ခေါက် သတင်းရယူရတာထက်တောင် ပိုမိုလွတ်လပ်ပါတယ်။ အရင်တစ်ခေါက်က သွားခဲ့တဲ့ နေရာအချို့ပါသလို နေရာအသစ်တွေလည်း ရောက်တယ်။ ပြောင်းလဲမှုကတော့ အချို့နေရာက သိပ်မပြောင်းလဲသေးဘူး။ အချို့နေရာမှာတော့ ပြောင်းလဲလာတာတွေ့နေရပြီ။ ဥပမာ ကျွန်တော်တို့သွားခဲ့တဲ့ ရွာတစ်ရွာမှာဆို စက်ယန္တရားတွေနဲ့ မြေကွက်တွေ ဖော်နေတာ တွေ့ရတယ်။ အကြမ်းဖက်ဖြစ်စဉ်တုန်းက နေရပ်ကရွှေ့ပြောင်းသွားတဲ့ သူတွေရှိတယ်။ သူတို့တွေ ပြန်ရောက်လာတော့ နေဖို့ဆိုပြီး နေရာချထားရေး လုပ်နေတာတွေ့တယ်။ အဲဒီလို ပြောင်းလဲမှုတွေတော့ တွေ့တယ်။

ဒီအရေးနဲ့ပတ်သက်ပြီး အခြားနိုင်ငံက သတင်းမီဒီယာတွေ တော်တော်များများကလည်း စိတ်ဝင်စားကြတယ်။ တော်တော်များများက ဒီနေရာနဲ့ပတ်သက်ရင် ဝိုင်းရေးကြတော့ သတင်းကြီးသွားတယ်။ အမှန်တကယ်ဖြစ်တာတွေလည်းပါမယ်။ ကောလာဟလတွေလည်းပါမယ်။ အချို့သတင်းတွေကို ရေးပြီးမှ ဒီအရာကို အတည်မပြုနိုင်ပါဘူးဆိုပြီး တစ်ကြောင်းတည်းနဲ့ ပိတ်လိုက်တာမျိုးလည်းတွေ့ရတယ်။ ဘယ်လိုပုံစံဖြစ်သင့်သလဲဆိုတော့ ကျွန်တော်တို့ တင်မဟုတ်ဘူး။ ကျွန်တော်တို့ထက် အားကြီးတဲ့ မီဒီယာကြီးတွေရှိတယ်။ အဲဒီသတင်းမီဒီယာက ပုဂ္ဂိုလ်တွေ နိုင်ငံခြားသားဖြစ်မယ်ဆိုပါတော့။ နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ သူတို့တွေကိုလည်း ဖိတ်ပြီးတော့ ကျွန်တော်တို့ သွားခဲ့သလိုပဲ လုပ်ပေးသင့်တယ်။ ကျွန်တော်တို့ အခုသွားသလိုပဲ ဒီပုံစံအတိုင်း သွားရောက်ရင် ပြဿနာမဖြစ်ဘူးလို့မြင်တယ်။ သူတို့တွေလည်း အန္တရာယ်ကင်းနိုင်မယ်လို့ ယူဆတယ်။ အဲဒီတော့ သူတို့တွေ မျက်စိနဲ့ မြင်သွားမယ်။ သူတို့ကိုယ်တိုင် ဘယ်ဟာ မှန်တယ်၊ မှားတယ်ဆိုတာ ဆုံးဖြတ်နိုင်မယ်လို့ မြင်ပါတယ်။

# လောင်းဒုံကျေးရွာအုပ်စု ဖော်တီချောင်းရွာ၌ နေအိမ်တစ်လုံးမီးလောင်



**နေပြည်တော် မေ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဖော်တီချောင်းရွာ၌ ယမန်နေ့နံနက်ပိုင်းက ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် လောင်းဒုံကျေးရွာအုပ်စု ဖော်တီချောင်းရွာရှိ ဇာဟိတ်ဟူဆောင်း၏ နေအိမ်၌ ယမန်နေ့ နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က ဖယောင်းတိုင်မီးထွန်းရာမှ ပေါ့ဆမီးလောင်းကျွမ်းခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်**

အဆိုပါ မီးလောင်မှုကြောင့် ဇာဟိတ်ဟူဆောင်းနေထိုင်သော သက်ငယ်မိုး၊ ဝါးထရံကာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးပေါ့ဆစွာသုံးစွဲသူ ဇာဟိတ်ဟူဆောင်းအား ကြိမ်ချောင်းရဲစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မောင်တောခရိုင်မှ ရဲမှုထမ်းဟောင်းများအား တတိယအကြိမ်မြောက် ပူဇော်ကန်တော့ပွဲပြုလုပ်

**မောင်တော မေ ၄**

မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် မောင်တောမြို့နယ် ရဲမှုထမ်းဟောင်းများ သာရေး၊ နာရေးကူညီစောင့်ရှောက်မှုအဖွဲ့က အသက်(၇၀)နှင့်အထက် မောင်တောခရိုင်မှ ရဲမှုထမ်းဟောင်းများအား တတိယအကြိမ် ပူဇော်ကန်တော့ပွဲကို မောင်တောခရိုင်ရဲတပ်ဖွဲ့မှူးရုံး မေယုခန်းမ၌ မေ ၂ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက ပူဇော်ကန်တော့ပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး သက်ကြီးရဲမှုထမ်းဟောင်း ရှစ်ဦး၊ ကွယ်လွန်သူ ရဲမှုထမ်းဟောင်းများ၏ ဇနီးခြောက်ဦး၊ သက်ကြီးရဲစာရေးတစ်ဦး၊ ဘူးသီးတောင်မြို့နယ်မှ ရဲမှုထမ်းဟောင်းငါးဦး စုစုပေါင်း ၂၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြကြောင်း သိရသည်။

(သတင်းနှင့် ဓာတ်ပုံ-ရာမညာ၊ တင်စိုး)

# မောင်ကြီးတောင်ကျေးရွာတွင် မသင်္ကာသူသုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာအတွင်း နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့မွန်းလွဲပိုင်းက မသင်္ကာသူသုံးဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၅ ရက်က ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင် (၁) ရပ်ကွက်နေ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဇာမာဟူဆိန်းအသတ်ခံရမှုနှင့်ပတ်သက်၍ ထွက်ပြေးလွတ်မြောက်သွားသူများအား ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မောင်ကြီးတောင်အလယ်ရွာနေ ဘော်ဒီယာအပါအဝင် သုံးဦးအား ဖမ်းဆီးရမိခဲ့ပြီး တောင်ဘဇာနယ်မြေ ရဲစခန်းသို့ ခေါ်ယူစစ်ဆေးလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်-၄ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၄**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်-၄ (National SDG-4) Forum ကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် သင်္ဂဟဟိုတယ်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက SDG-4 ရည်မှန်းချက်ပန်းတိုင် ပြည့်မီနိုင်ရေးအတွက် ပညာရေးနှင့် သင်တန်းများကို လူတိုင်းလက်လှမ်းမီ သင်ယူမှုရရှိစေခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည်များရရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ လူတိုင်း တန်းတူညီမျှမှုနှင့် ကျား၊ မသာတူညီမျှမှုတို့ကို အလေးပေးဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်သင်ယူမှု၏ ရလဒ်များကို ဘဝတစ်လျှောက်လုံးရရှိခံစားစေရေးအတွက် ရည်မှန်းချက်ထားရှိ ဆောင်ရွက်ခြင်းတို့ကို ပူးပေါင်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ UNESCO Myanmar မှ Head of Office, Ms.MinJeong Kim၊ ILO မှ Liaison Officer, Mr.Rory Mungoven၊ Office of the High Commissioner for Human Rights မှ Senior Rights officer, Ms.HeikeAlefsen နှင့် UNESCOမှ Director of Education 2030 Support and Coordination, Mr. Jordon Naidoo တို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင် (National SDG-4)တွင်ပါဝင်သော အညွှန်းမူဘောင် (၄၃)ချက်နှင့်အညီ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို target ၁၀ ခု၊ ခေါင်းစဉ်လေးခုတို့ဖြင့်အပိုင်းလိုက်ခွဲ၍ မေ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြည်ထောင်စုဝန်ကြီး တက်ရောက်

**နေပြည်တော် မေ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို မေ ၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် (၁၁) စုဝေးခန်းမဆောင်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုလိုဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုလုံး၏ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ရှိခဲ့ပါကြောင်း၊ အဆိုပါအားနည်းချက်များကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုဆောင်ရွက်ရမည်ဆိုတာကို အားလုံးဝိုင်းဝန်းပူးပေါင်းကြံဆောင်ကြဖို့လိုပါကြောင်း။

လုပ်ငန်းဆောင်ရွက်ရာတွင် Quality, Cost, Schedule (Q.C.S) သုံးမျိုးဖြင့် အလေးထားဆောင်ရွက်ဖို့လိုပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများကို အလဟဿမဖြစ်အောင် အထူးဂရုပြုဆောင်ရွက်ဖို့လိုပါကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့်ကိစ္စရပ်များ အလေးထားဆောင်ရွက်ဖို့လိုပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် ပြည်သူလူထုနှင့် အနီးကပ်ထိတွေ့လုပ်ကိုင်နေရသည့် ဌာနဖြစ်သည့်အတွက် ပြည်သူလိုအပ်ချက်ဖြစ်သော လမ်း၊ တံတားနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းများကို အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အဆောက်အအုံ၊ လမ်း၊ တံတားနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက် ပြီးစီးအောင်ဆောင်ရွက်ရန်၊ စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းများတိုးတက်အောင်မြင်ရေး အချင်းချင်းပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတော်မှချမှတ်ထားသည့်မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများအား လိုက်နာဆောင်ရွက်ရန်နှင့် ဝန်ထမ်းရေးရာကိစ္စများနှင့်ပတ်သက်၍ ကဏ္ဍအလိုက်အသီးသီး ပြောကြားသည်။

ယင်းနောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အဆောက်အအုံ၊ လမ်း၊ တံတားအထူးအဖွဲ့များနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးများက မိမိတို့တာဝန်ယူဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

# ကျိုက်မရောမြို့နယ် တံတားဦးကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်

**ကျိုက်မရော မေ ၄**

မွန်ပြည်နယ်လုံးဆိုင်ရာ အဘိဓမ္မာတောင်သာ ဆေးပညာသမားတော်များအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံကွယ်ကျေးရွာအုပ်စု တံတားဦးကျေးရွာတွင် ငွေကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် (အခမဲ့) တိုင်းရင်းဆေးရုံဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အခမဲ့ဆေးရုံသစ် ဆိုင်းဘုတ်အား မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာတောင်သာ ဆေးပညာသမားတော်များအဖွဲ့ဥက္ကဋ္ဌ သုခမိန်ဆရာကြည်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မုခ်ဦးအား သမားတော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာတောင်သာ ဆေးပညာသမားတော်များအဖွဲ့ဥက္ကဋ္ဌ သုခမိန်ဆရာကြည်နှင့် မွန်ပြည်နယ်ဥက္ကဋ္ဌ ဆရာတိုးဝင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။

တည်ဆောက်ပြီးစီးခဲ့သည့် မျက်နှာစာ ပေအကျယ် ၅၀၊ အနောက် ပေ ၃၀ ရှိ (အခမဲ့) တိုင်းရင်းဆေးရုံ ခုတင် (၁၆)လုံးဆံ့ အဆောက်အအုံအား ဆေးရုံဖြစ်မြောက်အောင် အဘက်ဘက်မှ ပါဝင်ကူညီခဲ့သည့် မတည်အလှူရှင်နှင့် အလှူရှင်များအား စလွယ်ဆုနှင့် ဂုဏ်ပြုလွှာများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာတောင်သာ ဆေးပညာသမားတော်များအဖွဲ့ ဥက္ကဋ္ဌ သုခမိန်ဆရာကြည်၊ မွန်ပြည်နယ်ဥက္ကဋ္ဌ ဆရာတိုးဝင်းတို့နှင့် တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



# ရေရှားပါးသည့်နေရာများတွင် သောက်သုံးရေလှူဒါန်း

**နေပြည်တော် မေ ၄**

အမှတ်(၃၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ခွန်မြတ်လင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မေ ၂ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အိုမတွေ့ကျေးရွာ၊ ဆည်အောင်ကုန်းကျေးရွာနှင့် သပြေကန်ကျေးရွာတို့ရှိ ပြည်သူများအတွက် သောက်ရေ ဂါလန် ၆၀၀၀ နှင့် သုံးရေ ဂါလန် ၁၆၀၀ တို့ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက လေးအိမ်ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၇၁၄၀ ကိုလည်းကောင်း၊ မင်းတုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်မောင်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက သရက်အုပ်ကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေ ၁၁၇၅ ဂါလန်အားလည်းကောင်း၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သန်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက်နေ ပြည်သူများအတွက် သောက်ရေ ဂါလန် ၁၅၀၀ တို့ကိုလည်းကောင်း အသီးသီး သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အလားတူ ယမန်နေ့နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၂ နာရီခွဲအထိ အမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးသန့်ဦးစီးသည့်တပ်ဖွဲ့ဝင်များက ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်ရှိ စိန်ပန်းနယ်မြေ(၁/၂)ရပ်ကွက်နှင့် ရွှေတောင်နယ်မြေ (၂)ရပ်ကွက်တို့တွင် သောက်ရေ ဂါလန် ၂၇၅၀၊ သုံးရေ ဂါလန် ၇၂၀၀ နှင့် ရေထည့်ရန် ငါးဂါလန်ဆံ့ ရေပုံး ၅၀ တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြည်သူလူထုအခြေပြု ဝန်ဆောင်မှုများပေးခြင်း ဆရာဖြစ်သင်တန်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် မေ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံမူးယစ်ဗဟိုအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် UNODC တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြည်သူလူထုအခြေပြု ဝန်ဆောင်မှုများပေးခြင်း သင်တန်းဆရာဖြစ်သင်တန်း အလုပ်ရုံဆွေးနွေးပွဲ ( Training of Trainers on Community Based Treatment Services for People who Use Drugs in Myanmar) ဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski Hotel ၌ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန် တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် UNODC (Regional Office for Southeast Asia and the Pacific) မှ Regional Consultant, Mr. Michael John Cole က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဖိတ်ကြားထားသူများ၊ UNODC မှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းဆရာ ၃၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို မေ ၃ ရက်မှ ၇ ရက်အထိ ငါးရက်တာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# မေလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် မေ ၄**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၆ ရက်မှ ၈ ရက်ခန့်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီ စင်တီဂရိတ်ထိပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မေလ ပထမ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၄ ပေမှ ၅ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁ ပေမှ ၂ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မေလ ပထမ ၁၀ ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ၃ ပေမှ ၄ ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၂ ပေမှ ၃ ပေခန့် မြင့်တက်လာနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**

# ယာဉ်လိုင်းလမ်းကြောင်းတိုးချဲ့ပြေးဆွဲပေး၍ သွားလာရေးအဆင်ပြေ

**ရန်ကုန် ဧပြီ ၄**

လှိုင်သာယာမှ သခင်မြပန်းခြံသို့ ဘုရင့်နောင်တံတား ဘုရင့်နောင်လမ်းမအတိုင်း ပြေးဆွဲနေသော ယာဉ်လိုင်းတွင် မတ်လနောက်ဆုံးပတ်ကုန်ပိုင်းမှစ၍ ယာဉ်အချို့ အောင်ဇေယျတံတားဖြတ်တိုးချဲ့ လမ်းကြောင်းပြောင်း ပြေးဆွဲလျက်ရှိသည်။ သို့ဖြစ်ရာ ဘုရင့်နောင်ပွဲရုံနှင့် ဈေးတို့မှ ပေါက်တောဝအထိ သခင်မြပန်းခြံသို့သွားမည့်ခရီး အဆင်ပြေလာသည်။ ပြေးဆွဲသည့်ယာဉ်စီးရေနည်းခြင်း၊ သီရိမင်္ဂလာဈေးသစ်တွင် ကုန်ပစ္စည်းများ အချိန်ကြာစောင့်ဆိုင်းတင်ခြင်း၊ အလင်းရောင်ပျောက် ယာဉ်ပျောက်နေခြင်းတို့ကို အထက်ဖော်ပြပါခရီးစဉ်တွင် တစ်လိုင်းတည်းသောယာဉ်လိုင်းမှ ယာဉ်များကို စောင့်ဆိုင်းစီးနင်းခဲ့ရသည်။ အလင်းရောင်ပျောက်ချိန်မှစ၍ ယာဉ်ပြေးဆွဲမှုပုံမှန်မရှိဘဲ မရှိသလောက်ဖြစ်နေသဖြင့် ကားခဈေးကြီးပြီး ယာဉ်အန္တရာယ်စိုးရိမ်နေရသော တိုက်လျှော်ခေါ် ကြားကားငယ်များကို စီးနင်းနေရသည်။

ဇန်နဝါရီ ၁၆ ရက်မှစ၍ ယာဉ်လိုင်းစနစ်သစ်ဖြင့် ပြေးဆွဲခဲ့ရာ ယင်းသို့တွေ့ကြုံနေရသောအခက်အခဲများကို တိုင်ကြားခဲ့ရာတွင် ဇန်နဝါရီလအတွင်း တိုင်ကြားမှုအများဆုံးစာရင်းတွင် ပါဝင်ခဲ့သည်။ သို့သော် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်မလာသည့်အတွက် နောက်လများတွင် တိုင်ကြားမှုများ နည်းလာခဲ့သော်လည်း သွားလာရေးအခက်အခဲများ ဆက်လက်တွေ့ကြုံနေရဆဲဖြစ်သည်ဟု ခရီးသည်များက ပြောကြားသည်။ သို့သော် အနောက်ပိုင်းတက္ကသိုလ် ဒဂုံဧရာအဝေးပြေးမှ စက်မှုဇုန်ရှေ့လမ်းမ ဘုရင့်နောင်တံတား ဘုရင့်နောင်လမ်းမအတိုင်း သခင်မြပန်းခြံသို့ ပြေးဆွဲနေသော ယာဉ်လိုင်းတစ်လိုင်းသည် မတ်လနောက်ဆုံးပတ်ကုန်ရက်များမှစ၍ ယာဉ်အချို့ကို အောင်ဇေယျကြိုးတံတားဖြတ်၍ ရန်ကုန်-ပုသိမ်လမ်းအတိုင်း တိုးချဲ့ပြောင်းလဲပြေးဆွဲလာသည်ကို တွေ့ရသည်။ လိုင်းကားယာဉ်ရှေ့ပိုင်းမှန်ပေါ်တွင် ကြိုးတံတားဆိုသော စာသားကပ်ထားသည်ကိုတွေ့ရသည်။ နေ့စဉ် မြို့တွင်းအဝိုင်းပတ်ယာဉ်လိုင်းများဖြင့် သခင်မြပန်းခြံသို့ရောက်ပြီး ဘုရင့်နောင်ပွဲရုံနှင့် ဈေးများသို့သွားရောက်အလုပ်ဆင်းမည့်သူများအနေဖြင့် ယာဉ်စီးရေနည်းပါးသော လိန်ကုန်း-သခင်မြပန်းခြံ ခရီးစဉ်ပြေးဆွဲသော ယာဉ်လိုင်းမှ ယာဉ်များအား ရှာဖွေစီးနင်းနေရသည်။ ဘုရင့်နောင်လမ်းဆုံအထိ ခရီးစဉ်လမ်းကြောင်းတူသော လှိုင်သာယာသွားယာဉ်လိုင်းမှ ယာဉ်အစီးရေ အများအပြားမြင်တွေ့ရသော်လည်း လိန်ကုန်း-သခင်မြပန်းခြံခရီးစဉ်သွား လိုင်းကားအရေအတွက်မှာ လွန်စွာနည်းနေသည်ဟု ခရီးသည်များက ဆိုသည်။

အလင်းရောင်ပျောက် ယာဉ်ပျောက်မရှိဘဲ ည ၉ နာရီအထိပြေးဆွဲနေသော ဘုရင့်နောင်လမ်းဆုံအထိ လမ်းကြောင်းတူသောယာဉ်လိုင်းမှ ယာဉ်အချို့ အောင်ဇေယျကြိုးတံတားသို့ ပြောင်းလဲပြေးဆွဲပေးသည့်အတွက် ခရီးသည်များ အလင်းရောင်ပျောက်ယာဉ်ပျောက်သည့်ဖြစ်စဉ်မျိုး ကြုံတွေ့နေရခြင်း လျော့ကျလာသည်။ ယာဉ်အစီးရေ ၁၀၀ ဝန်းကျင်ရှိပြီး လေအေးစက်ပါယာဉ်များ ပါဝင်သော ယာဉ်အစီးရေ ၃၀ ဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်ဟု အဆိုပါယာဉ်လိုင်းကုမ္ပဏီမှ တာဝန်ရှိသူကိုသန်းလွင်က ပြောသည်။ ဘုရင့်နောင်ပွဲရုံနှင့် ဈေးအပါအဝင် အောင်ဇေယျကြိုးတံတားအဆင်းရှိ လှိုင်သာယာဘက်ခြမ်းမှ ခရီးသွားများ၏အခက်အခဲများကို ကြားသိနေရသဖြင့် မိမိယာဉ်လိုင်းမှ ယာဉ်အချို့ကို လမ်းကြောင်းပြောင်းပြေးဆွဲခွင့်ပြုပါရန် သက်ဆိုင်ရာသို့ ခွင့်ပြုချက်တောင်းခံခဲ့သည်။ ခွင့်ပြုချက်ရရှိခဲ့၍ ယခုကဲ့သို့ ပြေးဆွဲနိုင်ခြင်းဖြစ်သည်ဟု ထပ်မံပြောသည်။

တိုးချဲ့ပြေးဆွဲသော အဆိုပါလမ်းကြောင်းပေါ်မှ ယာဉ်များပေါ်တွင် ယာဉ်မောင်းတစ်ဦးတည်းသာပါရှိပြီး ကားပေါ်တက် ကားခ ငွေကျပ်နှစ်ရာကောက်ခံသည့်ပုံးထဲသို့ ကိုယ်တိုင်ငွေထည့်ပေးရသည်။ ယာဉ်ရှေ့ပိုင်းအပေါက်မှ ကားပေါ်တက်၍ အနောက်ဘက်အပေါက်မှ ဆင်းရသည်။ မိမိဆင်းရမည့် မှတ်တိုင်မရောက်မီ တံခါးပေါက်တွင် တပ်ဆင်ထားသောခလုတ်ကို နှိပ်ပေးကြပါဟု ယာဉ်မောင်းက အသံချဲ့စက်ဖြင့် ပြောကြားပေးသည်။ ကားပေါ်တွင် တွေ့ကြုံရသော မကျေနပ်မှုများရှိပါလျှင် တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်နှင့် ယာဉ်နံပါတ်ကိုပါ ထင်သာမြင်သာစွာ အသိပေးကပ်ထားသည်။ ကားအတက်၊ အဆင်း၊ ကားခထည့်၊ ဆင်းမည့်မှတ်တိုင်ခလုတ်နှိပ် အသိပေးခြင်း စသည့်ဖြစ်စဉ်များအပေါ် ခရီးသည်အများစုမှာ အကျွမ်းဝင်မှုအားနည်းနေဆဲဖြစ်သည်ကို မြင်တွေ့ရသည်။ ယာဉ်ပေါ်တွင် ခရီးသည်စီးနင်းလိုက်ပါရသည့် အနေအထားပေါ်မူတည်၍ ဖြစ်စဉ်လေးမျိုးခွဲခြားထားသည်ဟု ကိုသန်းလွင်က ပြောသည်။

ယာဉ်အပြည့်စီးနေရခြင်းသည် ခရီးသည်အဆင်မပြေသော်လည်း ယာဉ်ပိုင်ရှင်များ ဝင်ငွေပိုမိုရသည်။ ခရီးသည်ထိုင်ခုံ အပြည့်မရှိခြင်းမှာ ခရီးသည်အဆင်ပြေ ယာဉ်ပိုင်ရှင်အဆင်မပြေဖြစ်စေသည်။ ထိုင်ခုံအပြည့်၊ ထိုင်ခုံပြည့်ရုံသာမက ရပ်စီးအနည်းငယ်ဖြင့် ပြေးဆွဲသည့်ဖြစ်စဉ် နှစ်ရပ်မှာ ယာဉ်ပိုင်၊ ခရီးသည် နှစ်ဦးနှစ်ဖက်အဆင်ပြေစေရာ ယင်းသို့သော အခြေအနေနှစ်မျိုးသို့ ရောက်ရန်လိုအပ်သည်ဟု ပြောသည်။ မိမိပြေးဆွဲသော ယာဉ်လမ်းကြောနှင့်ဆက်စပ်၍ ခရီးသည်များ လအတန်ကြာ အခက်အခဲတွေ့ကြုံနေရမှုကို လမ်းကြောင်း တိုးချဲ့ပြောင်းလဲပေးသဖြင့် ဘုရင့်နောင်လမ်းဆုံမှ ပေါက်တောဝအထိ မှတ်တိုင်များမှ သခင်မြပန်းခြံသို့သွားမည့်ခရီးသည်များ အဆင်ပြေလာ၍ YBS ယာဉ်လိုင်းစနစ်သစ်၏ ပုံရိပ်ကောင်းအဖြစ်ပြောဆိုခြင်း ကြားသိရသည်။ **မောင်စေအောင်**

# မန္တလေးမြို့တွင် သင်္ကြန်အကြို ထစ်ချုန်းမိုးများရွာသွန်း၍ အရွယ်အစားကြီးမားသောမိုးသီးများ ကျဆင်းနိုင်

**မန္တလေး ဧပြီ ၄**

မန္တလေးမြို့တွင် ဧပြီလဆန်းစမှစ၍ အပူချိန်မြင့်တက်လာမှုနှင့်အတူ သင်္ကြန်အကြိုကာလ၌ ထစ်ချုန်းမိုးများ ရွာသွန်းနိုင်ပြီး အရွယ်အစားကြီးမားသောမိုးသီးများလည်း ကျဆင်းလာနိုင်ကြောင်း အထက်မြန်မာပြည်မိုးလေဝသနှင့်ဇလဗေဒဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောကြားသည်။

"မိုး၊ ဇလဌာနမှတ်တမ်းများအရ ပြောရမယ်ဆိုရင် နှစ်စဉ် ဒီလို ဧပြီလတိုင်းမှာ သင်္ကြန်အကြိုထစ်ချုန်းမိုးတွေရွာလေ့ရှိတယ်။ ရွာတဲ့အခါမှာလည်း လေပြင်းတွေတိုက်ပြီး အရွယ်အစားကြီးမားတဲ့မိုးသီးတွေ ကြွေကျနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။ မိုးလေဝသနှင့်ဇလဗေဒမှတ်တမ်းများအရ ၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း ဧပြီလတိုင်းတွင် မိုးရေချိန် ၁ လက်မမှ ၁ လက်မခွဲအထိ သင်္ကြန်အကြိုမိုးများရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး အားကောင်းသောမိုးတိမ်တောင်များကြောင့် ထစ်ချုန်းမိုးများ ရွာသွန်းကာ အရွယ်အစားကြီးမားသော မိုးသီးများ ကြွေကျခဲ့ကြောင်း ယင်းဌာန၏မှတ်တမ်းများအရ သိရသည်။

"မိုးတိမ်တောင်တွေသက်တမ်းက ၁ နာရီ၊ ၂ နာရီလောက်အထိ ကြာတတ်တယ်။ လေဆင်နှာမောင်းတိုက်ခတ်တာမျိုးတောင် ရှိတတ်တယ်။ အရွယ်အစားကြီးမားတဲ့ မိုးတိမ်တောင်တွေ ရွေ့လျားတယ်ဆိုရင် လေတိုက်နှုန်း ပြင်းထန်တယ်။ အလွယ်ဆုံးပြည်သူကို အသိပေးချင်တာကတော့ ကိုယ့်ဒေသမှာ မိုးခြိမ်းသံကြားတယ်ဆိုရင် အပူအားကောင်းတဲ့ မိုးတိမ်တောင်ကြီးတစ်ခုရှိနေတယ်ဆိုတာ သတိပြုဖို့သင့်ပါတယ်။ ဒါမှသာ ဆိုးရွားတဲ့ရာသီဥတုဖြစ်စဉ်တွေကို ရှောင်ရှားနိုင်မှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့၌ နှစ်စဉ် ဧပြီလတိုင်းတွင် မိုးရွာသွန်းမှုအနေဖြင့် ၁၉၆၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ မိုးရေချိန် ၃ လက်မမှ ၅ လက်မအတွင်း ရွာသွန်းခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်တွင် ရွာသွန်းမှုမိုးရေချိန် လျော့နည်းသွားသော်လည်း မိုးတိမ်တောင်ဖြစ်စဉ်များကြောင့် ဆိုးရွားသော ရာသီဥတုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရေရရှိသုံးစွဲမှုစစ်ဆေး

**မြင်းမူ ဧပြီ ၄**

မြင်းမူမြို့နယ်အတွင်းရှိ သစ်လိန်၊ ကံသုံးဆင့်လေ့ဦးကန်၊ စိုင်မြစ်ကျေးရွာတို့တွင် ပန့်တွင်း ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် ရေစက်ရုံ၊ ကုလားပုံကျေးရွာတွင် ပန့်တွင်းဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်၊ ရေစက်ရုံ၊ သရက်ကန်ကျေးရွာတွင် ပန့်တွင်းဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်များတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကျေးရွာများ၏ ရေရရှိသုံးစွဲနေမှုများကို မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းမြင့်အောင်နှင့်အဖွဲ့က ဧပြီလ ပထမပတ်က စစ်ဆေးခဲ့သည်။ (၆၂၄)

# ဆူညံအိပ်ဇောနှင့် တုတ်၊ ဓားလက်နက်များ ရှာဖွေစစ်ဆေး

**ခင်ဦး ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ မြို့ဝင်ဂိတ်နှင့် မူးဘောင်တံတားထိပ်၌ ဧပြီ ၁ ရက် ည ၇ နာရီက အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေသော အိပ်ဇောတပ်ဆိုင်ကယ်များကို စစ်ဆေးအရေးယူခြင်းနှင့် တုတ်၊ ဓား၊ လက်နက်များ ရှာဖွေသိမ်းဆည်းခြင်းပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူးသောင်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးပိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ အိပ်ဇောတပ်ဆိုင်ကယ်



အစီး ၃၀ အား အရေးယူဆောင်ရွက်ခဲ့ပြီး အများပြည်သူဘေးအန္တရာယ်ကင်းစေရေးနှင့် ယာဉ်မတော်တဆဖြစ်ပေါ်မှုမရှိစေရန် အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

# သင်္ကြန်ကာလမှုခင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**အောင်လံ ဧပြီ ၄**

အောင်လံမြို့နယ်အတွင်း၌ နှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေးနှင့် စိတ်ကြွဆေး၊ တားမြစ်ဆေး၊ မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်းနှင့် သုံးစွဲမှုမရှိစေရေးတို့အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်စိန်၊ ကျန်းမာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမျိုးလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးဇင်ဖြိုးအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးအရာရှိ ဦးမျိုးဝင်းနှင့်အဖွဲ့သည် ဧပြီ ၃ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးအတွင်း၊ အပြင်နှင့် ပတ်ဝန်းကျင်ရှိ ဆေးအရောင်းဆိုင်များတွင် စိတ်ကြွဆေး၊ တားမြစ်ဆေးနှင့် မူးယစ်ဆေးဝါးများ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။

၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။

၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။

၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်းမပြုရ။

၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်းမပြုရ။

၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။

၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။

၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေး သီပေါမြို့နယ်၌ဆောင်ရွက်

**သီပေါ ဧပြီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် ဧပြီ ၂ ရက် နံနက်ပိုင်းက မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ သီပေါယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

မဟာသင်္ကြန်ကာလအတွင်း ဆိုင်ကယ်စီးနင်းသူများအနေဖြင့် အန္တရာယ်ကင်းရှင်းစေရန် ဆိုင်ကယ်စီးသူတိုင်း ဆိုင်ကယ်ဦးထုပ်ဆောင်းရေး၊ ပါဝါအိတ်ဇောတပ်ခြင်း၊ သံစုံဟွန်းတပ်ဆင်ခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း၊ လမ်းလု၍ အပြိုင်အဆိုင်မောင်းနှင်ခြင်း၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်မှုများနှင့်အတူ ယာဉ်နှင့် ကုန်စည်မမျှမတ ကုန်ပိုကုန်လျှံများ တင်ဆောင်ခြင်း မပြုလုပ်ကြရန် အသိပညာပေးနှိုးဆော်လျက်ရှိသည်။

အဆိုပါ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသည် ယာဉ်စည်းကမ်းလိုက်နာဆောင်ရွက်ရေးအတွက် ရုံးဌာနများ၊ ကျောင်းများ၊ ရပ်ကွက်အသီးသီးအပြင် လူစည်ကားရာနေရာများ၌ ပညာပေးကာလအဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုလည်း လူစည်ကားရာ လမ်းဆုံလမ်းခွများ၌ ဧပြီ ၂ ရက်၊ ၄ ရက်၊ ၆ ရက်၊ ၈ ရက်နှင့် ၁၀ ရက်တို့တွင် ပညာပေးဆောင်ရွက်သွားမည်ဖြစ်ပြီး မဟာသင်္ကြန်အလွန်ကာလတွင် ၂၀၁၅ ခုနှစ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ဥပဒေအသစ်ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု သီပေါ(တပ်စိတ်) ယာဉ်ထိန်းတာဝန်ခံတပ်ကြပ်ကြီး ဝင်းဇော်လတ်က ပြောသည်။

**စိုင်း(သီပေါ)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၄**

တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၃ စီး၊ သွင်းကုန် ၅၁၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၈၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၂ သန်းခန့်)နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၇၈၆၃ သန်းခန့်) စုစုပေါင်းသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၂၆၈၃ သန်းခန့်) သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၃ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ်ကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော Instant Noodle 900 Kg၊ "Queen" Orange Juice 450 Liter နှင့် Soy Milk 2745 Liter (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၈၈၆၃ သန်းခန့်)ကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**






# စဉ့်ကိုင်မြို့မရဲစခန်းမှ ဒုတိယရဲအုပ်စိုးမိုးအောင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဧပြီ ၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ မြို့မရဲစခန်းမှ ဒုတိယရဲအုပ်စိုးမိုးအောင်သည် တောင်သူလုပ်ငန်းတွင် အသုံးပြုရန် နွားထီးနှစ်ကောင် ဝယ်ယူလာသူထံမှ ငွေကျပ်နှစ်သိန်း တောင်းခံခဲ့ခြင်းအား အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ မြို့မရဲစခန်းမှ ဒုတိယရဲအုပ် စိုးမိုးအောင်သည် ဖေဖော်ဝါရီ ၄ ရက်က တောင်သူလုပ်ငန်း၌ အသုံးပြုရန်အတွက် နွားထီးနှစ်ကောင်အား ဇော်ဂျီကျေးရွာနှင့် ကျောက်တန်းကျေးရွာတို့မှ ဝယ်ယူ၍ မီးသွေးဘုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့် ကျွဲနဖားကျေးရွာသို့ မောင်းလာသော နစ်နာသူထံမှ ငွေကျပ်နှစ်သိန်းကို တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မန္တလေးတိုင်း ဒေသကြီး စဉ့်ကိုင်မြို့ မြို့ရဲစခန်းမှ ဒုတိယရဲအုပ် စိုးမိုးအောင်အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ဧပြီ ၄ ရက်က တရားစွဲဆိုအရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# သာကေတမြို့နယ်တွင် မီးလောင်မှုကြောင့် နေအိမ် ကိုးလုံး ဆုံးရှုံး

**ရန်ကုန် ဧပြီ ၄**

ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀/တောင်)ရပ်ကွက် သလ္လာဝတီ (၈)လမ်းတွင် ယနေ့နံနက် ၇ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်ကိုးလုံးနှင့် အတွင်းပစ္စည်းများအပါအဝင် စုစုပေါင်း ငွေကျပ် ၈၇ သိန်း ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရသည့် အကြောင်းမှာ အမှတ်(၉၆၄/က)နေ အိမ်ရှင် ဦးမောင်ထွန်း(၆၂)နှစ်၏ နေအိမ်မှ ဘုရားစင်တွင် ဖယောင်းတိုင်မီး ပူဇော်ထားရာ ဖယောင်းတိုင်မီး လဲကျ၍ ဘုရားစင်သစ်ကြမ်းခင်းသို့ မီးကူးစက် စတင်လောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မီးလောင်ရာသို့ မီးငြှိမ်းသတ်ယာဉ် ၂၇ စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ ကွပ်ကဲမှုယာဉ်လေးစီး၊ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၁၅၈ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၀၄ ဦးတို့ လာရောက် မီးငြှိမ်းသတ်ရာ နံနက် ၇ နာရီ ၅၃ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင်အား သာကေတမြို့နယ် အမှတ်(၂) နယ်မြေရဲစခန်းမှ (ပ)၃၃၆/၂၀၁၇၊ ပုဒ်မ ၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။

**အေးမင်းသူ**



**ဓာတ်ပုံ-မီးသတ်တပ်ဖွဲ့**

# မြဝတီမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၄**

သယ်န်းညီနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၃ ရက်က မြဝတီမြို့ ရပ်ကွက် (၄) အာရှလမ်းမကြီးတွင် တွေ့ရှိသူ မပိန်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် (၅၄)လမ်းနှင့် မင်းကြီးရန်နောင်လမ်းထောင့်ရှိ ရွှေလီထွန်းစားသောက်ဆိုင်တွင်တွေ့ရှိသူ အောင်စိုးသူအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် စွမ်း Group ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် ဇော်မင်းထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၇၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဝန်းသိုမြို့နယ်တွင် တရားမဝင်သစ်များနှင့် ရွှေမှော်များ သိမ်းဆည်းရမိ

**အင်းတော် ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ဝန်းသိုမြို့နယ် ဖီးလေးကြိုးဝိုင်းအတွင်း ဧပြီ ၂ ရက်က နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်စဉ် တရားမဝင်ကျွန်းသစ်နှင့်ကျွန်းခွဲသား ၁၈ ဒသမ ၉၃၂၈ တန်၊ အင်ကြင်းသစ်နှင့် ခွဲသား ၁ ဒသမ ၅၅၈၂ တန်၊ သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် ရွှေမှုန်စုပ်စက်များနှင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မြဝတီ-အာရှလမ်းတွင် ခရီးသည်တင် ယာဉ်တစ်စီးတိမ်းမှောက်၍ သုံးဦးသေ၊ ၁၃ ဦး ဒဏ်ရာရ

**မြဝတီ ဧပြီ ၄**

ကရင်ပြည်နယ် မြဝတီမြို့နယ် မြဝတီ-အာရှလမ်းတွင် ဧပြီ ၃ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ခရီးသည်တင်ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့် ဖြစ်စဉ်အားစုံစမ်းစစ်ဆေးရန်အတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၏ လမ်းညွှန်မှုဖြင့် မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မျိုးထူးက အနီးကပ်ကွပ်ကဲကာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် နယ်ထိန်းခေါင်းဆောင်တို့ပါဝင်သောရဲတပ်ဖွဲ့ဝင်များ၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင် ဦးဆောင်သောအဖွဲ့တို့ သွားရောက်မေးမြန်းစစ်ဆေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်မှာ မြဝတီ-အာရှလမ်းအတိုင်း သယ်န်းညီနောင်မှ ကော့ကရိတ်သို့ ခရီးသည် ၁၇ ဦး တင်ဆောင်လာပြီး ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်လာသော 6H/---Light Truck အဖြူရောင် (လိုင်စင်စိစစ်ဆဲ) ယာဉ်သည် ရင်ကွဲတောင်ကုန်းအဆင်းအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် ၁၇ ဦးအနက် မောင်ဇော် (နေရပ်လိပ်စာစိစစ်ဆဲ)၊ မနန်းအေးအေးခိုင်(၂၇နှစ်) ကရင်ကုန်းကျေးရွာ လမုတောကျေးရွာအုပ်စု ကျိုက်မရောမြို့နယ်နေသူနှင့် မျိုးမင်းလတ် (နေရပ်လိပ်စာစိစစ်ဆဲ)တို့ သုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ခရီးသည် ၁၃ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း၊ မောင်ရွှေထုပ် (၂)နှစ် တစ်ဦးသာ ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ထို့နောက်ပူးပေါင်းအဖွဲ့များနှင့် လူမှုကူညီရေးအသင်းများက ဒဏ်ရာရရှိသူနှင့် သေဆုံးသူများအား မြဝတီဆေးရုံသို့ ပို့ဆောင်ပေးကာ လိုအပ်သည်များကူညီဆောင်ရွက်ပေးခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မဆင်မခြင်မောင်းသူ ယာဉ်မောင်းအား ကော့ကရိတ်မြို့မရဲစခန်းတွင် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



## နာပိုလီ အပြန်လမ်းတွင် ဟီဂူအင်ကို ပရိသတ်များ ပစ်မှတ်ထားလှောင်ပြောင်ခဲ့ကြ

နာပိုလီနှင့် ဂျူဗင်တပ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည့် စီးရီးအေပွဲစဉ်တွင် ဂျူဗင်တပ်တိုက်စစ်မှူး ဟီဂူအင်မှာ နာပိုလီပရိသတ်များက သစ္စာဖောက်တစ်ဦးအဖြစ် အမည်တပ်လှောင်ပြောင်ခံခဲ့ရသလို ပွဲအပြီးတွင်လည်း တွစ်တာစာမျက်နှာပေါ်မှ ကိုယ်အလေးချိန်တိုးနေသည့် ဟီဂူအင်ကို အမျိုးမျိုးရုပ်ဖျက်ပုံဖော်ခဲ့ကြသည်။

သို့သော် ကိုယ်အလေးချိန်တက်နေသည့်ကိစ္စရပ်အတွက် လှောင်ပြောင်ခံရသည်မှာ ဟီဂူအင်အတွက် ပထမဦးဆုံးအကြိမ်မဟုတ်ဘဲ ဟီဂူအင်က “ကျွန်တော့်ကို တစ်ချို့က ဖက်တီးကြီးလို့ခေါ်တာ အရင်ကတည်းက ခံရဖူးပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ကျစ်လျစ်တဲ့ ခန္ဓာကိုယ်ပိုင်ရှင် မဟုတ်ပေမယ့် သွင်းဂိုးတွေ ပုံမှန်သွင်းယူနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့အခြေအနေကို လူတွေ ဘာကြောင့် ဒီလောက်စိတ်ဝင်စားနေလဲဆိုတာ နားမလည်မိအောင်ပါပဲ”ဟု တုံ့ပြန်စကားဆိုလိုက်သည်။

ဟီဂူအင်မှာ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းက နာပိုလီမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့ပြီးနောက် ယခုပွဲစဉ်သည် ဟီဂူအင်အတွက် ပထမဦးဆုံးအကြိမ် နာပိုလီ အပြန်လမ်းဖြစ်ခဲ့သည်။ နာပိုလီပရိသတ်များက ဟီဂူအင်မျက်နှာစတေကာ ကပ်ထားသည့် အိမ်သာသုံး စက္ကူလိပ်များကို ပွဲမကစားမီ ရောင်းချခဲ့ကြသလို ပွဲချိန်တစ်လျှောက်တွင်လည်း ဟီဂူအင်ကို သစ္စာဖောက်တစ်ဦးအဖြစ် ပွဲကြည့်စင်ထိုင်ခုံများမှ အော်ဟစ်လှောင်ပြောင်ခဲ့ကြသည်။


## ကျောနံပါတ်(၇)ကိုသာ မြတ်မြတ်နိုးနိုးဝတ်ဆင်တဲ့ အကြောင်းရင်းကို စီရိုနယ်လ်ဒို ဖွင့်ပြောပြီ

ရီးယဲလ်မက်ဒရစ်စူပါစတား စီရိုနယ်လ်ဒိုက သူ့အနေနဲ့ ကျောနံပါတ်(၇) ဂျာစီကို ဘာလို့ မြတ်မြတ်နိုးနိုး ဝတ်ဆင်ရသလဲဆိုတာကို ထုတ်ဖော်ပြောကြားလိုက်ပါပြီ။ စီရိုနယ်လ်ဒို မန်ယူကို စတင်ရောက်လာတဲ့အချိန်မှာ ဆာအဲလက်စ်ဖာဂူဆန်က “ငါတော့ မင်းကို ကျောနံပါတ်(၇) ဝတ်စေချင်တယ် ကလေးရေ” လို့ ပြောလိုက်ချိန် ကျောနံပါတ်(၇) ဝတ်ဆင်ခွင့်ရခဲ့ကြတဲ့ မန်ယူကစားသမားတွေဆိုတာ အင်မတန်ထင်ရှားသူတွေ ဖြစ်ခဲ့တယ်ဆိုတာ သိထားတာကြောင့် ပိုမိုကြိုးစားလိုစိတ် ဖြစ်လာခဲ့ကာ အောင်မြင်မှုဆီ ဦးတည်နိုင်ခဲ့တာလို့ ဆိုလိုက်ပါတယ်။

စီရိုနယ်လ်ဒိုဟာ ရီးယဲလ်မက်ဒရစ်ကို စတင်ပြောင်းရွှေ့လာစဉ်က အသင်းခေါင်းဆောင် ရာအူးလ်ဟာ ကျောနံပါတ်(၇)ပိုင်ရှင်ဖြစ်တာကြောင့် ကျောနံပါတ်(၉)ကိုသာ ဝတ်ဆင်ခဲ့ရပါတယ်။ အဲဒီနောက် ရာအူးလ် အသင်းပြောင်းသွားမှသာ ကျောနံပါတ်(၇) ဝတ်ဆင်ခွင့်ရခဲ့တာဖြစ်ပေမယ့် ရာအူးလ်အသင်းမပြောင်းရသေးခင် သူ့ရဲ့ ကိုယ်ပိုင်ကုန်အမှတ်တံဆိပ်တွေမှာ CR7 လို့ ရိုက်နှိပ်ခဲ့တာကြောင့် ဝေဖန်မှုအတော်လေး ခံခဲ့ရပါသေးတယ်။ စီရိုနယ်လ်ဒိုရဲ့ ကစားသမားဘဝ အကြီးအကျယ်ဆုံးအောင်မြင်မှုတွေဟာ ရီးယဲလ်မက်ဒရစ်ကို ရောက်လာတဲ့အချိန်ရောက်မှ ပိုမိုပီပြင်လာတာဖြစ်ပေမယ့် သူဟာ မန်ယူမှာ ရှိစဉ်ကတည်းက ဘလွန်းဒီအောဆုတစ်ကြိမ်ရရှိခဲ့ပြီးဖြစ်တာကို သတိပြုဖို့လိုပါတယ်။

စီရိုနယ်လ်ဒိုက “ဒီလို ကျောနံပါတ်(၇) ဝတ်ဆင်ခွင့်ရခဲ့ခြင်းက ကျွန်တော့်ရဲ့အောင်မြင်မှုအစဖြစ်ခဲ့ပါတယ်။ ကျွန်တော်ဟာ မန်ယူအသင်းမှာပဲ ဘောလုံးနည်းစနစ်ပိုင်းတွေ တိုးတက်လာအောင် ကြိုးစားခဲ့သလို ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုပိုမိုကောင်းဖို့လည်း အားထုတ်ခဲ့ပါတယ်။ မန်ယူအသင်းမှာရှိနေတဲ့ ငါးနှစ်တာကာလအတွင်း များစွာသင်ကြားခွင့်ရခဲ့သလို အောင်ပွဲရဖို့ အထူးကြိုးစားအားထုတ်ခဲ့ပါတယ်”လို့ ဆိုခဲ့ပါတယ်။

စီရိုနယ်လ်ဒိုဟာ ရီးယဲလ်အသင်းကို ရောက်ရှိလာပြီးအခုထိ ဘလွန်းဒီအောဆုသုံးကြိမ် ထပ်မံရရှိခဲ့ကာ ဘာကာရဲ့ မက်ဆီနဲ့အတူ သူတို့မျိုးဆက်ကစားသမားတွေထဲ အထင်ရှားဆုံး ကစားသမားတစ်ဦးဖြစ်ခဲ့သူပါ။ လက်ရှိမှာ အသက်(၃၂)နှစ်ကျော်ပြီဖြစ်ပြီး မန်ယူရဲ့ ကျောနံပါတ်(၇) ဝတ်ဆင်ခွင့်ရခြင်းက အောင်မြင်မှုအားလုံးရဲ့ အစဖြစ်တယ်လို့ ပြန်ပြောင်းပြောကြားခဲ့တာဖြစ်ပါတယ်။



## အိုဖေးလ်၊ ဖာဘာရီဂတ်စ်နှင့် ဖယ်လ်ကာအိုတို့သုံးဦးကိုခေါ်ယူရန် ဘီဆီတပ်စ် ပစ်မှတ်ထား



မိုနာကိုတိုက်စစ်မှူး ဖယ်လ်ကာအို

တူရကီကလပ် ဘီဆီတပ်စ်အသင်းက ပရီမီယာလိဂ်ကြယ်ပွင့် ကစားသမားနှစ်ဦးဖြစ်သည့် ဖာဘာရီဂတ်စ်နှင့် မီဆပ်အိုဖေးလ်တို့နှစ်ဦးအပြင် မိုနာကိုတိုက်စစ်မှူး ရာမန် ဖယ်လ်ကာအိုကိုပါ စောင့်ကြည့်လျက်ရှိနေသည်ဟု အသင်းဥက္ကဋ္ဌဖြစ်ကရစ် အော်မန်က ပြောကြားချက်ကို ကိုးကား၍ The Sun သတင်းဌာနက ဖော်ပြသည်။ အော်မန်က ဘီဆီတပ်စ်အသင်း၏ ယခုနှစ်နွေဈေးကွက် အဓိကပစ်မှတ်မှာ ဖာဘာရီဂတ်စ်ဖြစ်ပြီး အာဆင်နယ်၏ အိုဖေးလ်၊ မိုနာကို၏ ဖယ်လ်ကာအိုတို့ကို တစ်ပြိုင်နက်တည်း ခေါ်ယူရန် ကြိုးပမ်းနေသည်ကို အတည်ပြုခဲ့သော်လည်း သုံးဦးစလုံးကို ခေါ်ယူရန် မဖြစ်နိုင်သေးကြောင်းကိုမူ ဝန်ခံခဲ့သည်။

ဖာဘာရီဂတ်စ်သည် ယခုနှစ်ဘောလုံးရာသီ ချယ်လ်ဆီးအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေသူဖြစ်ပြီး တူရကီကလပ်အသင်းဖြစ်သည် ဂါလာတာစာရေးကို ရောက်ရှိနိုင်သည်ဟု သတင်းထွက်နေသည်။ အိုဖေးလ်မှာလည်း ယခုနှစ် နွေဈေးကွက်အတွင်း အာဆင်နယ်မှ ပြောင်းရွှေ့နိုင်သည့် ကစားသမားဖြစ်သော်လည်း ဖယ်လ်ကာအိုမှာမူ နည်းပြ ဂျာဒင်လက်အောက် မိုနာကိုတွင် အကောင်းဆုံးခြေစွမ်းပြနေသူဖြစ်သည်။ သို့သော် ဥရောပပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ချိန်တွင် ကလပ်အသင်း၏ ဂုဏ်သိက္ခာမြင့်တက်ရေးအတွက် အဆိုပါကစားသမားသုံးဦးကို ခေါ်ယူလိုကြောင်း အော်မန်က ဆိုခဲ့ခြင်းဖြစ်သည်။

## အနာဂတ်ကာလတွင် ဒယ်လီအယ်လီ ရီးယဲလ်ကစားသမားဖြစ်လာနိုင်တယ်လို့ ကလီးမန့်ရှုမြင်

စပါးအသင်းကွင်းလယ်လူ ဒယ်လီအယ်လီအနေဖြင့် မဝေးတော့သည့် အနာဂတ်တစ်ချိန်ချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်း၏ ကစားသမားတစ်ဦးအဖြစ် မြင်တွေ့ခွင့်ရရန် ရှိနေသည်ဟု ဆွမ်ဆီးနည်းပြ ပေါလ်ကလီးမန့်က သူ၏အမြင်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ ကလီးမန့်သည် နည်းပြ အန်စလော့တီ ရီးယဲလ်ကို ကိုင်တွယ်နေသည့် ကာလအတွင်း ရီးယဲလ်လက်ထောက် နည်းပြအဖြစ်ဆောင်ရွက်ခဲ့သူဖြစ်ရာ ရီးယဲလ်ဘုတ်အဖွဲ့ဝင်များနှင့် နီးစပ်သူတစ်ဦးဖြစ်သည့်အတွက် ကလီးမန့်၏ ယခု မှတ်ချက်စကားက ဂါရတ်ဘေးလ်နှင့် မိုဒရစ်တို့ကို ဆုံးရှုံးပြီးဖြစ်သည့် စပါးအသင်းအတွက် ရင်ပူစရာပင်ဖြစ်သည်။

အယ်လီမှာ လက်ရှိတွင် အသက်(၂၀)သာရှိသေးပြီး ၂၀၁၆ ဇန်နဝါရီ ဈေးကွက်ကာလအတွင်းက ရီးယဲလ်က အလိုရှိနေသည့် ကစားသမားအဖြစ် နာမည်ထွက်ခဲ့သေးသည်။ ကလီးမန့်က “ ရီးယဲလ်ဆိုတာ ကမ္ဘာပေါ်က ခြေစွမ်းထက်ပေ့ဆိုတဲ့ ကစားသမားတွေကို ရအောင် ခေါ်ယူတတ်တဲ့ အသင်းပါ။ လက်ရှိမှာတော့ သူတို့ ဟာဇက်ကို အလိုရှိနေတာပေါ့။ ဒါပေမယ့် အယ်လီဟာလည်း အင်မတန်ငယ်ရွယ်သေးပြီး ခြေစွမ်းပိုင်းများစွာ တိုးတက်လာခြေရှိတာဖြစ်တဲ့အတွက် ရီးယဲလ်က သူ့ကို အနာဂတ်မှာ ချိတ်ဆက်လာပါလိမ့်မယ်”ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ကလီးမန့်ကပင် ကစားသမားတိုင်း ခြေစွမ်းအထွတ်အထိပ် ရောက်လာပါက ထိပ်တန်းအသင်းကြီးများကို ပြောင်းရွှေ့ပြီး စိန်ခေါ်မှုအသစ်တွေ ရင်ဆိုင်လေ့ရှိတာကြောင့် အယ်လီလည်း ထိုအချိန်ရောက်လျှင် ရီးယဲလ်၏ကမ်းလှမ်းမှုကို ငြင်းပယ်နိုင်လိမ့်မည်မဟုတ်ကြောင်း ဟောကိန်းထုတ်လိုက်သည်။

## လာမည့်လအတွင်း ဘာစီလိုနာအသင်းနှင့် ငါးနှစ်သက်တမ်းတိုးစာချုပ်ကို မက်ဆီ လက်မှတ်ရေးထိုးမည်

လာမည့်မေလအတွင်း မက်ဆီ၏ အေးဂျင့်အဖြစ်ဆောင်ရွက်နေသူ ဖခင် ဂျော့ဂျ်သည် ကာတလန်ဒေသသို့ လာရောက်ပြီး မက်ဆီအနေဖြင့် ဘာစီလိုနာအသင်းနှင့် ငါးနှစ်သက်တမ်းတိုးရေးကိစ္စကို အပြီးသတ်မည်ဖြစ်ကြောင်း စပိန်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။



မက်ဆီ၏ လတ်တလောစာချုပ်မှာ လာမည့် ၂၀၁၈ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ အကယ်၍ စာချုပ်သစ်ကိစ္စသာ အပြီးသတ်ညှိနှိုင်းနိုင်ခြင်းမရှိလျှင် မက်ဆီကို ဘာကာမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့် ပြုရမည်ဖြစ်သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း စပိန်သို့ ဂျော့ဂျ် လာရောက်ဆွေးနွေးခဲ့သေးသော်လည်း တိုးတက်မှုတစ်စုံတစ်ရာမရရှိဘဲ ပြန်သွားခဲ့သည့်အတွက် ဘာကာနှင့် မက်ဆီလမ်းခွဲမှုကို မြင်တွေ့ရတော့မည်ဟု ထင်မြင်ချက်များလည်း နောက်ဆက်တွဲအနေဖြင့် ထွက်လာခဲ့သည်။ သို့သော် ယခုမူ တစ်နှစ်လုပ်ခ ပေါင် ၃၅ သန်းဖြင့် သဘောတူညီခဲ့ခြင်းဖြစ်သည်။

မေလဲ့သင်း
စုစည်းသည်

## အထက်မြန်မာပြည်

# နိုင်ငံခြားသားများအား မြန်မာ့လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် ဝန်ဆောင်မှုပေးရန်စီစဉ်

**မန္တလေး မေ ၄**
မြန်မာ့လက်ဖက်အသင်းမှဦးဆောင်၍ နိုင်ငံခြားသားများ အများဆုံး အဝင်-အထွက် ပြုလုပ်သည့်နေရာများတွင် မြန်မာ့လက်ဖက်ရည်ကြမ်းဝိုင်း Tea Garden ဖြင့် ဝန်ဆောင်မှုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာလက်ဖက်အသင်း အစုအဖွဲ့မှ ဘဏ္ဍာရေးမှူးဦးဝင်းနိုင်က ပြောသည်။

နိုင်ငံတကာမှ မြန်မာ့ထွက်ကုန်ကို လွယ်လွယ်ကူကူ ထိတွေ့နိုင်ရန်နှင့် တန်ဖိုးထားဧည့်ခံနိုင်ရန်၊ မြန်မာ့လက်ဖက် သဘာဝအရသာများကို မိတ်ဆက်ခွင့်ရရှိစေရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

" မြန်မာ့လက်ဖက်ရည်ကြမ်း ကြိုက်နှစ်သက်သူတွေအတွက် လက်ဖက်ရည်ဆိုင်တွေ၊ မြန်မာ့ရိုးရာ အစားအစာဆိုင်တွေမှာ စတင်ဝန်ဆောင်မှုတွေပေးနေပါပြီ။ နိုင်ငံခြားသားတွေ အဝင်-အထွက်များတဲ့ လေယာဉ်ကွင်းလိုနေရာမျိုး၊ ပုဂံ၊ အင်းလေး၊ ဦးပိန်၊ ကုသိုလ်တော်လိုနေရာမျိုးတွေမှာ မြန်မာ့လက်ဖက်ရည်ကြမ်းဝိုင်းတွေဖြစ်လာအောင် ဆက်လက်စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာလက်ဖက်ခြောက် Green Tea ကို ထိုင်း၊ တရုတ်၊ ဂျပန်ပွဲတော်များတွင် သွားရောက်ပြသခဲ့ရာ အားပေးမှုများ ရခဲ့ကြောင်း၊ မြန်မာ့ လက်ဖက်စိုက်ခင်းများအနေဖြင့် ဓာတုဆေးသုံးစွဲခြင်း၊ ပိုးသတ်ဆေးသုံးစွဲခြင်း မရှိခြင်းကြောင့် သဘာဝအရသာ လက်ဖက်ရည်စစ်စစ်ရှိခြင်းကြောင့်ကြိုဆိုမှုများရရှိခဲ့ကြောင်း သိရသည်။

"သဘာဝလက်ဖက်ခြောက်အရသာလေးတွေမှာ စံပယ်ပန်းရနံ့လေးတွေနဲ့ လက်ရှိစမ်းသပ်ထုပ်လုပ်လာပါတယ်။ အဲဒီလိုပဲ ကောက်ညှင်းနံ့လေးရတဲ့အရွက်နဲ့ လက်ဖက်ပူးပေါင်းထုတ်လာတာလည်းရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လက်ဖက်ပြပွဲကို လာမည့်မေလတွင်ပြသရန်စီစဉ်လျက်ရှိပြီး အဆိုပါပြပွဲမှ လက်ဖက်စားနည်းအသစ်များ ထွက်ရှိလာစေရန် ပြိုင်ပွဲများလည်း ကျင်းပသွားမည်ဖြစ်သည်။

Green Tea ထုတ်ကုန်များအဖြစ် ကမ္ဘာပေါ်တွင်အမျိုးအစား ရာကျော်ရှိပြီး နိုင်ငံအချို့တွင် Green tea ရေနွေးကြမ်းသောက်သည့်စနစ်အား သဘာဝပစ္စည်းများဖြင့် ပေါင်းစပ်ကာ ဆန်းသစ်တီထွင်မှုများပြုလုပ်လာကြောင်း မြန်မာ့လက်ဖက်အနေဖြင့် ဆက်လက်လုပ်ဆောင်မည့် လမ်းကြောင်းများစွာ ကျန်ရှိနေပြီး နိုင်ငံအချင်းချင်းဈေးရောင်းပွဲတော်များ ဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြစ်ကြီးနားမြို့ဗဟိုမဏ္ဍပ် တည်ဆောက်မှုလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီး

**မြစ်ကြီးနား မေ ၄**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်တွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်၌ ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးအစီအစဉ်များ ဖျော်ဖြေတင်ဆက် ကပြသွားမည့် ဗဟိုမဏ္ဍပ်ကြီးကို မတ်လ စတုတ္ထပတ်မှ စတင်တည်ဆောက်လျက်ရှိရာ ယနေ့အထိ တည်ဆောက်မှုလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကြီးအား ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကာ ဗဟိုမဏ္ဍပ်နှင့်အတူ ဝန်ကြီးဌာနများမဏ္ဍပ်၊ စီးပွားရေးလုပ်ငန်းရှင်များမဏ္ဍပ်၊ ပုဂ္ဂလိကမဏ္ဍပ်များကို တည်ဆောက်လျက်ရှိပြီး ယခုနှစ်တွင် သင်္ကြန်ပျိုမေ ယိမ်းပြိုင်ပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကာ ကိုယ်ပိုင်သံစဉ်၊ ကိုယ်ပိုင်စာသား ယိမ်းပျိုမေအဖွဲ့ ၁၀ ဖွဲ့၊ စတူဒီယိုသင်္ကြန်တေးသီချင်း၊ ယိမ်းပျိုမေ အဖွဲ့ ၂၀ တို့က ဗဟိုမဏ္ဍပ်နှင့် ပြိုင်ပွဲများလက်ခံကျင်းပပေးသည့် မဏ္ဍပ်များတွင် ယှဉ်ပြိုင်ကပြဖျော်ဖြေရန်လည်း စီစဉ်ထားကြောင်း မဟာသင်္ကြန်ကျင်းပရေးကော်မတီမှ သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

# ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသစ် အဆောက်အအုံဖွင့်ပွဲအခမ်းအနား ဟားခါး၌ကျင်းပ

**ဟားခါး မေ ၄**
ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးသစ်အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၈ နာရီက ဟားခါးမြို့ဈေးသစ်ရပ်ကွက်ရှိ အဆိုပါရုံးသစ်အဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆရာတော် Dr.Berona က ကျေးဇူးတော်ချီးမွမ်းပြီး ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်က အဖွင့်အမှာစကားပြောကြားသည်။

ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထလာဟရဲက ရုံးသစ်အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွေနှင့် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်တို့က ရုံးသစ်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆရာတော် Rev.Paul Tum Ceu က အထူးဆုတောင်းပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရုံးသစ်အဆောက်အအုံအတွင်းလှည့်လည် ကြည့်ရှုခဲ့ကြသည်။

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးသစ်အဆောက်အအုံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် I Love ChinLand ကုမ္ပဏီမှ ငွေကျပ် ၁၀၇ ဒသမ ၈ သန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၅၆ ပေ၊ အနံ ၃၂ ပေနှင့် အမြင့် ၂၂ ပေရှိ RC နှစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်ကြောင်း သိရသည်။

**ပြည်နယ် ပြန်/ဆက်**

# မိတ္ထီလာမြို့ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသသော လူနာများ အဆင်ပြေစေရန် တန်ဖိုးသင့်ညစာများ ရောင်းချပေး

**မိတ္ထီလာ မေ ၄**
မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသသောလူနာများ အဆင်ပြေစေရန်အတွက် Mr.Lin Café မှ ငွေတန်ဖိုးသင့် ညစာများ ညနေတိုင်းရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငွေတန်ဖိုးသင့်ညစာများကို မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီး၌ လာရောက်၍ တက်ရောက်ကုသလျက်ရှိသည့် လူနာများ၊ လူနာစောင့်များ စားသောက်ရာတွင် ငွေကုန်ကျမှုသက်သာစေရန်အတွက် Mr.Lin Café ပိုင်ရှင် ဦးကျော်ဦး-ဒေါ်ဥမ္မာ မိသားစုတို့မှ ထမင်းတစ်ယောက်စာနှင့် သီးစုံပဲဟင်း အပါအဝင် အသားဟင်း တစ်မျိုးမျိုးဖြင့် ငွေကျပ် ၅၀၀ ဖြင့် နေ့စဉ် ညနေတိုင်းရောင်းချပေးလျက်ရှိပြီး ရေသန့်၊ ရေနွေးကြမ်းများကို နေ့စဉ် ၂၄ နာရီ အခမဲ့ပေးလျက်ရှိကြောင်း သိရသည်။

၎င်းငွေတန်ဖိုးသင့် ညစာများကို အလှူရှင်များမှ ညနေစာအတွက် ငွေကျပ် ၁၂၀၀၀၀ ဖြင့် ဒါနပြုလှူဒါန်းပါက အခမဲ့ပေးဝေလျက်ရှိပြီး ငွေကျပ် ၆၀၀၀၀ လှူဒါန်းပါက ငွေကျပ် ၃၀၀ ဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်၍ ရောင်းချပေးလျက်ရှိကြောင်း Mr.Lin Café မှ ဦးကျော်ဦးက ပြောကြားခဲ့သည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဒီပဲယင်းမြို့နယ် နှော(၅)အုပ်စု ဆုံကုန်းကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်မည်ဖြစ်၍ ဒေသခံပြည်သူများအတွက် အဆင်ပြေ

**ဒီပဲယင်း မေ ၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် နှောဒေသရှိ ဆုံကုန်းကျေးရွာ၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရက တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

အဆိုပါ နှောဒေသသည် ယခင်ကသစ်တောများထူထပ်စွာပေါက်၍ မဟာမြိုင်တောနှင့်ဆက်စပ်သည့်ဒေသဖြစ်သည်။ ဒီပဲယင်းမြို့၏ အနောက်ဘက် မိုင် ၄၀ ခန့် ကွာဝေးပြီး ကျေးရွာအုပ်စု ငါးအုပ်စုနှင့်ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေပေါင်း ၂၆၇၅၊ လူဦးရေ ၁၆၅၁၇ ဦးနေထိုင်ကြသည်။

စိုင်ပြင်-အင်ကြင်းသပိုးဆည်လမ်းကို အဓိကအသုံးပြုသွားလာရသည့်အတွက် နွေရာသီတွင်သွားလာမှုလွယ်ကူသော်လည်း မိုးတွင်းရာသီ၌ လွန်စွာခက်ခဲ၍ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ အဘက်ဘက်မှနောက်ကျကျန်ရစ်ခဲ့သော ဒေသတစ်ခုဖြစ်သည်။

နှောဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်သာဝန်ဆောင်မှုပေးနိုင်ပြီး ပြင်းထန်သည့်ရောဂါများနှင့်ကြုံတွေ့ရလျှင် ဒီပဲယင်းမြို့ ပြည်သူ့ဆေးရုံးကြီးနှင့် မိုင် ၄၀ ခန့်၊ စိုင်ပြင်တိုက်နယ်ဆေးရုံနှင့် ၂၅ မိုင်ခန့်ကွာဝေး၍ ပြင်းထန်လူနာ၊ မွေးကိုက်လူနာနှင့် ကိုယ်ဝန်ဆောင်မီးဖွားမိခင်များ အချိန်မီဆေးကုသမှုမခံယူနိုင်သဖြင့် မသေသင့်ဘဲသေဆုံးခဲ့ရကြောင်း နှောဒေသခံပြည်သူများက ပြောပြသည်။

၎င်းဒေသသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နယ်မြေကွင်းဆင်းလာရောက်ချိန်တွင် မိမိတို့၏ဒေသ၌ အမှန်တကယ်လိုအပ်ချက်ကို တင်ပြတောင်းဆိုခဲ့ကြရာ ကျေးရွာ ၁၇ ရွာ၏ လမ်းပန်းဆက်သွယ်ရေး သွားလာမှုလွယ်ကူအဆင်ပြေမည့် အလယ်ဗဟိုတွင်တည်ရှိသည့် ဆုံကုန်းကျေးရွာ၌ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ခုတည်ဆောက်နိုင်ရန် ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်နယ်ဆေးရုံတည်ဆောက်နိုင်ရန်အတွက် ဆုံကုန်းကျေးရွာနေ ဒေါ်မငိုက မြေနေရာ ငါးဧကလှူဒါန်းပေးပြီး ဝင်းပြုပြင်နိုင်ရန်အတွက် ဦးမြင့်ဆောင်+ဒေါ်ခင်စန်းလှိုင်က အလှူငွေကျပ် ၃၅ သိန်း လှူဒါန်းပေးခဲ့ကြသည်။

အဆိုပါ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ပြီးပါက နှောဒေသတွင်နေထိုင်လျက်ရှိသော လူဦးရေ ၁၆၅၁၇ ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ခံယူနိုင်မည့်အပြင် အဘက်ဘက်မှ နောက်ကျကျန်ရစ်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုများ တစ်ရှိန်ထိုး တိုးတက်လာမည်ဖြစ်သည်။

**အောင်လင်း(ပြန်/ဆက်)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား စတုတ္ထအကြိမ်မြောက်အခမဲ့ခွဲစိတ်ကုသ

**မန္တလေး မေ ၄**
သိတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရဦးဆောင်၍ စစ်ကိုင်းတောင်ရိုး သီတဂူအာယုဒါနဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဇော်စီစဉ်ပြီး အမေရိကန် အခြေစိုက် Alliance For Smiles Mission မှ ဆရာဝန်များ၊ ရန်ကုန်မြို့မှ Rotary Club of Yangon လူမှုကူညီရေးအဖွဲ့တို့ ပူးပေါင်းကာ မန္တလေး၊ စစ်ကိုင်းနှင့် အထက်မြန်မာပြည်ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသပေးရေး အစီအစဉ်ကို မေ ၂ ရက်မှ ၈ ရက်အထိ စစ်ကိုင်းမြို့နယ် သီတဂူအာယုဒါနဆေးရုံ၌ ပြုလုပ်ပေးသည်။

ထိုသို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ပေးရာတွင် အမေရိကန်ပြည်ထောင်စု Alliance For Smiles Mission မှ အဖွဲ့ခေါင်းဆောင် Ms.Tina Fischlin၊ ဒါရိုက်တာ Dr.Karl Wustrack၊ Rotary Club of Yangon လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့်အဖွဲ့ဝင် ဆရာဝန်များ၊ သူနာပြုများက မန္တလေး၊ စစ်ကိုင်းနှင့် အထက်မြန်မာပြည်ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးလူနာ ၈၈ ဦးအား အခမဲ့ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

စတုတ္ထအကြိမ် နှုတ်ခမ်းကွဲ၊ အာခေါင်းကွဲဝေဒနာရှင်တွေကို သီတဂူဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ အခမဲ့ ကုသပေးနေတာဖြစ်ကြောင်း၊ လူနာ ၈၈ ဦးကို စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ခ၊ ဆေးဖိုးအားလုံး အခမဲ့ ကုသိုလ်ဖြစ် ကုသပေးတာဖြစ်ကြောင်း၊ လူနာနှင့်မိသားစုများလည်း ဝမ်းမြောက်လျက်ရှိကြောင်း Alliance For SmilesMission မှ အဖွဲ့ခေါင်းဆောင်က ပြောကြားသည်။ အဆိုပါအဖွဲ့သည် မျက်စိဝေဒနာရှင်များကို လိုအပ်သည့် ခွဲစိတ်ကုသမှုများလည်း အခမဲ့ ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## သင်္ကြန်ပွဲတော်ကျင်းပနိုင်ရေး စတင်ဆောင်ရွက်

**ကော့သောင်း ဧပြီ ၄**

ကော့သောင်းမြို့၌ ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်အား မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ဧပြီ ၄ ရက်က သိရသည်။

မြန်မာနိုင်ငံတောင်ဘက်အစွန်း ကော့သောင်းမြို့သည် မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်ရာ သင်္ကြန်ပွဲတော်ကာလအတွင်း ထိုင်းနိုင်ငံမှတစ်ဆင့် နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ဆင်နွှဲ ရေပက်ကစားလေ့ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်နှင့်အညီ မြန်မာတို့၏ ရိုးရာဓလေ့များအား သိရှိလေ့လာနိုင်ရေး၊ မြန်မာ့ခရီးသွားလုပ်ငန်း အရှိန်အဟုန်မြင့်တက်လာရေးနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များနှင့် မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ နွှဲပျော်နိုင်ရေး သင်္ကြန်ကာလအတွင်း နိုင်ငံတော်မှထုတ်ပြန်ထားသည့် လိုက်နာရန်စည်းကမ်းသတ်မှတ်ချက်များအား တာဝန်ရှိအဖွဲ့အစည်းများမှ ကျယ်ကျယ်ပြန့်ပြန့် အသိပေးလှုံ့ဆော်ထားပြီး ရပ်ကွက်အလိုက် မြန်မာ့ရိုးရာယိမ်းအကပြိုင်ပွဲဝင်အဖွဲ့များ ကြိုတင်လေ့ကျင့်နေကြပြီဖြစ်သည်။

ယင်းအပြင် မြို့နယ်ဗဟိုဆုပေးမဏ္ဍပ်၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်များအား စတင်ဆောက်လုပ်လျက်ရှိပြီး ယခုနှစ် သင်္ကြန်ပွဲတော်အား နယ်စပ်မှတစ်ဆင့် ဖြတ်သန်းဝင်ရောက် လည်ပတ်ကြမည့် ပြည်ပခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များအား မြန်မာ့ရိုးရာ ဓလေ့စရိုက်များ ဂုဏ်တင့်တယ်စွာ ပိုမိုလေ့လာသိရှိနိုင်ကြစေရန်နှင့် တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေး ဆွဲဆောင်မှုတစ်ရပ်အသွင်ဖြင့် ရိုးရာအစဉ်အလာမပျက် တစ်မူထူးခြားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## မဟာသင်္ကြန် စည်ကားစွာကျင်းပနိုင်ရေးနှင့် သက်ကြီးပူဇော်ပွဲ ပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဧပြီ ၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဧပြီ ၄ ရက် နံနက် ၉ နာရီက မဟာသင်္ကြန် စည်ကားစွာကျင်းပနိုင်ရေးနှင့် သက်ကြီးပူဇော်ပွဲ ပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ယခင်နှစ်များက မဟာသင်္ကြန်ပွဲတော်အား နိုင်ငံတော်ဘတ်ဂျက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပခဲ့ကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံတော်ဘတ်ဂျက်မှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန်သာ ရည်ရွယ်ထားကြောင်း၊ ယခုနှစ်မဟာသင်္ကြန်ပွဲတော်အား တိုင်းဒေသကြီးအဆင့် ဗဟိုမဏ္ဍပ်မပြုလုပ်တော့ဘဲ ခရိုင်/မြို့နယ်များမှာသာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြုလုပ်နိုင်ရန် ထောက်ပံ့မှုများပေးသွားမည်ဖြစ်ကြောင်း၊ အသက် (၉၀) နှစ်အထက် သက်ကြီးဘိုးဘွားထောက်ပံ့မှုများကိုလည်း လစဉ် နိုင်ငံတော်အစီအစဉ်ဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အသက် (၈၅) နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များပြုလုပ်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိပြီး ပြည်သူအပေါ် လေးစားမေတ္တာထား ဆောင်ရွက်သွားကြရန် ပြောကြားသည်။



အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက တင်ပြဆွေးနွေးရာတွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အသက်(၈၅)နှစ်အထက် ဘိုးဘွားများအား ကန်တော့ရာတွင် သက်ဆိုင်ရာဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် သင်္ကြန်ကာလ၌ မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက် လုံခြုံရေးကိုအထူးဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးတင်ပြခဲ့သည်။

တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွက် မဟာသင်္ကြန်ကျင်းပနိုင်ရန် ခရိုင်တစ်ခုလျှင် ငွေကျပ် ၂၅ သိန်း၊ ပဲခူးခရိုင်အတွက် ငွေကျပ် ၃၅ သိန်း၊ မြို့နယ်တစ်မြို့နယ်လျှင် ကျပ်သိန်း ၂၀ စသည်ဖြင့် ထောက်ပံ့ပေးသွားမည်ပြီး ဘိုးဘွားများအား ကန်တော့ခြင်းအတွက် တစ်မြို့နယ်လျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ကူညီပေးသွားမည်ဖြစ်သည်။

ပဲခူးမြို့နယ်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ ဘိုးဘွား ၈၄၆ ဦးအား ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးက မျက်စိစမ်းသပ်ခြင်းများ၊ ခွဲစိတ်ခြင်းများကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာမူဘောင် အကြံပြုအလုပ်ရုံဆွေးနွေး

**စစ်တွေ ဧပြီ ၄**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာမူဘောင်အကြံပြုအလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃ ရက် နံနက် ၉ နာရီက စစ်တွေမြို့ Royal Sittwe ဟိုတယ်၌ ဆွေးနွေးသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တော၊ သတ္တုဝန်ကြီး ဦးကျော်လွင်၊ Mr. Christopher Carter,UN Senior Advisor တို့က တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေဇင်က မြန်မာနိုင်ငံရှိ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ တင်ပြခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များဆိုင်ရာ မဟာဗျူဟာမူဘောင် အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး UNDP အဖွဲ့မှ Mr. Martin Cosier က အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာမူဘောင်အကြောင်းနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက နယ်ပယ်ခေါင်းစဉ်အလိုက် အဓိကမူဝါဒ ဦးစားပေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးခြင်း၊ ပြန်လည်တင်ပြခြင်းများနှင့် သိရှိလိုသည့် အကြောင်းအရာများကို အကြံပြုဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။



အဆိုပါ အကြံပြုအလုပ်ရုံဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တော၊ သတ္တုဝန်ကြီး ဦးကျော်လွင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်လွှတ်တော်မှ ကိုယ်စားလှယ်တော်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ INGO, NGO များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ကိုင်တွယ် အသုံးပြုနည်းသင်တန်းဖွင့်

**ဘားအံ ဧပြီ ၄**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၏ ကြီးကြပ်မှုဖြင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ ရဲတပ်ဖွဲ့ဝင်သင်တန်းသား ၃၀ ဖြင့် ရက်သတ္တပတ်အကြာဖွင့်လှစ်ပို့ချသွားမည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း သင်တန်းအမှတ်စဉ်(၁/၂၀၁၇)ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရဲမှူးကြီးကြည်လင်းက ကရင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် ရဲတပ်ဖွဲ့ဝင်များအား ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်စေရန် Computer, Printer, Projector, Powerpoint, Copier, Fax နှင့် Gmail အသုံးပြုနည်းများကို ကွန်ပျူတာအခြေခံတတ်ကျွမ်းပြီးဖြစ်သော ရဲတပ်ဖွဲ့ဝင်များ နည်းပညာပိုင်းဆိုင်ရာများ ပိုမိုကျွမ်းကျင်စွာအသုံးပြုတတ်စေရန်အတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒု-ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဦးစီးအရာရှိများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မစခန်းမှူးများနှင့် နယ်မြေရဲစခန်းမှူးများ၊ ရဲကင်းစခန်းမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

## (ရွှေအိမ်ရော)အဝေးပြေးကားဝင်း ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးဆိုင်းဘုတ်တင်ပွဲပြုလုပ်

**အိမ်မဲ ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့တွင် (ရွှေအိမ်ရော) အဝေးပြေးကားဝင်း ယာဉ်ရပ်နားစခန်းတည်ဆောက်ရေး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မတ်လနောက်ဆုံးပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယာဉ်ရပ်နားစခန်းအတွက် မြေဧရိယာမှာ ၂ ဒသမ ၂၅ ဧကရှိပြီး အခန်းပေါင်း ၅၀ ပါဝင်မှာဖြစ်၍ ယာဉ်ရပ်နားစခန်းဆောက်လုပ်ပြီးစီးပါက မြို့နယ်ယာဉ်လိုင်းငါးလိုင်းအပါအဝင် မြို့ဝန်းကျင်ကျေးရွာများသို့ ပြေးဆွဲနေသော ယာဉ်ကြီး၊ ယာဉ်ငယ်များ အဆင်ပြေစွာရပ်နားနိုင်ရေးအတွက် မြို့မိမြို့ဖများနှင့် ရွှေရတနာသိန်းဆောက်လုပ်ရေးကုမ္ပဏီတို့ပူးပေါင်းကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်း၊ အိမ်မဲမြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **ဇော်မင်းသွင်(မြောင်းမြ)**

## မျက်စိရောဂါဝေဒနာခံစားနေရသူများအား ဝါးခယ်မတွင် သတ္တမအကြိမ်မြောက် အခမဲ့ ခွဲစိတ်ကုသပေးမည်

**ဝါးခယ်မ ဧပြီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူ မျက်စိဝေဒနာခံစားနေရသူများအား သတ္တမအကြိမ်မြောက်အဖြစ် စက္ခုပါလ မျက်စိအခမဲ့ ခွဲစိတ်ကုသပေးမှုကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)ရုံးခွဲ စက္ခုပါလဆေးခန်း၌ ဧပြီ ၂၁ ရက်မှစကာ သုံးရက်ကြာ စမ်းသပ်စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း စက္ခုပါလ မျက်စိ(အခမဲ့) ခွဲစိတ်ကုသရေးအဖွဲ့က ပထမအကြိမ်မှစကာ ဆဋ္ဌမအကြိမ်အထိ မြို့နယ်အတွင်းရှိ မျက်စိဝေဒနာခံစားနေရသူ ၄၅၁၀ အား စမ်းသပ်စစ်ဆေးပေးခဲ့ကြောင်းနှင့် မျက်စိ ၁၀၈၃ လုံး ခွဲစိတ်ပေးခဲ့ပြီး မျက်မှန်တပ်ဆင်ပေးသည့် အရေအတွက်မှာ ၂၁၄၁ ဦးရှိကြောင်း သိရသည်။

ယခုအခါ သတ္တမအကြိမ်မြောက်အဖြစ် ဝါးခယ်မမြို့နယ်အသင်း စက္ခုပါလမျက်စိအခမဲ့ကုသရေးအလုပ်အမှုဆောင်အဖွဲ့က ကြီးမှူးကာ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း၊ သုံးရက်အတွင်း လာရောက်ပြသသည့် လူနာနှင့် လူနာစောင့်တစ်ဦးအတွက် မနက်စာ၊ နေ့လယ်စာ၊ ညစာတို့ဖြင့် ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အလုပ်အမှုဆောင်အဖွဲ့နှင့်အတူ လုပ်အားဒါနကုသိုလ်ပါဝင်လိုသူများ၊ မျက်စိတစ်လုံးစာ အလှူရှင်အဖြစ် လှူဒါန်းပေးလိုသော အလှူရှင်များအနေဖြင့် မျက်စိခွဲစိတ်ခ ဆေးဖိုးအတွက်ပါ ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ပြီး မိမိစေတနာ သဒ္ဓါတရားထက်သန်သလောက် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း၊ ဆက်သွယ် လှူဒါန်းလိုပါက စက္ခုပါလအသင်းဥက္ကဋ္ဌ ဦးဝင်းတင့် ဖုန်း - ၀၉-၉၆၆၁၄၉၁၂၃၊ အတွင်းရေးမှူး ဦးစိုးတင့် ဖုန်း- ၀၉-၉၇၀၆၈၆၆၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

**အီဗရာဟီမိုဗစ်ရဲ့ နုပျိုခြင်းဆိုတာ၊ လန်ဒန်နာရီစင်ကြီးနားကနေ မခွာနိုင်တဲ့ ဆန်းချက်ဇ်၊ တရုတ်ကို မြန်မြန်ခွာဖို့တောင်းဆိုခံလိုက်ရတဲ့ ကော်စတာ၊ ရှဝိန်းစတိုင်ဂါအပေါ် ပြုမူမိတဲ့ ကိစ္စရပ်များအတွက် နောင်တစကားဆိုလိုက်တဲ့ မော်ရင်ဟို၊ မီဒီယာတွေကြား ပျံ့နှံ့ခဲ့တဲ့စီရိုနယ်လ်ဒိုရဲ့ ရုပ်တု ဖန်တီးရှင်ရဲ့ တုံ့ပြန်ချက်စတဲ့ သတင်းတွေကို ယခုရက်သတ္တပတ် ထူးခြားအားကစားသတင်းတွေအဖြစ် တင်ဆက်ပေးလိုက်ပါတယ်။**

## ခေတ်သစ်ဘင်ဂျမင် ဘက်တန်

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်က သူဟာ အသက်အရွယ်ကြီးလာလေလေ ခြေစွမ်းပြနိုင်လေဖြစ်ပြီး အခုထိ နုပျိုလတ်ဆတ်နေတယ်လို့ ခံစားရဆဲ ဖြစ်တယ်လို့ ဆိုခဲ့တာကြောင့် မီဒီယာတွေကတော့ သူ့ကို ဘင်ဂျမင် ဘက်တန်လို့ အမည်တပ်နေကြပြီဖြစ်ပါတယ်။ ဟောလိဝုဒ် နာမည်ကြီးမင်းသား ဘရက်ပစ်ဟာ ဘင်ဂျမင် ဘက်တန်ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ အသက်အရွယ်ကြီးရင့်လာလေ ပိုမိုနုပျိုသွားလေဖြစ်တဲ့ ဇာတ်ရုပ်မျိုးကို ပါဝင်သရုပ်ဆောင်ဖူးပါတယ်။ အီဗရာဟီမိုဗစ်ဟာ ကစားသမားဘဝကို ဆွီဒင်ကလပ် မယ်လ်မိုမှာ စတင်ခဲ့ပြီး အေဂျက်စ်၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘာစီလိုနာ၊ အေစီမီလန်၊ ပီအက်စ်ဂျီနဲ့ မန်ယူစတဲ့ မတူညီတဲ့ ကလပ်အသင်းတွေကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။

လက်ရှိ အချိန်မှာ အသက် (၃၅) နှစ်ရှိပြီဖြစ်ပြီး အီဗရာဟီမိုဗစ်ရဲ့ ထူးခြားချက်တွေထဲမှာ အသက် (၃၀) ကျော်လာကတည်းက တစ်ရာသီသွင်းဂိုး ၃၀ အထက် သွင်းနိုင်ခဲ့တာဖြစ်ပြီး အဲဒီအရွယ်မတိုင်မီတုန်းက တစ်ရာသီအတွင်း သွင်းဂိုး ၃၀ ပြည့်အောင် သွင်းယူနိုင်ခြင်းမရှိခဲ့ပါဘူး။ မှတ်မှတ်ရရ ၂၀၁၁-၂၀၁၂ ရာသီ အေစီမီလန်အသင်းမှာ ကစားစဉ်က ၃၅ ဂိုးစတင်သွင်းယူခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းနဲ့အတူ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ ရာသီတွေမှာ ၃၅ ဂိုး၊ ၄၁ ဂိုး၊ ဂိုး ၃၀ နဲ့ သွင်းဂိုး ၅၀ အသီးသီး သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် သူဟာ အသက်အရွယ် ကြီးရင့်လာပေမယ့် အိုမင်းမှုကို မခံစားရဘဲ ပိုတောင်နုပျိုနေတယ်ဆိုတာ ဟုတ်သလိုရှိပါတယ်။ ဒါကြောင့် မိုဗစ်က သူအသက်အရွယ်ကြီးလာတဲ့အချိန် တစ်နှစ်ထက်တစ်နှစ် ဂိုးသွင်းနှုန်းတွေ ပိုမိုတက်လာတဲ့အတွက် အီဗရာဟီမိုဗစ်ဟာ ဘင်ဂျမင် ဘက်တန်ရယ်လို့လှောင်ပြောင်ရေးသားနေကြတာဖြစ်ပါတယ်။

## နာရီစင်ကြီး သီချင်းညည်းဆို ဆန်းချက်ဇ်လည်းလေ

ဆန်းချက်ဇ်ဟာ ချီလီလက်ရွေးစင်အသင်းအတွက် ကစားနေရတဲ့ ကာလမှာ အာဆင်နယ်အသင်းနဲ့ သူ့အနာဂတ် ဆက် ရှိ မရှိဆိုတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး အတော်လေး မေးခွန်းထုတ်ခံခဲ့ရပါတယ်။ ဆန်းချက်ဇ်ကတော့ သူဟာ လန်ဒန်မြို့မှာ နေထိုင်ရတာ နှစ်ခြိုက်ပေမယ့် အောင်မြင်မှု ဆာလောင်စိတ်ရှိတဲ့ ချန်ပီယံဆုဖလားကိုင်မြှောက်နိုင်တဲ့ အသင်းတစ်ခုမှာသာ ကစားလိုတယ်လို့ ဆိုခဲ့တာကြောင့် ချယ်လ်ဆီးကို သွားဖို့ ဆန်းချက်ဇ် စကားခေါ်နေတာလို့ ထင်မြင်ချက်တွေလည်း ထွက်လာပါတယ်။

ဝင်းဂါးကတော့ လန်ဒန်မြို့ရဲ့ တစ်ခုတည်းသော အထင်ကရ အသင်းက အာဆင်နယ်သာဖြစ်ပြီး အာဆင်နယ်ကိုပဲ ရည်ရွယ်တာလို့ ပြောင်ကျကျ ငြင်းလိုက်ပါတယ်။ ဒါပေမယ့် ဝင်းဂါး ဘယ်လိုပဲ ငြင်းဆိုပါစေ၊ ဆန်းချက်ဇ်ဆီက ဒီလို စကားမျိုးထွက်လာပြီးတဲ့နောက်ပိုင်း ချယ်လ်ဆီးအသင်းရဲ့ နွေရာသီ အဓိကပစ်မှတ်က ဆန်းချက်ဇ်သာဖြစ်တယ်၊ ဆန်းချက်ဇ်နဲ့ ချယ်လ်ဆီးအသင်းတို့ ဆက်သွယ်မှုတွေ စတင်ဆောင်ရွက်နေပြီဆိုတဲ့ သတင်းတွေကြောင့် လန်ဒန်မြို့ရဲ့ နာရီစင်ကြီးတေးဆိုသံနဲ့ အသားကျနေတဲ့ ဆန်းချက်ဇ်တစ်ယောက် လန်ဒန်မြို့မှာပဲ ဆက်ရှိမှာဖြစ်ကာ အမ်းမရိတ်စ်နဲ့စတန်းဖို့ဒ်ဘရစ်ချ်ဆိုတဲ့ ကွင်းပဲ ပြောင်းသွားတာရှိမယ်လို့ ယူဆရပါတယ်။ ဒါပေမယ့် အချို့သော မီဒီယာများကတော့ အာဆင်နယ်ပရိသတ်များရဲ့ အချစ်တော် ဆန်းချက်ဇ်ဟာ အသင်းပြောင်းဖို့ ဆုံးဖြတ်ထားရင်တောင် အာဆင်နယ်အသင်းရဲ့ ခါးသီးတဲ့ မြို့ခံ ပြိုင်ဘက် ချယ်လ်ဆီးတော့ မဖြစ်လောက်ဘူးလို့ ရေးသားနေကြပါတယ်။

## တရုတ်ကို သွားရန်သင့်ပြီမို့

ချယ်လ်ဆီးက ခရစ္စတယ်ပဲလေ့စ်အသင်းကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်တဲ့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်း တိုက်စစ်မှူး ဒီယေဂို ကော်စတာဟာ အခွင့်အရေးကောင်းမြောက်မြားစွာကို ဖြုန်းတီးပစ်ခဲ့တာကြောင့် ချယ်လ်ဆီးပရိသတ်တွေက သူ့ကို တရုတ်ကိုသာ ရောင်းချလိုက်ပါတော့လို့ တွစ်တာစာမျက်နှာပေါ်မှတစ်ဆင့် မှတ်ချက်ပြုရေးသားကြပါတယ်။ ပရိသတ်အများစုက ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ပိုင်းကို ဦးဆောင်ခွင့်ရနေတဲ့ ကော်စတာနေရာ ဘတ်ရှုအာရီကိုသာ နေရာချကစားခြင်းကသာ ပိုပြီးအဆင်ပြေမယ်လို့ ထင်မြင်ချက်တွေလည်း ရှိနေပါတယ်။

ကော်စတာဟာ ယခုနှစ်ရာသီတောက်လျှောက် ခြေစွမ်းအတော်လေးကောင်းခဲ့ပေမယ့် ဇန်နဝါရီကာလ တရုတ်စူပါလိဂ်အသင်းတွေရဲ့ အလိုရှိဆုံး စာရင်းမှာ ပါဝင်ခွင့် ရလာပြီးနောက်ပိုင်း ခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းလာပြီး တစ်ပွဲထက်တစ်ပွဲ ဂိုးသွင်းနှုန်းကျဆင်းလာပါတယ်။ ပရိသတ်တွေကတော့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးတက်နေတဲ့ ကော်စတာကို တရုတ်ကိုသာ ပြောင်းရွှေ့ကြေး အမြောက်အမြားနဲ့ ရောင်းချခြင်းက အသင်းအတွက် အကျိုးရှိပြီး ရာသီလက်ကျန်ပွဲစဉ်တွေမှာလည်း နည်းပြ ကွန်တီအနေနဲ့ ဘတ်ရှုအာရီကိုသာ ပွဲထွက်စာရင်းအတွက် အသုံးပြုသင့်တယ်လို့ ထင်မြင်ချက်ပေးခဲ့ကြပါတယ်။

## နောင်တဆိုတာ နောင်မှရပေမယ့်

ဂျာမနီအသင်းနဲ့ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့တဲ့ ရှဝိန်းစတိုင်ဂါဟာ ယခုရက်သတ္တပတ်အတွင်း အမေရိကန်မေဂျာလိဂ်ကလပ်အသင်း ချီကာဂိုဖိုင်း(အား) အသင်းကို ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ပါတယ်။ စတိုင်ဂါဟာ ချီကာဂိုအသင်းနဲ့ ပွဲဦးထွက် ပွဲချိန် ၁၇ မိနစ်အချိန်မှာပဲ အဖွင့်ဂိုးကို သွင်းယူခဲ့ပြီးနောက် မန်ယူအသင်းသူ့ကို ရောင်းချခဲ့တာ မှားယွင်းတယ်ဆိုတာကို သက်သေပြသွားခဲ့ပါတယ်။ မန်ယူနည်းပြ မော်ရင်ဟိုကတော့ ဒီပွဲမကစားရခင်ကတည်းက မန်ယူအသင်းမှာ စတိုင်ဂါရှိစဉ် ဆက်ဆံခဲ့တဲ့ သူ့ရဲ့ အပြုအမူတွေနဲ့ ပတ်သက်ပြီး စိတ်မကောင်းဖြစ်ရသလို နောင်တလည်းရမိကြောင်း ဖွင့်ဟလိုက်ပါတယ်။

ရှဝိန်းစတိုင်ဂါကို မန်ယူနည်းပြဟောင်းဗန်ဟားလ်က ဘိုင်ယန်မြူးနစ်အသင်းကနေ ခေါ်ယူခဲ့တာဖြစ်ပြီး မော်ရင်ဟို ရောက်လာချိန်မှာ ကွင်းလယ်ကစားသမား အမ်ခီတာယန်နဲ့ ပေါ့ဘာတို့ကို ခေါ်ယူခဲ့တာကြောင့် စတိုင်ဂါ နေရာပျောက်နိုင်တယ်လို့ အစောပိုင်းကတည်းက သတင်းထွက်နေတာဖြစ်ပါတယ်။ တကယ်တမ်းမှာ ထွက်လာတဲ့ သတင်းတွေထက်တောင် ပိုမိုဆိုးရွားခဲ့ပြီး စတိုင်ဂါဟာ မန်ယူပထမအသင်းကြီးနဲ့တောင် လေ့ကျင့်ခွင့်မရဘဲ တစ်ဦးတည်းလေ့ကျင့်ရေး ဆင်းရတာမျိုး၊ သီးသန့်ဖယ်ထားခံရတာမျိုးတွေ ကြုံခံရပါတယ်။ ဒီလို စတိုင်ဂါအပေါ် ဆိုးဆိုးရွားရွား ဆက်ဆံခဲ့မှုအပေါ် ဘိုင်ယန်အသင်းတာဝန်ရှိသူတွေကလည်း ဒေါသထွက်ခဲ့ပြီး မော်ရင်ဟိုကို ကစားသမားတစ်ဦးရဲ့ဘဝကို သတ်နေတယ်လို့ စွပ်စွဲခဲ့သလို ကမ္ဘာ့ဖလားချန်ပီယံ၊ ချန်ပီယံလိဂ်ဆုရှင်တစ်ဦးကို ယခုလောက်အထိ နှိမ့်နှိမ့်ချချမဆက်ဆံသင့်ဘူးလို့ ပြောကြားခဲ့ဖူးပါတယ်။

မော်ရင်ဟိုက“ ကျွန်တော် စစချင်းသူ့အပေါ် ဆက်ဆံခဲ့မှုအပေါ် စိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ သူ့ကိုစပြီး စကားပြောခဲ့ချိန်မှာ ကစားသမားတစ်ဦး၊ ကျွန်တော်မဝယ်ယူခဲ့တဲ့ ကစားသမားတစ်ယောက်ဆိုတာထက် ပရော်ဖက်ရှင်နယ်တစ်ဦး၊ လူသားတစ်ဦးဆိုတဲ့အနေနဲ့ ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူက ကျွန်တော့်ကို သူ့ကို ထွက်ခွာခွင့်ပေးမလားလို့ မေးတဲ့အချိန်မှာ ကျွန်တော် ခေါင်းညိတ်ခဲ့တာဖြစ်ပါတယ်။ ဒါက ဘာလို့လဲဆိုရင် ကျွန်တော့်အနေနဲ့ လူတစ်ယောက်အပေါ် ဒုတိယအကြိမ်မမှားချင်တော့လို့ပါလို့ ဖွင့်ချခဲ့ပါတယ်။

## လူ့အလို နတ်မလိုက်နိုင်

မာဒီးယား လေဆိပ်မှာ ထားရှိတဲ့ ပေါ်တူဂီစတား စီရိုနယ်လ်ဒိုရဲ့ ကြေးရုပ်တု လက်ရာနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေ ထွက်လာခဲ့ပြီးနောက် ဒီရုပ်တုကို ဖန်တီးတဲ့ ပညာရှင် ဆန်းတို့စ်က“ လူတိုင်းအပြောလွတ်အောင် ဘုရားသခင်တောင်လုပ်နိုင်မှာ မဟုတ်ဘူး” ဆိုတဲ့ စကားနဲ့ ပြန်လည်ချေပခဲ့ပါတယ်။ မက်ဒီးယား လေဆိပ်မှာ ဒီရုပ်တုကို ထားရှိခြင်းအခမ်းအနား ဖွင့်လှစ်ခဲ့ပြီးနောက် အကြည့်ရဆိုးလွန်းတဲ့ ရုပ်တုရယ်လို့ မြင်တဲ့သူအတော်များများက ဝေဖန်ခဲ့ပါတယ်။ စီရိုနယ်လ်ဒိုရဲ့ ဇာတိမြေ မာဒီးယားကျွန်းမြို့ လေဆိပ်မှာ ဒီရုပ်တုကို ဂုဏ်ပြုထားရှိဖို့ ယူရို ၂၀၁၆ ပြိုင်ပွဲမတိုင်မီကတည်းက စီစဉ်ခဲ့တာဖြစ်ပါတယ်။

ဆန်းတို့စ်ကတော့“ ကျွန်တော့်အနေနဲ့ သူ့ရဲ့ အစ်ကိုကတစ်ဆင့် သူ့ကို ဒီရုပ်တုကို ဓာတ်ပုံရိုက် ပေးပို့ပြီးကတည်းက သူသဘောကျပါတယ်လို့ အကြောင်းပြန်ပြီးသားပါ။ ကျွန်တော့်ဘက်ကလည်း အချိန်၊ လုံ့လ၊ အနုပညာ ဒါတွေ အကုန်လုံး အစွမ်းကုန်ပေးဆပ်ပြီး အကောင်းဆုံး ဖန်တီးခဲ့တာပါ။ စီရိုနယ်လ်ဒိုက ရုပ်တုဖွင့်ပွဲကို တက်ရောက်လာချိန်မှာ သူ့အနေနဲ့ အခုလို ရုပ်တုထားရှိခံရတဲ့အတွက် ကျေနပ်ကြောင်းနဲ့ အမှတ်တရ ဖန်တီးပေးတဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ကျေးဇူးတင်ကြောင်း ဆိုခဲ့ပါသေးတယ်။ ဒါကြောင့် အနုပညာရှင် ဆန်းတို့စ်ပြောသလို ကာယကံရှင် ကျေနပ်တဲ့ကိစ္စကို စကားလုပ်ဝေဖန်နေတဲ့ လူတွေဟာ “ သိကြားမင်း လူယောင်ဆောင်ရင်တောင် ချိုကားတယ်” လို့ ဝေဖန်နေကြဦးမလားပါပဲ။ ။

မေလှဲ့သင်း

ရေးသားသည်။














# နှစ်ပတ်လည်ပါတီပွဲကို ဆင်နွှဲခဲ့ကြတဲ့ လီမင်ဟိုနဲ့ ဆူဇီ



တောင်ကိုရီးယားရဲ့ နာမည်ကျော် ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ လီမင်ဟိုနဲ့ ဆူဇီတို့နှစ်ဦးဟာ သူတိုရဲ့ချစ်သူသက်တမ်း နှစ်နှစ်ပြည့်အထိမ်းအမှတ်ပါတီပွဲတစ်ခုကို မကြာသေးမီက ကျင်းပခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

သရုပ်ဆောင်နဲ့ မော်ဒယ်လ်တစ်ဦးအဖြစ် ကျော်ကြားတဲ့ လီမင်ဟိုနဲ့ တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Miss A"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တေးဂီတလောကမှာသာမက သရုပ်ဆောင်နယ်ပယ်မှာပါ အောင်မြင်မှုတွေရရှိနေတဲ့ ဆူဇီတို့ဟာ ရင်းနှီးတဲ့ သူငယ်ချင်းတွေနဲ့ မိတ်ဆွေတွေကို ဖိတ်ကြားကာ ပြီးခဲ့တဲ့လကုန်မှာ ပါတီပွဲကျင်းပခဲ့တာ ဖြစ်ကြောင်းလည်း သိရပါတယ်။

လီမင်ဟိုနဲ့ ဆူဇီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် မတ်လအတွင်း ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဒီလိုချစ်သူတွေအဖြစ် တရားဝင်လက်တွဲလာခဲ့ရင်းက ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာနဲ့ စက်တင်ဘာလတွေအတွင်း နှစ်ဦးသားလမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေဟာ တောင်ကိုရီးယားမီဒီယာတွေအကြား ဆက်တိုက်ပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမယ့် ကာယကံရှင်နှစ်ဦးစလုံးက အဆိုပါကောလာဟလတွေဟာ လုံးဝမမှန်ကန်ကြောင်းနဲ့ သူတို့နှစ်ဦးဟာ အချစ်တွေမပျယ်သေးဘဲ ချစ်ခင်နေဆဲဖြစ်ကြောင်း ပြန်လည်ရှင်းချက်ထုတ်ခဲ့ပါတယ်။

နာမည်ကျော် ကြယ်ပွင့်တွေဖြစ်ကြတာကြောင့် များပြားလှတဲ့ အနုပညာလှုပ်ရှားမှုတွေကိုယ်စီ ရှိနေကြကာ တစ်ဦးနဲ့တစ်ဦး အချိန်မပေးနိုင်ကြပေမယ့် နှစ်ဦးအကြားမှာ ရှိနေတဲ့ အချစ်တွေကတော့ ယုတ်လျော့သွားခြင်းမရှိကြောင်းနဲ့ ပရိသတ်တွေအနေနဲ့လည်း လီမင်ဟိုနဲ့ ဆူဇီတို့အတွက် ဆုတောင်းပေးကာ ဆက်လက်အားပေးစေလိုကြောင်းလည်း အောကေပေ့ါပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။ ❑

# ကန်းထရီးတေးဂီတအပေါ် သစ္စာမပျက်တဲ့ ဂီတကြယ်ပွင့်စုံတွဲ



ကန်းထရီးတေးဂီတတွေကို အစဉ်တစိုက်သီဆိုခဲ့ပြီး ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ ဖိတ်သ်ပေးနဲ့ တင်မစ်ဂရောတို့ဟာ မကြာမီက ကျင်းပပြီးစီးခဲ့တဲ့ "Country Music Awards 2017"ဆုပေးပွဲအခမ်းအနားရဲ့ ကော်ဇောပေါ် လျှောက်လှမ်းစဉ်မှာတော့ ကန်းထရီးတေးဂီတအစပြုရာ အမေရိကန်နိုင်ငံတောင်ပိုင်းဒေသကလူတွေရဲ့ ဝတ်စားဆင်ယင်မှုအတိုင်း ဝတ်ဆင်ခဲ့တာကြောင့် ကန်းထရီးတေးသီချင်းတွေကိုသာ သီဆိုတဲ့တေးသံရှင်တွေပီသစွာ မိမိတို့နှစ်သက်ရာ တေးဂီတအမျိုးအစားအပေါ် သစ္စာရှိသူတွေဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းက ချီးကျူးဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၂ ရက်က အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မှာ ကျင်းပခဲ့တဲ့ ယခုနှစ်အတွက် ကန်းထရီးတေးဂီတဆုပေးပွဲဟာ (၅၂)ကြိမ်မြောက်ဆုပေးပွဲဖြစ်ပြီး ကိတ်အာဘန်နဲ့ နီးကိုလ်ကစ်ဒ်မန်းတို့ကဲ့သို့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတွေအပါအဝင် အခြားသော ကန်းထရီးတေးသံရှင်တွေလည်း စုံလင်စွာ တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

ယခုနှစ်အတွက် ကျင်းပခဲ့တဲ့ ကန်းထရီးတေးဂီတဆုပေးပွဲမှာ တင်မစ်ဂရောက သူ့ရဲ့တေးသီချင်းသစ် "umble and Kind"အတွက် တစ်နှစ်တာအကောင်းဆုံး တေးသီချင်းဆုအပါအဝင် ဆုပေါင်းသုံးဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ကာ မောင်နှံနှစ်ဦးတွဲဖက်ကာ သူတို့ရဲ့ စုံတွဲတေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Speak to a Girl"နဲ့ ဆုပေးပွဲအခမ်းအနားမှာ ပါဝင်ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။ အဆိုပါဖျော်ဖြေမှုဟာ "Speak to a Girl"တေးသီချင်းထွက်ရှိခဲ့တဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးသော ရုပ်သံဖျော်ဖြေမှုဖြစ်တယ်လို့လည်း သိရပါတယ်။

တင်မစ်ဂရောနဲ့ ဖိတ်သ်ပေးတို့ဟာ သူတို့နှစ်ဦးလက်တွဲခဲ့တဲ့ နှစ် (၂၀) ကျော်ကာလအတွင်း ပထမဆုံးသော စုံတွဲတေးအယ်လ်ဘမ်ကို လတ်တလာမှာ ပြင်ဆင်နေတာဖြစ်ပါတယ်။ ဒ့ါအပြင် သူတို့နှစ်ဦးရဲ့ နယ်လှည့်ဖျော်ဖြေအမှုတွေကိုလည်း ပြီးခဲ့တဲ့ ဆယ်နှစ်တာကာလအတွင်း ရပ်နားထားခဲ့ရာမှ မကြာမီပြန်လည်စတင်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

# သီချင်းသစ်အတွက် အမှတ်တရ တက်တူးထိုးခဲ့တဲ့ ဇေးမာလိခ်






ဗြိတိန်အမျိုးသားပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ဇေးမာလိခ်ဟာ သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်ရဲ့ အမည်အတိုကောက်ကို လက်ပေါ်မှာ တက်တူးရေးထိုးခဲ့ကာ တေးသီချင်းသစ်အတွက် အမှတ်တရတစ်ခုကို ဖန်တီးခဲ့ကြောင်း အမ်တီဗီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဇေးမာလိခ်ဟာ မကြာသေးမီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှတစ်ဆင့် သူ့ရဲ့တက်တူးသစ်လေးနဲ့ ပရိသတ်ကို မိတ်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ ဇေဖော်ပြခဲ့တဲ့ ဓာတ်ပုံအရ သူ့ရဲ့လက်ပေါ်မှာ "SGT" ဆိုတဲ့ အင်္ဂလိပ်အက္ခရာသုံးလုံးနဲ့အတူ ရက်စွဲတစ်ခုဖြစ်တဲ့ "2 4 17"လို့ တက်တူးရေးထိုးထားတာကို တွေ့ခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။

"SGT"ဟာ ဇေရဲ့ မကြာမီထုတ်လွှင့်တော့မှာဖြစ်တဲ့ တေးသီချင်းသစ် "Still Got Time"အတွက် အတိုကောက်ရေးထိုးခဲ့တာဖြစ်ပုံရပြီး "2 4 17"ဟာတော့ ရက်စွဲတစ်ခုကို ရည်ညွှန်းပုံရပါတယ်။ ဇေရေးထိုးခဲ့တဲ့ ရက်စွဲဟာ တေးသီချင်းထုတ်လွှင့်မယ့်ရက်လို့ ယူဆခဲ့ပေမယ့် ပြီးခဲ့တဲ့ ဧပြီ ၂ ရက်မှာ တေးသီချင်းသစ်ကို ထုတ်လွှင့်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် ယင်းနေ့စွဲဟာ တက်တူးထိုးခဲ့တဲ့ရက်ကို ရည်ညွှန်းနေတာလားရယ်လို့လည်း ဝေဖန်ခဲ့ပေမယ့် ဇေဟာ အသိရခက်တဲ့ လျှို့ဝှက်တဲ့ အရာတွေကိုလုပ်ဆောင်ရတာ နှစ်သက်တဲ့သူဖြစ်တာကြောင့် တက်တူးရဲ့ ရည်ညွှန်းချက်ကို ပြောရခက်နေပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့တေးသီချင်းသစ်ကိုတော့ ပရိသတ်အများက ရင်ခုန်စောင့်မျှော်နေကြောင်းနဲ့ မီဒီယာတွေကလည်း တေးသီချင်းသစ် စတင်ထုတ်လွှင့်မယ့်ရက်ကို မပြတ်စောင့်ကြည့်နေကြကြောင်းလည်း သိရပါတယ်။

# ဝင်ငွေအကောင်းဆုံးသောရုပ်ရှင် "The Boss Baby"

ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ရုပ်သံဖန်တီးမှုရှင် "The Boss Baby"ဟာ တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဖြစ်ခဲ့ကြောင်းနဲ့ ယခင်က ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် သီတင်းနှစ်ပတ်အကြာ ရပ်တည်နိုင်ခဲ့တဲ့ ဒစ်စနေရဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ် "Beauty and the Beast"ဟာတော့ ပြီးခဲ့တဲ့သီတင်းပတ်ရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင် ၁၀ ကားစာရင်းမှာ ဒုတိယနေရာကို ဆင်းသက်သွားခဲ့ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ်ရပ်တည်နိုင်ခဲ့တဲ့ "The Boss Baby"ဟာ မိသားစုဇာတ်လမ်းတစ်ခုဖြစ်ပြီး အဖွင့်သီတင်းပတ်မှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၉ သန်းခန့်ရရှိခဲ့တာဖြစ်ပါတယ်။ စတင်ရုံတင်ခဲ့တဲ့ သီတင်းပတ်ဖြစ်ပေမယ့် "Ghost in the Shell"ရုပ်ရှင်ကတော့ ဝင်ငွေအကောင်းဆုံးရုပ်ရှင် ၁၀ ကားစာရင်းမှာ တတိယနေရာသာ ရရှိခဲ့တာဖြစ်ပါတယ်။ မင်းသမီး စကားလတ်ဂျိုဟန်စန် ခေါင်းဆောင်ပါဝင်ထားတဲ့ ယင်းရုပ်ရှင်ကတော့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၉ သန်း ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဗြိတိန်ကြယ်ပွင့် အမ်မာဝပ်ဆန် ခေါင်းဆောင်ပါဝင်ထားတဲ့ "Beauty and the Beast"ရုပ်ရှင်ဟာ ရုံတင်ခဲ့တဲ့ တတိယမြောက်သီတင်းပတ်အပြီးမှာတော့ ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ်ရပ်တည်နေကာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅ သန်း ရရှိခဲ့တာဖြစ်ပါတယ်။

ဖော်ဘီကထုတ်ပြန်ခဲ့တဲ့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးရုပ်ရှင် ၁၀ ကားစာရင်းမှာ ပါဝင်နေတဲ့ အခြားသောရုပ်ရှင်တွေကတော့ "Power Rangers"၊ "Kong: Skull Island"၊ "Logan"၊ "Get Out"၊ "Life (2017)"၊ "CHIPs" နဲ့ "The Zookeeper's Wife" တို့ဖြစ်ကြကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**








# အနုပညာအထက်တန်းကျောင်း(မန္တလေး)ကျောင်းဆင်းလက်ရာမွန်ပြသ၊ စင်တင်ကပွဲဖျော်ဖြေ



**မန္တလေး ဧပြီ ၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အနုပညာအထက်တန်းကျောင်း(မန္တလေး) ကျောင်းဆင်းလက်ရာမွန်ပြပွဲနှင့် စင်တင်ကပြဖျော်ဖြေပွဲကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ (၆၆) လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောတို့ တက်ရောက်အားပေးပြီး ပန်းချီ၊ ပန်းပုသင်တန်းဆင်းလက်ရာမွန်များ လှည့်လည်ကြည့်ရှုပြီး ပန်းချီဌာနမှ လက်တွေ့သရုပ်ပြရေးဆွဲနေမှုအား ကြည့်ရှုအားပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပန်တျာဌာနနှင့် ပန်းချီ၊ ပန်းပုဌာနမှ ထူးချွန်ဆုရသင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။

ဆက်လက်၍ အနုပညာအထက်တန်းကျောင်း(မန္တလေး)ပန်တျာဌာနသင်တန်းဆင်းများက ဘုရားကန်တော့ခန်း၊ အပျိုတော်၊ သွက်လက်မြူးကြွမင်းသားအက၊ ဂါရဝဦးတင်ကန်တော့ဆင်ပန်း၊ တီးကွက်မြိုင်ဆိုင် အလှချင်းပြိုင်၊ ဆန်းသစ်လှပမင်းသမီးအက၊ ချိုမြသံသာဆိုင်းပညာ စသည့်ပဒေသာကပွဲအစီအစဉ်များ၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် စန္ဒကုမာရဇာတ်တော်ကြီးတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အနုပညာအထက်တန်းကျောင်း(မန္တလေး)သည် နိုင်ငံတော်၏ဦးတည်ချက်၊ ရည်မှန်းချက်များနှင့်အညီ အနုပညာဘာသာရပ်များကို သုံးနှစ်ကာလအတွင်း သူ့အပိုင်းနှင့်သူ စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပေးသောကျောင်းဖြစ်ပြီး နိုင်ငံတော်အတွက် အနုပညာရှင်ပေါင်းမြောက်များစွာ မွေးထုတ်ပေးခဲ့သောကျောင်းဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

## ကျွန်းလှမြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးသီးများကျ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်အမိုးများပျက်စီး



**ကျွန်းလှ ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်းတွင် ဧပြီ ၂ ရက် ညနေ ၆ နာရီ မိနစ် ၅၀ က လေပြင်းတိုက်ခတ်ပြီး မိုးသီးများကျ၍ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်အချို့ အမိုးများပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယင်းသို့ သဘာဝဘေးအန္တရာယ်ကြောင့် ထိန်တောကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း၊ ဆေးခန်းဟောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် လူနေအိမ် ၃၆ လုံး အမိုးများပျက်စီးပြီး နွားလေးကောင်ဒဏ်ရာရရှိ၍ နွားမတစ်ကောင်နှင့် အိမ်မွေးကြက်အကောင် ၆၀၀ သေဆုံးသွားကြောင်း သိရသည်။

ယင်းနောက် ရွာဘင်းကျေးရွာတွင် ဆွမ်းစားဆောင်၊ ဆေးပေးခန်း၊ ဆရာ ဆရာမနေအိမ်နှစ်လုံးနှင့် လူနေအိမ် ၈၄ လုံး အမိုးများပျက်စီးသွားကြောင်း၊ ရေယိမ်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်း၊ ဆရာ၊ ဆရာမနေအိမ်လေးလုံးနှင့် လူနေအိမ် ၂၁ လုံး အမိုးများပျက်စီးသွားပြီး အိမ်မွေးကြက်အကောင် ၈၀၀ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ခန့်နှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုကြပြီး ထိန်တောကျေးရွာ အသက် ၉၃ နှစ်ရှိ အဘိုးဦးအာနီ၏ ပျက်စီးသွားသောနေအိမ်အတွက် သွပ် ၆၈ ချပ်၊ သွပ်သံ ငါးပိဿာ၊ သံငါးပိဿာနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ သစ်တောပြုန်းတီးမှု၊ ကုန်းနေ၊ ရေနေ သတ္တဝါမျိုးစိတ်များ မပျောက်ကွယ်ရေးရှင်းလင်း

**ကော့သောင်း ဧပြီ ၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် လှိုင်ဂူကျွန်းတွင် KMOT Co,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အပန်းဖြေစခန်းတည်ဆောက်ခြင်းစီမံကိန်း CAVERN ISLAND RESORT PROJECT နှင့်ပတ်သက်၍ NEPS Co., Ltd. မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်း (ESIA)(SIA) ဆိုင်ရာလုပ်ဆောင်ချက်များ ရှင်းလင်းခြင်းအခမ်းအနားကို မတ် ၃၁ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ ဂါးဒင်းဟိုတယ်ခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှင်းလင်းပွဲတွင် လှိုင်ဂူကျွန်း CAVERN ISLAND RESORT PROJECT ဆိုင်ရာကိစ္စရပ်များအား KMOT Co., Ltd. မှ တာဝန်ခံ ဦးအောင်ကျော်ကျော်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း (ESIA) (SIA) လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးလုပ်ဆောင်ချက်များအား NEPS Co., Ltd . မှ အဖွဲ့ခေါင်းဆောင် ဦးအေးမြင့်က ရှင်းလင်းပြောကြားပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင် ပါမောက္ခဦးညိုမောင်က စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ သစ်တောပြုန်းတီးမှု၊ ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ်များ မျိုးတုံးမပျောက်ကွယ်ရေး ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုအခြေအနေ သိလိုသည့် မေးမြန်းချက်များအား တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ CAVERN ISLAND RESORT PROJECT အား မြန်မာနိုင်ငံသားပိုင် KNL Development Co.,Ltd နှင့် ထိုင်းနိုင်ငံ Infinite Cration Co.,Ltd တို့ ပူးပေါင်းဖွဲ့စည်းထားသည့် KMOT Co.,Ltd. မှ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု အက်ဒမန်ပင်လယ်အတွင်းရှိ CAVERN ISLAND (လှိုင်ဂူကျွန်း) ပေါ်တွင် ကျွန်းမြေဧရိယာ ၁၅၈ ဧက အသုံးပြုကာ သစ်ပင်၊ ကျက်စားနေထိုင်သည့်ရေနေကုန်းနေသတ္တဝါ၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေဘဲ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်များ အနားယူအပန်းဖြေနိုင်ရေးရည်ရွယ်ကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံ၍ လာမည့်သုံးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ဆန်းသစ်သည့် ဘူးသီးပန်းချီနှင့် အုန်းခွက်ပန်းချီကားများကို စိတ်ဝင်စားမှုများပြားလာ



**မန္တလေး ဧပြီ ၄**

စိတ်ကူးသစ်များဖြင့် တီထွင်ရေးဆွဲထားသော ဘူးသီးပန်းချီနှင့် အုန်းခွက်ပန်းချီကားများကို ရန်ကုန်မြို့ရှိ ပန်းချီပြခန်းများ လက်မှုပစ္စည်းအရောင်းဆိုင်များသို့ တွင်ကျယ်စွာ တင်ပို့ပေးလျက်ရှိသည်။ ဘူးသီးခြောက်နှင့် အုန်းခွက်ပေါ်တွင် လက်ရာမြောက်စွာရေးဆွဲထားသည့် ပန်းချီကားများကို စိတ်ဝင်စားမှု ပိုမိုများပြားလာကြောင်း သိရသည်။

စစ်ကိုင်း-မန္တလေးလမ်း မြေပဲတန်းရပ် အမရပူရမှ ပုလင်းပန်းချီဦးချစ်မြက "ဘူးပန်းချီဖန်တီးဖို့ရာအတွက် ဗူးသီးခြောက်အရွယ်အစားပေါ်မူတည်ပြီး လိုက်ဖက်မည့်အရုပ်တွေကိုရေးပါတယ်။ ပထမဆုံး ဘူးသီးအထိုင် အနေအထားကိုကြည့်ပြီး မျက်နှာပုံသဏ္ဌာန်ထားလို့ကောင်းတဲ့နေရာကို ရွေးချယ်ရပါတယ်။ အများစုကတော့ ဘိုမရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဆံထောက်လေးများ၊ ပုဂံအရုပ်၊ ဇီးကွက်ရုပ်နှင့် အခြားရုပ်ပုံများကို သရုပ်ဖော်ရေးဆွဲရပါတယ်။

ဘူးပန်းချီဖန်တီးမှုမှာ တစ်ရက်ကို လေးလုံးအထိပြီးပါတယ်။ ဘူးပန်းချီနဲ့အတူ အုန်းခွက်ပန်းချီ၊ ပုလင်းပန်းချီတွေကိုပါ ရေးဆွဲပါတယ်။ အုန်းခွက်ပန်းချီမှာ တိုင်းရင်းသားပုံ၊ မြန်မာနိုင်ငံရဲ့ အထင်ကရနေရာ၊ ရိုးရာလိုင်း ရွှေရေးပန်းချီလို့ခေါ်တဲ့ အုန်းခွက်ပေါ်မှာ ဆေးရောင်အနီအနက်၊ ရွှေရောင်တွေနဲ့ ရေးတဲ့ ပန်းချီကားတွေ အားထားရေးဆွဲပါတယ်။

ဘူးပန်းချီတွင် အကြီးဆုံးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀၀၊ အလတ်ဆိုဒ်တစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀၊ အသေးဆုံးကို ငွေကျပ် ၁၀၀၀၀ ရောင်းချပါတယ်။ အုန်းခွက်ပန်းချီကားတစ်ခုကို ငွေကျပ် ၂၀၀၀၀ ရောင်းပါတယ်။ အုန်းခွက်အတွင်းပုံတူရေးလျှင် တစ်ကားငွေကျပ် ၅၀၀၀၀ နဲ့ရောင်းပါတယ်။ လက်ရှိကာလမှာ ဘူးပန်းချီ၊ အုန်းခွက်ပန်းချီတွေကို စိတ်ဝင်စားမှုများပြားလာတဲ့အတွက် ရန်ကုန်မြို့ကို အများဆုံးတင်ပို့ပေးနေရပါတယ်" ဟု ရှင်းပြသည်။

**တိမ်တမန်**

## လက်တွေ့မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်

**ဗန်းမော် ဧပြီ ၄**

ဗန်းမော်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကျရောက်လာပါက မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ နယ်မြေခံတပ်မတော်သားများ ပူးပေါင်း၍ ကျွမ်းကျင်ပိုင်နိုင်စွာ မီးငြိမ်းသတ်နိုင်စေရေး ဗန်းမော်ခရိုင်မီးသတ်ဦးစီးဌာနနှင့် ဗန်းမော်တပ်နယ်မှူးရုံးတို့ပူးပေါင်း၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၂ ရက် နံနက် ၈ နာရီက အမှတ်(၂၁)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဗန်းမော်တပ်နယ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ ဗန်းမော်ခရိုင်မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းခိုင်က မီးလောင်မှုဖြစ်ပွားရသည့် အခြေခံအကြောင်းအရင်း၊ မီးလောင်မှုဖြစ်စဉ်များတွင် ပစ္စည်းသယ်ယူထွက်ပြေးတိမ်းရှောင်ခြင်း၊ ကူညီခြင်းမရှိဘဲ ဝိုင်းအုံကြည့်ရှုခြင်းများအား ရှောင်ရှား၍ နီးစပ်ရာမီးငြိမ်းသတ်နိုင်သည့်ကိရိယာများဖြင့် မီးငြိမ်းခြင်း၊ မီးသတ်ဆေးဘူးအား အသုံးပြု၍မီးငြိမ်းသတ်ခြင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုအား မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်ခုနစ်စီးနှင့် မီးသတ်ဆေးဘူးများအသုံးပြုကာမီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသကာ တက်ရောက်လာသည့် တပ်နယ်မှ အရာရှိစစ်သည်များက ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးနှင့် အဝတ်ရေစိုများအသုံးပြု မီးငြိမ်းသတ်ခြင်းအား လက်တွေ့လေ့ကျင့်ခဲ့ပြီး မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်ရာသို့ ဗန်းမော်တပ်နယ်မှ အရာရှိစစ်သည် ၂၀၀ ကျော် ပူးပေါင်းပါဝင်လေ့ကျင့်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ခံစားပီတိ မျှဝေမိသည်

ဇော်စန်းမြင့်



သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကို တစ်ချိန်ကဦးဆောင်ခဲ့သောသက်ကြီးဆရာသမားများအား ပူဇော်ကန်တော့ပွဲ၊ အသက် (၈၀) အထက် အသင်းသားများအား သက်ကြီးပူဇော်ပွဲ၊ ဝန်ထမ်းဟောင်းများ မိတ်ဆုံစားပွဲနဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ အသင်းသားများအတွက် ဒါနပြုအလှူပွဲတို့ကို သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းက (၂၆. ၃. ၂၀၁၇) နေ့မှာ ပထမအကြိမ်အဖြစ် အောင်မြင်စွာ သိုက်သိုက်ဝန်းဝန်း ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

**ဆရာသမားများရဲ့ မုဒိတာစကား**

မကျင်းပမီကတည်းက အခမ်းအနားအောင်အောင်မြင်မြင်ပြုလုပ်နိုင်ရေးအတွက် အမှုဆောင်အားလုံး စည်းဝေးကြ၊ အလှူရှင်များထံ ကိုယ်တိုင်အလှူခံသွားကြ၊ ကန်တော့ခံသက်ကြီးဆရာသမားများထံ ကိုယ်တိုင်သွားဖိတ်စာပို့ကြ၊ မုဒိတာစကားများနာခံကြ၊ အခမ်းအနားပြင်ဆင်ကြနဲ့ အမှုဆောင်အားလုံး မမောနိုင်မပန်းနိုင်ဆောင်ရွက်ခဲ့ကြတာပေါ့။ ဆရာသမားများ အိမ်ကိုယ်တိုင် ဖိတ်စာသွားပို့တဲ့နေ့ကဆို ရာသီဥတုကလည်းပူတော့ မောပန်းကြရတယ်။ ဆရာသမားအိမ်ရောက်တော့ ဆရာသမားများရဲ့ ပြုံးရွှင်တဲ့အပြုံး၊ ဖော်ရွေတဲ့နှုတ်ဆက်ဟန်၊ ချိုသာတဲ့မုဒိတာစကားများကြားရပြီး အမောတွေပြေခဲ့ရတယ်။

"ငါတို့သက်ကြီးရွယ်အိုတွေကို တကူးတကလာဖိတ်တာ ဝမ်းသာတယ်ကွာ" လို့ဆိုသူကဆို။

"ဒီလိုအသင်းမျိုးရှိတယ်ဆိုတာ မသိပါဘူးကွာ။ ဝန်ထမ်းဟောင်းတွေအကျိုး၊ ပင်စင်စားသက်ကြီးတွေရဲ့အကျိုးတွေ ပြုလုပ်ပေးတော့ အတိုင်းမသိ ဝမ်းသာတယ်ကွာ။ ငါတို့လည်း တစ်ဖက်တစ်လမ်းက ပါဝင်မယ်။ အသင်းဝင်မယ်"လို့ ပြောသူကပြော။

"အားပေးတယ်။ အောင်မြင်အောင်ဆက်လုပ်ကြပါကွာ" လို့ အားရပါးရ တိုက်တွန်းသူကတိုက်တွန်း။

"အခုပွဲကြီးက ငါတို့လို သက်ကြီးအငြိမ်းစားတွေကို ငယ်ရွယ်သူဝန်ထမ်းဟောင်းတွေနဲ့ ပြန်လည်ဆုံတွေ့ရအောင် စီစဉ်ပေးတဲ့ပွဲပေါ့။ ပျော်စရာကြီး။ လာချင်ပါရဲ့ကွာ။ ကျေးဇူးလည်းတင်ပါရဲ့။ အသက်ကလည်းကြီး၊ ကျန်းမာရေးအခြေအနေအရတော့ မလာနိုင်တော့ပါဘူး" လို့ ဝမ်းသာအားရစကားဆိုသူကဆိုကြ။

"အသင်းအမှုဆောင်များနဲ့ စီစဉ်သူအားလုံး ကျန်းမာချမ်းသာကြပါစေ။ အသင်းကြီးအောင်မြင်ပါစေ" လို့ မေတ္တာပို့သူကပို့နဲ့ ကြည်နူးစရာစကားသံတွေက ရင်ကိုအေးမြပြီး အမောပြေခဲ့ရတယ်။

**အခမ်းအနားစတင်**

အခမ်းအနားကျင်းပတဲ့ မတ်လ ၂၆ ရက်နေ့ကပေါ့။

အိမ်ကနေ မနက် ၇ နာရီလောက် ဘုန်းကြီးကျောင်းကို ထွက်ခဲ့တယ်။ ကျောင်းရှေ့လက်ဖက်ရည်ဆိုင်မှာ ဝိုင်းကူကြမယ့်အဖွဲ့တွေကို နံနက်စာကျွေးဖို့လေ။ လက်ဖက်ရည်သောက်လို့မှမပြီးသေး လက်ကိုင်ဖုန်းကမြည်လာတော့တယ်။

"ဒကာကြီး ကျောင်းမှာ ဧည့်သည်တွေရောက်နေကြပြီ" တဲ့။ ဒါနဲ့ လက်ဖက်ရည် ကမန်းကတန်းမော့ပြီး ကျောင်းကိုပြေးရတော့တယ်။ ကိုယ်က ဧည့်သည်ကိုကြိုရမယ့်အစား ဧည့်သည်က ကိုယ့်ကိုပြန်ကြိုနေလေရဲ့။

"ကျွန်တော်က အငြိမ်းစားတစ်ဦးပါဗျာ။ အသင်းဝင်တစ်ဦးပေါ့။ အသက် (၈၀) ကျော်ပြီဆိုတော့ ကန်တော့ခံဖို့လာတာပါ။ ဒီလိုပွဲမျိုး တစ်ခါမှမတက်ဖူးတော့ စိတ်ထဲမှာ အလွန်ပျော်နေမိတယ်။ စိတ်စောပြီး ညက တစ်ညလုံးအိပ်မရတော့ စောစောပဲလာမိတာပါ။ လုပ်ဆောင်ပေးသူအားလုံး ကျန်းမာချမ်းသာပါစေဗျာ"လို့ နှုတ်ဆက်စကားသံကြားခဲ့ရတယ်။

> ဆရာသမားအိမ်ရောက်တော့ ဆရာသမားများရဲ့ ပြုံးရွှင်တဲ့အပြုံး၊ ဖော်ရွေတဲ့နှုတ်ဆက်ဟန်၊ ချိုသာတဲ့မုဒိတာစကားများကြားရ . . .
>
> မြင်ကွင်းက တော်တော့်ကို ကြည်နူးပီတိဖြစ်ရတဲ့ မြင်ကွင်း . . .
>
> ကန်တော့ပွဲပြီးလို့ မိတ်ဆုံစားပွဲလုပ်တော့လည်း ဆရာသမားတွေရဲ့အနားမှာ တပည့်တွေက ကိုယ့်မိဘများသဖွယ် ဝိုင်းဝိုင်းလည်ပြုစုနေတဲ့ မြင်ကွင်းကလည်း ရင်ဝယ်ပီတိ သာခုအလီလီ . . .

**ပျော်စရာမြင်ကွင်း**

သိပ်မကြာဘူး၊ ဝန်ထမ်းဟောင်းတွေ၊ အငြိမ်းစားတွေ၊ ဆရာသမားတွေ၊ ဧည့်သည်တွေ တဖွဲဖွဲရောက်လာခဲ့ကြတယ်။ ရောက်လာတဲ့ဧည့်သည်တွေကို လုပ်အားပေးတွေက အပေါက်ဝမှစောင့်ကြိုရင်း ကြိုဆိုကြ၊ စုပေါင်းဓာတ်ပုံရိုက်ကြ၊ နေရာပေးကြ၊ ဝိုင်းဖွဲ့စကားပြောကြ၊ ထိုင်ကန်တော့ကြနဲ့ ပျော်စရာမြင်ကွင်းကြီးပါဗျာ။



**အခမ်းအနားစတင်**

ဧည့်ပရိသတ်ကလည်းစုံ၊ ကန်တော့ခံဆရာသမားများလည်းစုံ၊ ကန်တော့ခံသက်ကြီးအသင်းသားများလည်းစုံတော့ စောစောပဲ အခမ်းအနားစတင်ကြတယ်။

အခမ်းအနားအစီအစဉ်အရ ပထမဆုံးသတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးနဲ့ ၂၀၁၇-၂၀၁၉ ဘဏ္ဍာနှစ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ပြုလုပ်ခဲ့တယ်။ အမှုဆောင်သစ်ရွေးချယ်ဖို့ အသင်းသားထဲက စေတနာ့ဝန်ထမ်း အမှုဆောင်တွေ ဖိတ်ခေါ်ခဲ့တယ်။ ဖိတ်ခေါ်နေဆဲမှာပဲ တက်ရောက်လာတဲ့ ဝန်ထမ်းဟောင်းတစ်ဦးက လက်ရှိအမှုဆောင်များပဲ ဆက်လက်တာဝန်ယူကြပြီး အသင်းကြီး ဒီထက်တိုးတက်အောင် ဆောင်ရွက်ပေးကြပါလို့ အဆိုတင်သွင်းတော့ တက်ရောက်လာသူ ဧည့်ပရိသတ်တွေရော၊ အသင်းသားတွေရောပါ လက်ခုပ်လက်ဝါးတီးပြီး ဝမ်းပန်းတသာ ထောက်ခံခဲ့ကြတယ်။ ဒါ့အပြင် စေတနာ့ဝန်ထမ်း အမှုဆောင်သစ်နှစ်ဦးကိုလည်း ထပ်မံရရှိခဲ့ကြတယ်။

**ရည်စူးဒါနပြု**

ဒုတိယအစီအစဉ်က ကွယ်လွန်သူအသင်းသားများအတွက် ရည်စူးဒါနပြုပွဲပေါ့။ ကွယ်လွန်သွားခဲ့တဲ့အသင်းသားငါးဦးအတွက် သံဃာတော်ငါးပါးပင့်ဖိတ်ပြီး ကွယ်လွန်သူအသင်းသားများရဲ့ မိသားစုများကိုယ်တိုင် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းစေခဲ့ပြီး ကျောင်းရှိသံဃာတော်အပါး ၁၀၀ ကိုလည်း ဆွမ်းဆက်ကပ်လှူဒါန်းစေခဲ့တယ်။

**စုပေါင်းညီညာ ကန်တော့ကြ**

လှူဒါန်းမှုအစုစုအတွက် အမျှဝေခဲ့ကြ၊ သာဓုခေါ်ခဲ့ကြနဲ့ ကြားရတော့ ကြည်နူးမှုဖြစ်မိခဲ့ကြတယ်။ ဆက်လက်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကို တစ်ချိန်ကဦးဆောင်ဦးရွက်ပြုခဲ့ကြတဲ့ သက်ကြီးဆရာသမားများအား ပူဇော်ကန်တော့ခြင်း၊ အသက် (၈၀) အထက် အသင်းသားကြီးများအား ကန်တော့ခြင်းတို့ကို ပြုလုပ်ခဲ့ကြတယ်။ အသင်းအမှုဆောင်များရော တက်ရောက်သူ တပည့်တပန်းတွေကပါ ဆရာသမားကြီးများကို ကန်တော့ခံနေရာသို့ တွဲ၍ပို့ဆောင်ကြပြီး စုပေါင်းညီညာစွာ ကန်တော့ချီးဖြင့် ကန်တော့ခဲ့ကြတယ်။

ကန်တော့အပြီးမှာတော့ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ [စာတည်းမှူးချုပ် (ငြိမ်း)၊ ကြေးမုံ]၊ ဦးခင်မောင်ကျော်ဒင် (စာတည်းမှူးချုပ်၊ ကြေးမုံ) နဲ့ အမှုဆောင်များက ကန်တော့ပစ္စည်းများကို ဆရာသမားများထံ ကိုယ်တိုင်ကိုယ်ကျ ဂါရဝပြုပေးအပ်ခဲ့ကြတယ်။ ကန်တော့ခံဆရာသမားများထဲမှ ကြေးမုံ ဦးသော် (၉၄) နှစ်ရယ်၊ ဦးခင်မောင်အေး [ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)] (၈၅) နှစ်တို့က မုဒိတာစကားများ ပြန်လည်ချီးမြှင့်တာ ကြားရတော့ ဝမ်းသာပီတိဖြစ်ခဲ့ကြရတယ်။

**အင်တာဗျူးကြ**

အွန်လိုင်းမီဒီယာတို့၊ သတင်းမီဒီယာအဖွဲ့တို့ကလည်း ဆရာကြီးတို့ရဲ့ မှတ်သားစရာစကားများကို အင်တာဗျူးလုပ်ကြတယ်၊ သီးသန့်အလှူရှင်တွေကလည်း ငွေတို့၊ ဆေးတို့၊ လက်ဖက်ခြောက်တို့၊ တရားခွေတို့၊ တရားစာအုပ်တို့ကို ကိုယ်တိုင်ကိုယ်ကျ တစ်ဦးချင်းစီသို့ လှူဒါန်းခဲ့ကြတယ်။ ဒီမြင်ကွင်းက တော်တော့်ကို ကြည်နူးပီတိဖြစ်ရတဲ့ မြင်ကွင်းတစ်ခုပေါ့။ ကန်တော့ပွဲပြီးလို့ မိတ်ဆုံစားပွဲလုပ်တော့လည်း ဆရာသမားတွေရဲ့ အနားမှာ တပည့်တွေက ကိုယ့်မိဘများသဖွယ် ဝိုင်းဝိုင်းလည်ပြုစုနေတဲ့မြင်ကွင်းကလည်း ရင်ဝယ်ပီတိ သာခုအလီလီခေါ်ဆိုမိခဲ့ရတဲ့မြင်ကွင်းပေါ့။ အခမ်းအနားပြီးလို့ ပြန်ကြတော့လည်း "နောင်နှစ်ခါလည်း ပြန်လည်ဆုံတွေ့ကြပါစို့" တဲ့။

**လှိုက်လှိုက်လှဲလှဲကျေးဇူးတင်**

ပထမအကြိမ်ကျင်းပခဲ့တဲ့ အခမ်းအနားကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပြီးပါပြီ။

ဒီလို အောင်အောင်မြင်မြင်ဖြစ်အောင် သတင်းများ၊ ဆောင်းပါးများ၊ ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြပေးကြတဲ့ ကြေးမုံသတင်းစာတိုက်၊ မြန်မာတိုင်းမ်နေ့စဉ်နဲ့ မြန်မာ့အလင်းသတင်းစာတိုက်၊ အသံလွှင့်မီဒီယာတွေ၊ ဝိုင်းဝန်းကူညီ လုပ်အားပေးကြတဲ့ စာနယ်ဇင်းလုပ်ဖော်ကိုင်ဖက် မောင်နှမတွေ၊ တက်ရောက်ချီးမြှင့်ပေးကြတဲ့ ဆရာသမားတွေနဲ့ ဝန်ထမ်းဟောင်းတွေ၊ အလှူရှင်တွေနဲ့ ကျေးဇူးတင်ထိုက်သူတွေအားလုံး. . . အားလုံးတို့ကိုလည်း အသင်းအမှုဆောင်အဖွဲ့ကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါတယ်လို့ သတင်းစကားဆိုရင်း ခံစားပီတိအား မျှဝေမိလိုက်ပါတော့သည်။ ။


www.seingayhar.com | Visit www.facebook.com/seingayhar for more updates.
Sky Mart SUPERMARKET
Sein Gay Har
Bi Weekly Specials
BIG DEAL!
1 - 28 April 2017
ပျော်ရွှင်စရာကောင်းသော မြန်မာ့ရိုးရာနှစ်သစ်အတာသင်္ကြန်တွင်
Sein Gay Har မှ ဈေးဝယ်သူအပေါင်းကို
ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း တောင်းဆုပြုအပ်ပါသည်။
BUY 1 , GET 1 Free
Bertolli Classio Olive Oil 1L 18,500 Ks Buy1 Get1
Bertolli Classio Olive Oil 500 mL 9,000 Ks Buy1 Get1
Campbelli Cream of Mushroom, Mushroom Seafood, Cream of Chicken, Creamy Chicken Mushroom 300g 1,900-2,400 Ks Buy1 Get1
Highway Spiced Pork Cubes 142g 2,000 Ks Buy1 Get1
Hosen Mackerel in Tomato Sauce 425g 1,600 Ks Buy1 Get1
Cadbury Drinking Chocolate 250g 5,000 Ks Buy1 Get1
Golden Crunch Rice Cracker 63g 1,300 Ks Buy1 Get1
Cheese Senbei Rice Cracker 58g 1,300 Ks Buy1 Get1
Sempio Apple Vinegar 500ml 3,000 Ks Buy1 Get1
Holiday Tea Time!
Tipo Cream Egg Cookies 220g
Natty Yogurt Jelly 450g
Buy1 Get1
Royal Myanmar Teamix 600g
T - Shirt
Buy2 Get1
Magic Butter Twin Crackers Sandwich & Vegetable (20g x 24) 1,700Ks 1,450Ks
Euro Gussen Wafers (22g x 12) 2,300Ks 2,000Ks
Summer Drinks & Snacks
Queen Orange 750 ml 2,100 Ks 1,900 Ks
100 Plus 1.5 L 1,200 Ks 1,000 Ks
Pokka 240ml
Buy-5 (Orange+Lychee+Strawberry) Get-1 (Strawberry 240ml)
Hand Brand Pumpkin Seeds 75g 1,150 Ks 1,000 Ks
Family's Kitchen
Buy -1 Get -1
4,400Ks Buy-1, Get-1 Flat Spoon
Hosen Half Apricots 825g 2,900Ks 2,700Ks
Highway Stewed Pork Ribs 397g 4,000Ks 3,600Ks
Hosen Select Cornichons 350g 2,000Ks 1,850Ks
Electronics & Digital
Lifestraw Home Water Purifier 1L 30,000Ks 28,000Ks
Korean Queen Water Purifier 24L 30,000Ks 27,500Ks
Samsonic,BCD-132 2 Door Refrigerator 75W 185,000Ks 175,000Ks
UK,FS 40-4133/138 Delux 16" Stand Fan 55W 33,000Ks 26,000Ks
Between 1:00pm - 4:00pm
@ Super Centre (Pyay Road)
1 - 12 April 2017
သင်္ကြန်ပွဲတော်အတွက် နေ့လည် ၁နာရီမှ ၄နာရီအတွင်း ကျပ်တစ်သောင်းဖိုး ဝယ်ယူလျှင် 5,000 Ks Savings Coupon ရရှိပါမည်။
Buy 10,000 Ks Get 5,000 Ks
ထို 5,000 Ks Coupon များကို ပြည်လမ်းစိန်ဂေဟာတွင် နောက်ထပ်ကျပ်ငါးသောင်းဖိုးနှင့်အထက် ဝယ်ယူမှုများအတွက် အသုံးပြုနိုင်ပါသည်။
Terms & conditions applied
Personal Care & Sanitary Products
Super Colour Hair Dye (80ml x 2) 8,00Ks 6,50Ks
Body Spray 7,00Ks 5,00Ks
SK Herbal Facial Mask 25g 1,700Ks 1,400Ks
Herballines Facial Wash 180g
15% off


www.seingayhar.com | Visit www.facebook.com/seingayhar for more updates.
Sky MART SUPERMARKET
Sein Gay Har
Bi Weekly Specials
BIG DEAL!
1 - 28 April 2017
ပျော်ရွှင်စရာကောင်းသော မြန်မာ့ရိုးရာနှစ်သစ်အတာသင်္ကြန်တွင်
Sein Gay Har မှ ဈေးဝယ်သူအပေါင်းကို
ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း တောင်းဆုပြုအပ်ပါသည်။
Best Bags for TRAVEL
Luggage 20'' 26,000Ks 23,500Ks
Luggage 24'' 30,500Ks 27,500Ks
Luggage 24'' 38,000Ks 30,000Ks
Travel Bag 12,500Ks 9,800Ks
Travel Bag 5,800Ks 4,500Ks
Men's Shirt & Longyi
Men's Alter Shirt 10,000Ks 9,500Ks
Men's Alter Shirt 9,000Ks 7,500Ks
10,600Ks 9,800Ks ရွှေပြည်ဝန် Special Quality
6,000Ks 5,700Ks
5,500Ks 5,000Ks
Watches & Sunglasses
Sunglass 4,500Ks 4,000Ks
Sunglass 3,000Ks 2,500Ks
Digital Watch 20,500Ks 19,000Ks
4,500Ks 3,500Ks
Sunglass 7,500Ks 6,500Ks
Menswear for Summer
Fancy Shoes 5,000Ks 3,500Ks
Men's T-Shirt 5,500Ks 3,800Ks
Men's T-Shirt (L) 6,400Ks 5,800Ks
(S) 6,000Ks 5,600Ks
(XS) 5,900Ks 5,200Ks
Men's T-Shirt 9,500Ks 8,000Ks
Men's Tank Top 3,800Ks 2,600Ks
Men's Short Pants
Buy - 1 3,500Ks 2,500Ks
Buy - 2 7,000Ks 4,000Ks
Womenswear for Summer
Women's Hand Bag 13,000Ks 9,500Ks
Women's Hand Bag 9,500Ks 7,500Ks
Women's Diaphanous Rain Jacket 3,500Ks 2,500Ks
Women's Short T-Shirt 5,000Ks 3,400Ks
6,500Ks 5,000Ks
Women's Short Skirt 4,000Ks 2,500Ks
Women's Short Pants 5,500Ks 3,500Ks

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန် လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့်စိတ်ဓာတ်ဖြင့် နိုင်ငံ့တာဝန် အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့် ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစား ဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**





**ရောင်းမည်**
**(နှစ်ခါမရသောနေရာ)**
ဗိုလ်တထောင်မြို့နယ်၊
(၄၄)လမ်းအောက်၊
(ပ)ထပ်၊ (၂၅×၅၀)ပေ၊
ဖုန်း-၀၉၅၁၆၅၃၁၁

**ငှားမည်**
ကမာရွတ်၊ အောင်မြေသာစည်
68'x73' ခြံတွင် 30'x40'အိမ်ပါ
(3MB,5AC,Ph)နှစ်ရှည်ငှားမည်။
Phone-09-73220635

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေ့တိုင်းမှအခမဲ့)
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

**SEVEN ၀ံ**
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးရေသည်၊
ပွဲခ လုံးဝ မယူပါ
09-33 333 511
09-33 333 514
09-33 333 644

**STAR**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330





**"၂၈-၃-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာပါ Moon Sun Trading Co.,Ltd. မှ ဒေါ်နှင်းဝတ်ရည်(ဘ) ဦးကြည်ဝင်း[၇/တငန(နိုင်)၀၈၇၃၉၆] "လှရတနာ" စက်သုံးဆီအရောင်းဆိုင်နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း"**

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ၁၁-ရပ်ကွက်နေ (ဘ)ဦးကြည်ဝင်း၏ သမီးဖြစ်သူ ဒေါ်နှင်းဝတ်ရည်[၇/တငန(နိုင်)၀၈၇၃၉၆] "လှရတနာ"စက်သုံးဆီရောင်းဝယ်ရေးလုပ်ကိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူမှ "လှရတနာ"အမည်ဖြင့် စက်သုံးဆီရောင်းဝယ်ရေးလုပ်ကိုင်ခြင်းအပေါ် လူကြီးမင်းကုမ္ပဏီမှ စက်သုံးဆီများ ပေးပို့ခဲ့ခြင်းမှန်သော်လည်း လူကြီးမင်းကုမ္ပဏီနှင့် ကျွန်ုပ်၏ အမှုသည်တို့အကြား ၇-၁၁-၂၀၁၆ရက်က မည်သည့်ကတိစာချုပ် တစ်စုံတစ်ရာကိုမျှ ပြုလုပ်ချုပ်ဆိုခဲ့ခြင်းမရှိကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရပါသည်။

ထို့ပြင် လူကြီးမင်းကုမ္ပဏီမှပေးပို့သော ၈-၂-၂၀၁၇ ရက်စွဲပါ အကြောင်းကြားစာအပေါ် ကျွန်ုပ်၏အမှုသည်ဖြစ်သူမှ ၁၆-၂-၂၀၁၇ ရက်စွဲပါစာဖြင့် ပေးပို့အကြောင်းပြန်ကြားခဲ့ပြီးဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရပါသည်။

ထိုသို့ လူကြီးမင်းကုမ္ပဏီနှင့် ကျွန်ုပ်၏အမှုသည်ဖြစ်သူတို့အကြား ၇-၁၁-၂၀၁၆ရက်တွင် မည်သည့်ကတိစာချုပ်ကိုမှ ချုပ်ဆိုခဲ့ခြင်းမရှိပါလျက် ၂၈-၃-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာပါ Moon Sun Trading Co.,Ltd. မှ ဒေါ်နှင်းဝတ်ရည်(ဘ)ဦးကြည်ဝင်း[၇/တငန(နိုင်)၀၈၇၃၉၆] "လှရတနာ" စက်သုံးဆီအရောင်းဆိုင်နှင့် အများသိစေရန် ကြေညာခြင်းသည် မမှန်မကန်ဖော်ပြကြေညာခြင်းဖြစ်၍ ကျွန်ုပ်၏အမှုသည်တွင် ဂုဏ်သိက္ခာများစွာ ထိခိုက်နစ်နာရပါသည်။

ထို့ကြောင့် လူကြီးမင်းကုမ္ပဏီအနေဖြင့် ၂၈-၃-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာပါ Moon Sun Trading Co.,Ltd. မှ ဒေါ်နှင်းဝတ်ရည် (ဘ) ဦးကြည်ဝင်း[၇/တငန(နိုင်)၀၈၇၃၉၆] "လှရတနာ"စက်သုံးဆီအရောင်းဆိုင်နှင့် အများသိစေရန် ကြေညာချက်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၈၀၁)**
**အမှတ်-၃၈၈၊ လဲဘူးကျေးရွာ၊ တောင်ငူမြို့။**

# အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ယနေ့ ကျင်းပမည်ဖြစ် အိမ်ရှင်မြန်မာအသင်း အဆင့် (၇) နေရာလုပွဲသာ ယှဉ်ပြိုင်ရမည်



ဆီမီးဖိုင်နယ်ပွဲတွင် ဂျပန်နှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**နေပြည်တော် မေ ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် အဆင့် (၅၊ ၈) နေရာလုပွဲကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အဆင့် (၇)နေရာလုပွဲသာ ကစားရမည်ဖြစ်ပြီး ဗိုလ်လုပွဲအဖြစ် ဂျပန်နှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆင့် (၅၊ ၈) နေရာလုပွဲတွင် ထိုင်းအသင်းက အိမ်ရှင်မြန်မာအသင်းကို သုံးပွဲပြတ်၊ တရုတ်(တိုင်ပေ)အသင်းက သြစတြေးလျအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာ

**စာမျက်နှာ ၇ ကော်လံ ၅ သို့**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၄**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေမည်ဖြစ်သည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်း သတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလဖြစ်သည့် မေ ၁၅ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၆ ရက်တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)**

# Miss Myanmar World 2017 အလှမယ် စာနယ်ဇင်းမိတ်ဆက်

**ရန်ကုန် မေ ၄**

Channel-7 နှင့် Forever Bec-Tero တို့က ပူးပေါင်းစီစဉ်တင်ဆက်သည့် စတုတ္ထအကြိမ်မြောက် Miss Myanmar World 2017 အတွက် ရွေးချယ်ထားသော ဆန်ခါတင်ပြိုင်ပွဲဝင် အလှမယ် ၂၀ အား စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အလှမယ်များအနေဖြင့် Activity လုပ်ဆောင်ချက်များကို Miss Myanmar World Organization နှင့်အတူ နှစ်လအကြာ ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပြီး Winner ဆုရရှိသည့် အလှမယ်မှာ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် နိုင်ငံတကာအလှမယ်များနှင့် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆုကြေးများအနေဖြင့် Winner ဆုရရှိသူအား ဆုကြေးငွေ သိန်းတစ်ရာနှင့်အတူ Forever Gems by Shwe Nan Daw မှ အမေရိကန်ဒေါ်လာ ၂၅၀၀၀ တန် သရဖူနှင့် Air Asia မှ အမေရိကန်ဒေါ်လာ ၁၇၀၀၀ တန်ဖိုးရှိ Ticket ကို ရရှိမည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲ၏ Activities လှုပ်ရှားမှုများကို Channel-7 ရုပ်သံလိုင်းမှ မေ ၂၀ ရက်မှ ဇွန် ၄ ရက်အထိ အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တွင် ည ၇ နာရီခွဲမှ ၈ နာရီ ၁၅ မိနစ်အထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး Grand Final ပွဲကြီးကို ဇွန် ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊**
**ဓာတ်ပုံ ခင်မောင်ဝင်း (ကြေးမုံ)**



ဦးကိုနီ၊ ဒေါ်ဂျာနန်လထောနှင့် ဦးအောင်မျိုးမင်းတို့အား ဥရောပသမဂ္ဂက Schuman Award ပေးအပ်ချီးမြှင့်
စာမျက်နှာ - ၇

မျက်စိရောဂါဝေဒနာခံစားနေရသူများအား ဝါးခယ်မတွင် သတ္တမအကြိမ်မြောက် အခမဲ့ ခွဲစိတ်ကုသပေးမည်
စာမျက်နှာ - ၁၆

ဆန်းသစ်သည့် ဘူးသီးပန်းချီနှင့် အုန်းခွက်ပန်းချီကားများကို စိတ်ဝင်စားမှုများပြားလာ
စာမျက်နှာ - ၁၉



DECO-LAND GROUP
DECO
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Cast Coated
Duplex
Grey Chip Board
Triplex Paper
Yaeni Paper
Ivory Board
Medium Paper
Test Liner
Kraft Liner
PEC Coated

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Perfume Card
Pearlesent Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 01 684292, 684405~08